
www.burmeseclassic.com

ဘာမင်းသိခ်ဆိုတာ

ဤကမ္ဘာမြေကို ခေတ္တအလည်အပတ်ရောက်ရှိခဲ့တဲ့

သူတစ်ဦး.....



# မင်းသိခ် အတ္ထုပ္ပတ္တိ

မင်းသိမ်းခိုင်


ရွှေရဓမ်းထူးလင်း

www.burmeseclassic.com

www.burmeseclassic.com

//မျဉ်းပြိုင်စာပေ

အဘမင်းသိင်္ခဆိုတာ
ဤကမ္ဘာမြေကို ခေတ္တအလည်အပတ်ရောက်ရှိခဲ့တဲ့
သူတစ်ဦး.....



# မင်းသိင်္ခ အတ္ထုပ္ပတ္တိ

မင်းသိမ်းခိုင်
ရွှေရစ်ထူးလင်း

မျဉ်းပြိုင်စာပေ
အမှတ် (၁၀၅)၊ ၄ လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – 09 4500 21819
E-mail : parallelbook1@gmail.com

www.burmeseclassic.com

www.burmeseclassic.com

**မောင် . . .**

ပိတည်းတစ်ယောက်
ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်
အားမထုတ်ဘူး။
အာဂယောကျ်ား
ရှေ့လူများတို့
ကြိုးစားအားထုတ်
ပိန္နာလုပ်ပြီး ဒုက္ခသည်ပေါင်း
ကူညီကြောင်းကို
စာပေဟောင်းဆိုသည်
ငါ့ကိုလေများ စိတ်ခေါ်သလား . . . .

www.burmeseclassic.com

www.burmeseclassic.com

ဤမြေကမ္ဘာသို့ ဧည့်သည် အလည်အပတ်ရောက်ရှိခဲ့သူ...မင်းသိမ်းအတ္ထုပ္ပတ္တိ


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ကာလ | ➤ | ၂၀၁၅ ခုနှစ်၊ ဧပြီ<br>ပထမအကြိမ်၊ အုပ်ရေ(၅၀၀) |
| ထုတ်ဝေသူ | ➤ | ဒေါ်သင်းသင်းမွန်<br>သင်း စာပေ (၀၄၂၃၂)<br>အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊<br>၁၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ➤ | ဦးသော်လွင်မြင့်<br>စန္ဒကူးရောင်စုံပုံနှိပ်တိုက် (၀၆၃၄၅)<br>အမှတ် (9-H)၊ နဝရတ်လမ်းသွယ်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့. |
| တန်ဖိုး | ➤ | ၅၀၀ ကျပ် |

ဤမြေကမ္ဘာသို့ ဧည့်သည်အလည်အပတ်ရောက်ရှိခဲ့သူ...မင်းသိမ်းအတ္ထုပ္ပတ္တိ
မင်းသိမ်းခိုင်(ရွှေရမ်းထူးလင်း)
သင်း စာပေ၊ ၂၀၁၅၊
၂၃၂-စာ၊ ၁၃ × ၂၀စင်တီမီတာ။
ဤမြေကမ္ဘာသို့ ဧည့်သည်အလည်အပတ်ရောက်ရှိခဲ့သူ...မင်းသိမ်းအတ္ထုပ္ပတ္တိ

## ဖြန့်ချိရေး

မျိုးပြိုင်စာပေ
အမှတ် (၁၀၅)၊ ၄ လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – 09 4500 21819
E-mail : parallelbook1@gmail.com


www.burmeseclassic.com

www.burmeseclassic.com

# ယုန်ရုပ်ထုသူ

သင့်ကိုပြောချင်ပါတယ်.....

ကျွန်းတုံးကြီးတစ်တုံးယူပြီး ပန်းပုဆရာဆီကိုသွားပါ.....

ပြီးတော့ ယုန်ရုပ်တစ်ရုပ် ထုပေးပါလို့ .... ပန်းပုဆရာကိုပြောပါ

ပန်းပုဆရာ ယုန်ရုပ်ထုတာကို သင်ကိုယ်တိုင် သေသေချာချာ ထိုင်ကြည့်နေပါ။

ပန်းပုဆရာဟာ ဆောက်နဲ့ လက်ရိုက်ယူပြီး သင့်ရှေ့မှာတင် ယုန်ရုပ်ကို ထုနေတာ မဟုတ်ပါဘူး။

ကျွန်းတုံးကြီးမှာရှိတဲ့ ယုန်ရုပ်မဖြစ်မယ့်အသားတွေကို ဆောက်နဲ့ဖဲ့ချနေတာဖြစ်တယ်....

ယုန်ရုပ်က သူ့အလိုလိုပေါ်လာတာ မဟုတ်ဘူးလား....

ဒီလိုပါပဲ... ဗေဒင်ကို မှန်အောင်ဟောမယ်ဆိုပြီး လုပ်လို့မရပါဘူး၊ မှားနေတဲ့အရာတွေကို ဖဲ့ချပြီးပါပဲ ...

အဲဒီလို သဘောပေါက်သွားရင် သင်ဟာ ဗေဒင်တစ်ခုထဲကိုတင် တတ်မြောက်သွားတာ မဟုတ်ဘူး...

အရာရာကို သဘောပေါက်သွားတာဖြစ်တယ်....။

www.burmeseclassic.com

www.burmeseclassic.com

# ဤမြေကမ္ဘာသို့ခေတ္တအလည်အပတ်ရောက်ရှိခဲ့သူ ...မင်းသိမ်အတ္ထုပ္ပတ္တိ

## မာတိကာ


| | |
|---|---|
| ဤစာအုပ်ဖြစ်ပေါ်လာပုံ | ၁ |
| ငယ်နာမည် အချိန်စာရင်းပေးတော့ အမည်ရင်း မောင်အေးညွန့် | ၃ |
| အငြိုးအာဃာတ | ၁၁ |
| ဘဝစိန်ခေါ်မှုများ | ၁၃ |
| အိမ်ထောင်သုံးကြိမ်ပြုပြီး မိန်းမနှစ်ယောက်ပဲရခဲ့သူ | ၁၉ |
| ယောက္ခမအိမ်မှအပြန် | ၂၅ |
| ရဲနီအောင်ထွန်း | ၃၅ |
| ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ | ၃၈ |
| ဗေဒင်ပညာအစ | ၃၉ |
| ထွက်တော်မူ မြို့က ရွာလေပြီ | ၄၁ |
| ယုံကြည်ချက်အတွက် ထောင်(၇)နှစ်(သို့)ပထမအကြိမ် | ၄၅ |
| ထောင်ထဲမှာ အင်္ဂလိပ်စာသင် | ၅၂ |
| ဘဝစုံပညာစုံသူ | ၅၆ |
| ဗေဒင်ဆရာမြင့်စိုးအောင် နှင့် တွေ့ဆုံခန်း | ၅၉ |
| စကြဝဠာတရက ဗေဒင်ပညာ | ၆၃ |
| ပုတီးသမား | ၆၆ |
| မင်းသိမ်အစ ထောင်ကြီးက | ၆၉ |
| အဘမင်းသိမ်၏ စာရေးဆရာ(ကလောင်)နာမည်များ | ၇၅ |
| အောင်ထွန်းမှ မင်းသိမ်ဖြစ်ပြီ | ၇၇ |
| မင်းသိမ်၏ရင်ထဲမှ မနောကြာဖြူ | ၈၃ |
| ၁၉၈၈ မတိုင်မီ မင်းသိမ် | ၈၇ |
| ၈၈ ခုနှစ် အရေးတော်ပုံနှင့် မင်းသိမ် | ၉၃ |
| အိမ်မှ စထွက်ပြီ | ၉၉ |
| သကြာချေးလို့မရဘူး | ၁၀၃ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| မင်းသိမ်ကို ဖမ်းဝရမ်းထုတ်လိုက်ပြီ | ၁၁၅ |
| ထောင်တစ်သက်တစ်ကျွန်း | ၁၁၉ |
| အမေ | ၁၂၁ |
| မိခင်ဖြစ်သူ၏ အားပေးစကား | ၁၂၉ |
| ဥျမ် | ၁၃၁ |
| ထောင်မှ လွတ်လာပြီးနောက် | ၁၄၃ |
| ဆရာမင်းသိမ်မှ ဆရာကြီး မင်းသိမ် သို့ | ၁၄၅ |
| ဆရာကြီး မင်းသိမ်မှ အဘဆရာကြီး မင်းသိမ်သို့ | |
| မဟာဂန္ဓာရီ ခရီးသည်ကြီး | ၁၄၉ |
| မဟာဂန္ဓာရီခရီးအစ | ၁၅၃ |
| အမိဌာန် အစွမ်းပြပြီ | ၁၅၅ |
| မရမ်းတလင်းတောသို့ | ၁၆၁ |
| အရမ်းသတင်းကြီးသည့် မရမ်းတလင်းခြံ (အယူတော်မင်္ဂလာခြံ) | ၁၆၅ |
| မနောမယထမင်းစကျွေးပြီ | ၁၇၄ |
| ပွဲကျောင်းသားမှ မြန်မာပြည်သား | ၁၇၇ |
| မင်းသိမ်၏ အကောင်းဆုံးအချိန်များ | ၁၈၄ |
| အဘမင်းသိမ်၏ ကျန်းမာရေး | ၁၉၅ |
| ဆေးရုံကဆင်းပြီ | ၂၀၅ |
| ကျန်းမာရေး ဆိုးဝါးလာခြင်း | ၂၀၉ |
| ဆရာအို၏ တပည့်များသို့ ပန်ကြားလွှာ | ၂၁၁ |
| အဘမင်းသိမ်၏ နောက်ဆုံးအချိန်များ | ၂၁၅ |
| နိမိတ်ပြပြီ | ၂၁၇ |
| ဇဗဒင်ပညာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့ | ၂၂၃ |


www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ် အတ္ထုပ္ပတ္တိအကျဉ်း

## ငယ်ဘဝ

ဦးစံရှိန် အမိဒေါ်တင်တို့မှ ၁၉၃၉ခုနှစ် ဇွန်လ ၂၅ရက် ၁၃၀၁ ခုနှစ် ပထမဝါဆို လဆန်း ရက် တနင်္ဂနွေနေ့ နံနက် ၇နာရီ ၅၈ မိနစ်တွင် မဂ္ဂင်လမ်း၊ ကျောက်မြောင်း၌ ွားခဲ့သည်။ မဟာဘုတ်သိုက်ဖွား၊ ကရကရာသီဖွား၊ ယုန်နှစ်ဖွား ၇ ဂဏန်းသမား သည်။ ၂၉၅ ဘိုးလိန်းလမ်း၊ ကျောက်မြောင်း၌ ကလေးဘဝ။ မိဘတွေပေးတဲ့ နာမည်က င်အေးညွန့် ကျောင်းစတက်တော့ မောင်အောင်ထွန်းလို့နာမည်ပြောင်း။

## ကျောင်းသားဘဝ

ကျောက်မြောင်း၊ ဒဂုံသီရိလမ်း ဆရာစိုး အလွတ်ပညာသင်ကျောင်းမှာ မူလတန်း။ စိန့်ပေါလ် ထ. က ၆ ဗိုလ်တစ်ထောင်)၊ ကျောက်မြောင်းအထက်တန်းကျောင်း (အ. ထ. က ၁ ာမွေ)၊ တာမွေအထက်တန်းကျောင်း (အ. ထ. က ၂ တာမွေ)၊ တောင်မြင်းပြိုင်ကွင်းလမ်းက ကောလိပ် (တာမွေ အ. မ. က ၁၈)။

## ဘဝအထွေထွေ

၁၉၅၄ အသက် ၁၅နှစ် အထက်တန်းကျောင်းသားဘဝ၌ မေ့ပင်အောက်ကထွက်ခဲ့ပါ ဝတ္ထုကို အောင်စိုး(အညတရ) နာမည်ဖြင့် စတင်ရေးသားခဲ့။

၁၉၅၇ အပွား(ခ) မအေးအေးရွှေနှင့် အိမ်ထောင်ကျ။ မီးရထားရုံးစာရေးဘဝ။

၁၉၅၈ အပွား(ခ) မအေးအေးရွှေနှင့် အိမ်ထောင်ကွဲပြီး စစ်တပ်ထဲဝင်၍ ခ. လ. ရ (၂၁) တွင် တပ်ကြပ်ကြီးဘဝ။

၁၉၆၀ ဒေါ်ကျင်ဖုံ(ခ) မြမြဝင်းနှင့် ချောက်မြို့တွင် အိမ်ထောင်ကျပြီး။

၁၉၆၁ မောင်မောင်သစ် ခေါ် သားတစ်ဦးမွေးဖွားပြီးနောက် ဒေါ်ကျင်ဖုံနှင့်အိမ်ထောင်ကွဲခဲ့။

၁၉၆၄ အလံနီကွန်မြူနစ်ပါတီသို့တောခို။ မြေအောက်နိုင်ငံရေးသမားဘဝ။

၁၉၆၅ အင်းစိန်ထောင်တွင် နိုင်ငံရေးမှုဖြင့် အကျဉ်းကျ။

၁၉၇၀ အင်းစိန်ထောင်မှပြန်လွတ်။ ဆန်စက်မန်နေဂျာ၊ အဝယ်တော်၊ ဈေးသည်ဘဝ။

၁၉၇၄ ဇူလိုင်လတွင် ပြစ်မှုမဂ္ဂဇင်း၌ ဆားပုလင်းနှင်းမောင်နှင့် ဂျူးမျက်လှည့်ဆရာ သတ်မှုဝတ္ထုတိုကို အောင်သင်းကလောင်အမည်ဖြင့်ရေးသားခဲ့။

၁၉၇၄ ဗုဒ္ဓနည်းကျသြဇာရှိသတိုင်းရင်းဆေးဆရာ။ အဘိဓမ္မာတောင်သာဆေးဆရာ။

၁၉၇၅ ရွှေတိဂုံဘုရားနှင့် အင်းစိန်အောင်ဇောမိသစ္စာမဏ္ဍိုင်ဓါတ်ခန်းတွင် ပုတီးသမားအဖြစ် ကျင့်ကြံအားထုတ်ပြီး ဇော်သဗျာကရဏဗေဒပညာကို ကြံဆတီထွင်။

၁၉၇၆ တောင်ကြီးမြို့မှာ ဗေဒင်ဆရာဘဝနှင့် မနုစာရီလုံးချင်းဝတ္ထုကို မင်းသိခ်အမည် ဖြင့်ရေးသားခဲ့။ ပထမဆုံးလုံးချင်းဝတ္ထုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## မင်းသိင်္ခ အတ္ထုပ္ပတ္တိအကျဉ်း

၁၉၇၈ ရန်ကုန်တွင်အခြေစိုက်၍ ခြောက်အုပ်မြောက် လုံးချင်းဝတ္ထု "ပုဏ္ဏားဘကွန်း"
နာမည်ကြီးလာခဲ့သည်။

၁၉၈၀ အပွား(ခ) ဒေါ်အေးအေးရွှေနှင့် ထပ်မံအိမ်ထောင်ပြု။

၁၉၈၉ စက်တင်ဘာလ ၁၃ရက် နှစ်ကြိမ်မြောက် အင်းစိန်ထောင်၌ တစ်သက်တစ်
အကျဉ်းကျ၍

၁၉၉၂ မေလ ၄ရက် ပြန်လည်လွတ်မြောက်။ သုံးနှစ်အကြာတွင် လွတ်ငြိမ်းသက်သာ ခွင့်
ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

၁၉၉၄ မာကျူရီလမ်း၊ ၁၁၂/၆၊ သုဝဏ္ဏတွင် ယတြာပေးချေခြင်း လုပ်ငန်းများစတင်သ

### မဟာဂန္ဓာရီခရီး

၁၉၉၇ မတ်လ ၂၅ အင်္ဂါနေ့ည (၉) နာရီတွင် မဟာဂန္ဓာရီခရီးစတင်ထွက်၍

၁၉၉၉ အဓိဋ္ဌာန်သုံးနှစ်ပြည့်ပြီးနောက် မှော်ဘီမြို့ ပေါ်တော်မူလမ်းရှိ မရမ်းတလင်း ခြံကြ
အယူတော်မင်္ဂလာယတြာခြံအဖြစ် စတင်တည်ထောင်သည်။
စတင်တည်ထောင်စဉ်က သုံးဧကခန့်သာကျယ်ဝန်းသော်လည်း နောက်ပိုင်း
၁၃ဧကခန့်ကျယ်ဝန်းလာပြီး အခမဲ့ထမင်းကျွေး၊ ယတြာပေးခြင်းများကို ကွယ်
ချိန်အထိ နေ့စဉ်ဆောင်ရွက်ခဲ့သည်။

၂၀၀၀ စက်တင်ဘာလ တွင် ဗုဒ္ဓဂါယာသို့ ဘုရားဖူးခရီးထွက်၍ နဒီဗေဒင်ကျောင်းအိုရှိ မ
ကျောင်းတော်၊ ဆိုင်းဘာဘာ ကျောင်းတော် တို့သို့ သွားရောက်ခဲ့ပါသည်။

၂၀၀၂ ဒုတိယအကြိမ် ဗုဒ္ဓဂါယာသို့ ထပ်မံသွားရောက်ခဲ့သည်။

၂၀၀၃ စက်တင်ဘာတွင် တိဘက်၊ ရှန်ဂရီလာသို့ရောက်ရှိ။

၂၀၀၄ မနုစာရီဝတ္ထုကို ဂျပန်ဘာသာသို့ပြန်ဆိုထုတ်ဝေခဲ့သည်။ မြန်မာပြည်
လက်ဖွဲ့ကလပ်ကို ပြန်လည်တည်ထောင်ခဲ့သည်။

### ပါရဂူဘွဲ့ရရှိခြင်းနှင့် ကွယ်လွန်ခြင်း

၂၀၀၈ ဩဂုတ်လ ၁ရက် မနက် ၆နာရီ ၂၀မိနစ်တွင် သုခကမ္ဘာဆေးရုံ၊ ရန်ကု
တွင်ကွယ်လွန်ပြီး အုတ်ဂူအမှတ် ၂၅ ရေဝေးသုသာန်တွင် ဂူသွင်းသဂြိုဟ်ခဲ့ သ

၂၀၀၉ ဖေဖော်ဝါရီ ၈ရက်တွင် မကွယ်လွန်မီပြုစုခဲ့သော မြန်မာဒင်း ၁၂၂
ကံကြမ္မာကျမ်းစာတမ်းဖြင့် ရိုးရာဗေဒင်ဆိုင်ရာပါရဂူဘွဲ့ Ph.D (Traditional
trology) ကို အန္တိုယနိုင်ငံ ကိုးလိကတ္တားတက္ကသိုလ်မှ ချီးမြှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## " ဤစာအုပ် ဖြစ်ပေါ်လာပုံ "

ရေးမည် . . . ရေးမည် ဟု ကျွန်ုပ်ကြံနေသည်မှာ ကြာပြီဖြစ်၏။ သို့ရာတွင် မရေးဖြစ်ခဲ့ပါ။ ဘာကိုရေးမှာလဲ . . .။ ဘာကို ရေးဖို့ကြံနေတာလဲလို့ မေးလျှင်တော့ . . . "အဘမင်းသိင်္ခ ၏ အကြောင်း" "မင်းသိင်္ခ၏ အတ္ထုပ္ပတ္တိ" ကို ရေးရန် ကြံနေသည် ဟု ဖြေရပါလိမ့်မည်။

အဘမင်းသိင်္ခ၏ အတ္ထုပ္ပတ္တိအပြည့်အစုံကို ရေးသားမည်ဆိုပါက ယခုလိုစာအုပ် တစ်အုပ်တည်းဖြင့် မပြည့်စုံနိုင်ပါ။ယခုလို စာအုပ်မျိုး ရာဂဏန်း၊ ထောင်ဂဏန်းခန့်ဖြင့် ဇာတ်လမ်းတွဲရေးမှ သာလျှင် ပြည့်စုံ နိုင်ပါလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်သည် အဘမင်းသိင်္ခနှင့် အနီးကပ်နေထိုင်ခွင့်ရခဲ့သည့် (၉)နှစ်တာ ကာလအတွင်း အဘမင်းသိင်္ခ ပြောပြခဲ့သမျှ၊ ကျွန်ုပ်၏နားဖြင့် ကြားခဲ့ရသမျှ တို့ကို အခြေခံ၍ . . .။

www.burmeseclassic.com



အဘမင်းသိခ်ကိုယ်တိုင် ရေးသားခဲ့သော " ဘဝစာမျက်နှာအပိုင်းအစများ " စာအုပ်နှင့် " ဘဝဒသချော် " စာအုပ်များ၊ ကလောင်စုံပါဝင်သည့် " မှတ်မှတ် ရရ မင်းသိခ် စာအုပ် "၊ ဆရာဇင်ယော်နီ၏ " ကျွန်တော့် အဘမင်းသိခ် " အခန်းဆက်ဝတ္ထု၊ ဆရာဇင်ယော်နီ၏ " မင်းသိခ်နှင့် ရှစ်လေးလုံး လည်ပြန် " ဆောင်းပါးများ ၊ မရမ်းတလင်း အယူတော် မင်္ဂလာခြံကြီးရှိ မှတ်တမ်းများ . . . ။ ကျွန်တော်နှင့် ကိုးနှစ်တာအတူ တွဲနေခဲ့စဉ် အဘကိုယ်တိုင် ပြောကြားခဲ့သော အဖြစ်အပျက်များကို မှီငြမ်းကိုးကား၍ ရေးသားလိုက်ရခြင်းပင် ဖြစ်ပါ လေတော့သည်။

ဤစာအုပ်ကို ဖတ်ရသူအပေါင်း . . . ။တစ်ခေတ်တွင် တစ်ယောက်ထွန်းသော အဘမင်းသိခ် ဆိုသည့် ပဂ္ဂိုလ်ကြီး၏ နှလုံးအိမ် အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်ပြီး . . . . ။

အဘမင်းသိခ်၏ နှလုံးသားကို အနီးကပ်ဆုံး ထိတွေ့ ၊ ခံစား ၊ မြင်တွေ့ နိုင်ကြ ပါစေကုန်သတည်း။ . . . . . ။

မင်းသိမ်းခိုင် (ရွှေရမ်းထူးလင်း)



www.burmeseclassic.com

www.burmeseclassic.com



အမည်ရင်း မောင်အေးညွန့်





www.burmeseclassic.com

www.burmeseclassic.com









“ တခါတုန်းလေ … ပညာ လိုချင်တဲ့ ကျောင်းသားမ
ပညာနဲ့ကြားမှာ …ဆရာ မပီသတဲ့ ဆရာတွေ ကြ
ဆရာဟာ …အာနှောင့်အာယှက် အတား အဆီး ဖြစ်
တတ်တယ် … မင်းတို့ လည်း ဆရာမပီသတဲ့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



## ယယ်နာမည် အချိန်စာရင်းပေးတော့ အမည်ရင်း မောင်အေးညွန့်

နောင်တစ်ချိန်တွင် မြန်မာ့စာပေလောကဥ္စ ဂန္ထဝင်မြောက်စာရေးဆရာကြီးမင်းသိ်ခ် ဖြစ်လာမည့်၊ မြန်မာ့ပေဒင်၊ဂမ္ဘီရလောကကို တစ်ခေတ်ဆန်းသစ်စေသည့် ဆရာကြီးမင်းသိခ် ဖြစ်လာမည့်၊မြန်မာ့နိုင်ငံရေး တစ်ပါတီအာဏာရှင်စနစ်ပြုတ်ကျရေးတွင် တက်ကြွလှုပ်ရှားသည့် နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်လာမည့် မောင်အေးညွန့် ကို အဖ ပန်းချီဆရာကြီး ဦးစံရှိန်၊ အမိ ဒေါ်တင်တို့မှ ၁၃၀၁ ခု၊ ပထမဝါဆိုလဆန်း (၁၀) ရက်၊ ၁၉၃၉ ခုနှစ်ဇွန်လ (၂၅)ရက် တနင်္ဂနွေနေ့ နံနက် (၇း၅၈) နာရီတွင် ရန်ကုန်မြို့ကျောင်းမြောင်းရပ်ကွက်၊ မဂ္ဂင်လမ်း နေအိမ်တွင် မွေးဖွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝအရွယ်တွင် အမှတ်(၂၉၅)၊ ဘိုးလိန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။

မွေးချင်းခြောက်ယောက် ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။ညီအရင်းဖြစ်သူ “ ဝင်းဇော် (သစ်တော) ” မှာ ယခုအချိန်ထိ ဗေဒင်ဟောခြင်း၊စာရေးခြင်းအလုပ်များ၊မရမ်းတလင်းစာပေအမည်ဖြင့် စာပေထုတ်ဝေရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

ဘဝတွင် လုံးချင်းဝတ္ထု တစ်အုပ်တည်းသာရေးသားခဲ့ပြီး တစ်အုပ်ဆို ဆိုသလောက် နာမည်ကြီးခဲ့သော “ပွဲကျောင်းသားသိုးကောင်း ” ဝတ္ထုကို ရေးသားခဲ့သည့် ကွယ်လွန်သူ “တက္ကသိုလ်ဝင်းမင်းထွန်း” (ထွန်းညွန့်(ခ)သံချောင်း)မှာလည်း ဆရာကြီးမင်းသိခ်၏ ညီအရင်း ဖြစ်သည်။

ကွယ်လွန်သူ ဗိုလ်တောက် (ကာတွန်း၊ပန်းချီ - တောက်တောက်) မှာလည်း ညီအရင်းပင် ဖြစ်သည်။

ကွယ်လွန်သူ ကိုဘဘူကြီး (ဦးဗမိုး) မှာလည်း ညီအရင်းပင်ဖြစ်သည်။

ညီအရင်းဖြစ်သူ ဦးဝင်းဇော် - စာရေးဆရာ ဝင်းဇော်(သစ်တော)နှင့် ညီမ အရင်းဖြစ်သူ ဒေါ်သန်းနုအောင် (မိမ်းလေး) မရမ်းတလင်းစာပေ ထုတ်ဝေရေး တို့မှာ ယခု အချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



မိဘများ နေထိုင်ခဲ့ရာ အမှတ်(၁၄) ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းရှိ မိသားစုနေအိမ်တွင် နေထိုင်လျှက် ရှိနေသည်။ သားအရင်းဖြစ်သူ ဦးမောင်မောင်သစ် သည် ယခင် ကျောက်မြောင်း နေအိမ်တွင် နေထိုင်ခဲ့ပြီး ယခုအခါ မှော်ဘီမြို့အစွန် မရမ်းတလင်း တောစပ်ရှိ အယူတော် မင်္ဂလာ ခြံကြီးထဲတွင် နေထိုင်လျှက်ရှိသည်။

(ဆရာကြီးမင်းသိင်္ခ ဖခင်ဦးစံရှိန် ၏ ဖခင်(အဖိုး)သည် ဦးပွ၊ အမေ (အဖွား)သည် ဒေါ်အေးခင် (တွံတေး ရှမ်းစုဇာတိ)တို့ ဖြစ်ကြ သည်။

ဆရာကြီးမင်းသိင်္ခ မိခင် ဒေါ်တင်၏ အဖေ (အဖိုး)သည် ဦးဝစီကာ၊ အမေ (အဖွား)သည် ဒေါ်ဖော့ (မအူပင်မြို့ဇာတိ) တို့ ဖြစ်ကြသည်။)

ဆရာကြီးမင်းသိင်္ခ၏ အမျိုးသားမှတ်ပုံတင်နံပါတ်မှာ ၁၂/ ပဘတ(နိုင်)ဝ၂၅၅၁ဝ ၊ အာဂျီအန် - ဝ၁၄၇ဝ၅ ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်အမှတ် - (၄၉၂၅)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်အမှတ် (၂၄၁၄ ) ဖြစ်သည်။

ဆင်းရဲသော မိသားစုဘဝမှ ပေါက်ဖွားလာခဲ့သော မောင်အေးညွန့်လေးသည် ဖခင်ပန်းချီဆရာကြီး၏ ဆေးခွက်၊ စုတ်တံများကြား ၊ ပန်းချီကားချပ်များကြား ၊ကြော်ငြာဆိုင်းဘုတ်များအကြား တွင်ကြီးပြင်း လာခဲ့ရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂) မောင်အေးညွန့်မှ မောင်အောင်ထွန်း သို့

မောင်အေးညွန့် ကျောင်းနေရမည့် ငါးနှစ်သားအရွယ် ခန့်တွင် ဖခင်ဖြစ်သူ ဦးစံရှိန်မှ ကျောင်းလိုက်အပ် ပေးသည်။ ကျောင်းသို့ရောက်သော အခါ ကျောင်းလာ အပ်သည့် ကလေးများ မိဘများ များပြားသဖြင့် တန်းစီကာ စောင့်ဆိုင်း နေရသည်။

မောင်အေးညွန့်လေးနှင့် ဖခင်ဖြစ်သူ ဦးစံရှိန် တို့လည်း တန်းစီစောင့်ဆိုင်းနေရသည်။ ဖခင်ဖြစ်သူ ဦးစံရှိန်ကတော့ တန်းစီ စောင့်ဆိုင်းနေရင်း အသိမိတ်ဆွေတစ်ဦးနှင့် စကားပြောနေလေ သည်။

မောင်အေးညွန့်လေး စာရင်းသွင်းရမည့် အလှည့်သို့ ရောက်သောအခါ ဖခင်ဖြစ်သူမှာ သူ၏မိတ်ဆွေဖြစ်သူနှင့် စကား မပြတ်သေးသဖြင့် ၎င်းတို့၏ အလှည့်သို့ ရောက်မှန်းမသိဖြစ်နေ လေသည်။ တာဝန်ကျဆရာမက မောင်အေးညွန့်အား မေးသည်။

“ သားလေး နာမည်ပြောပါ . . . ”

မောင်အေးညွန့်လေး စဉ်းစားနေလေသည်။

တာဝန်ကျဆရာမက ထပ်မေးသည်။

“ သားလေး နာမည်ပြောပါ “

မောင်အေးညွန့်လေးသည်။ မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" အောင်ထွန်း "

ဆရာမလည်း ရေးသွင်းလိုက်သည်။ နာမည်စာရင်း ရေးသွင်းပြီးသောအခါမှ ဖခင်ဖြစ်သူရောက်လာသည်။ လိုအပ်သော အချက်အလက်များ ထပ်မံဖြည့်သွင်းရသည်။ အားလုံးဖြည့်သွင်းပြီး သောအခါမှ နာမည်နေရာတွင် အောင်ထွန်း ဖြစ်နေသည်ကို ဖခင် ဖြစ်သူဦးစံရှိန် သတိထားမိလေတော့သည်။

သားဖြစ်သူအား မေးမြန်းရာ အေးညွန့်ဆိုသော နာမည် မှာ မိန်းမဆန်သောကြောင့်၊ ခေါ်ရသည်မှာလည်း ပျော့ပြောင်းပြီး မာမာထန်ထန် မရှိသောကြောင့်၊ အောင်ထွန်း ဆိုသော အမည်ကို ပြောင်းလဲကာ စာရင်းပေးလိုက်ရခြင်း ဖြစ်ကြောင်း အကြောင်းပြ ဖြေရှင်းလိုက်လေသည်။

ရိုးအေးလှသော ပန်းချီဆရာကြီးကလည်း သားဖြစ်သူ ၏ဆန္ဒကို လိုက်လျော ခွင့်ပြုပေးခဲ့သည်။

နောင်တစ်ချိန်တွင် ဆရာကြီးမင်းသိင်္ခဖြစ်လာမည့် လူမှန်းသိတတ်ကာစ အသက်ငါးနှစ်အရွယ် မောင်အေးညွန့် လေးသည် ကျောင်းစအပ်သည့်နေ့မှာပင် မိမိနာမည်ကို မိမိ ကိုယ်တိုင်ပင် ရွေးချယ်ဆုံးဖြတ်ကာ " အောင်ထွန်း " ဟူ၍ မှည့် ခေါ်လိုက်ပါလေတော့သတည်း။

.......................



www.burmeseclassic.com

www.burmeseclassic.com



## ဆရာနှင့်ပညာ

မောင်အောင်ထွန်းသည် ကျောက်မြောင်း ဒဂုံသီရိလမ်းရှိ " ဆရာစိုး "အလွတ်ပညာစာသင်ကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ထို့နောက် စိန့်ပေါလ်ကျောင်း ( အထက(၆) ဗိုလ်တထောင်)၊ ကျောက်မြောင်းအ ထက်တန်းကျောင်း (အထက -၁ တာမွေ )၊ တာမွေအထက်တန်းကျောင်း (အထက -၂ တာမွေ )၊ အေဗွီကောလိပ် တောင် မြင်းပြိုင်ကွင်းလမ်း (အမက-၁၈ တာမွေ) ကျောင်းတို့တွင် ပညာများသင်ကြားခဲ့သည်။

မောင်အောင်ထွန်း ခုနစ်တန်း ကျောင်းသားဘဝက ဖြစ်သည်။

သင်္ချာဆရာမှ အိမ်စာပေးလိုက်သည်။ သင်္ချာပညာရပ်များတွင် အထူးဝါသနာထုံလှသည့် မောင်အောင်ထွန်းသည် သေသေချာချာ ကျကျနန တွက်လာခဲ့သည်။

ကျောင်းခန်းထဲသို့ ရောက်သောအခါ သင်္ချာဆရာမှ စာအုပ်များကို စားပွဲပေါ်သို့ လာထပ်ခိုင်းသည်။ မောင်အောင်ထွန်းနှင့် ဘေးချင်းကပ်လျက်ထိုင်သော အတန်းပိုင်ဆရာမ၏ သားဖြစ်သူ မှာ အိမ်မှနေ တွက်မလာရသေးသဖြင့် မောင်အောင်ထွန်း စာအုပ်ထဲမှာနေ ကူးရေးလိုက်သည်။

သင်္ချာဆရာက မောင်အောင်ထွန်းတွက်လာသော ပုစ္ဆာကို မှင်နီဖြင့် ကြက်ခြေခတ်ခြစ်ပြီး၊ သူ၏ထံမှ ကူးရေးထားသောအတန်းပိုင်ဆရာမ၏ သားဖြစ်သူကို အမှန်ခြစ် ပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ထွန်းသည် စာအုပ်နှစ်အုပ်ကိုယူ၍ သချာ္ဆရာကို သွားပြသည်။

" ဆရာ . . . ဒီပုစ္ဆာက တွက်ပုံတွက်နည်းလည်းတူတယ် . . . အဆင့်တွေလည်း တူတယ် . . . အဖြေလည်းတူတယ် . . . ကျနော့ကျတော့ မှားပြီး သူကျတော့ မှန်နေတယ် . . . ရှင်းပြပေးပါ ဆရာ . . ."

ဟု ရှင်းပြခိုင်းလေသည်။ ပင်ပန်းနေသောဆရာက

" အဲဒီတော့ ဘာဖြစ်လဲကွာ . . " ဟု ပြန်ပြောလေသည်။

" ဘယ်ဟာက မှန်လဲ . . . ဘယ်ဟာကမှားလဲ . . . သိချင်လို့ပါ . . . နှစ်ခုလုံးမှန်ရင်လည်း မှန်တယ်ပေါ့ . . . မှားရင်လည်း မှားတယ်ပေါ့ . . ."

" မင်း တော်တော်ရှုပ်တဲ့ လျှာရှည်တဲ့ ကောင်ပဲ . . ."

ဟု ပြောကာ စာအုပ်များကို စာပွဲပေါ် မှနေ တွန်းချလိုက်လေသည်။မောင်အောင်ထွန်းသည် ရှက်လည်းရှက် ဒေါသလည်း ထွက်သွားရပါလေတော့သည်။

"မင်း တော်တော် မိုက်ရိုင်းတဲ့ကောင် ပါလား . . . ငါ့ရှေ့ကနေ အခု ထွက်သွားစမ်း . . . "

ဟု အော်ဟစ်ကြိမ်းမောင်းလေသည်။တောက်မည့်မီးခဲ တရဲရဲဖြစ်သော မောင်အောင်ထွန်းလေးသည် ဆရာ၏မျက်နှာကို ရဲရဲ စိုက်ကြည့်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာခဲ့ရပြီး ၊ဆေးခွက် စုတ်တံများကြားတွင်သာ ကြီးပြင်းခဲ့ရရှာသော မောင်အောင်ထွန်း လေးသည် သူငယ်ချင်းများနှင့် ကစားနေကျ နေရာသို့ ထွက်လာခဲ့သည်။

တခြားသူငယ်ချင်းများက လက်ပတ်နာရီ အသစ်လေးများ ကိုယ်စီပတ်ထားကြသည်။မောင်အောင်ထွန်း ၏ လက်တွင်တော့ လက်ပတ်နာရီ အသစ်လည်းမရှိ။ အဟောင်းလည်းမရှိပါ။

ဆောင့်ကြွားကြွားသူငယ်ချင်းတစ်ယောက်က

"ဟေ့ကောင် . . . အောင်ထွန်း . . . လက်ပတ်နာရီ ပတ်ထားတဲ့ သူတွေပဲ . . . ကစားကြမှာကွ . . . မင်းမှာလက်ပတ်နာရီမရှိတဲ့ အတွက် . . . ငါတို့နဲ့အတူတူ ကစားခွင့် မရှိဘူး . . . "

ဟု ပြောလေရာ မောင်အောင်ထွန်းက တောင်းတောင်းပန်ပန်ဖြင့် ပြောရှာသည်။

" ငါလည်း . . . မင်းတို့လို လက်ပတ်နာရီ ပတ်ချင်တာပေါ့ကွာ . . . ဒါပေမယ့် ငါ့ မိဘတွေက ဆင်းရဲတော့ ဝယ်မပေးနိုင်ဘူးကွ. . . ငါ့ကို မင်းတို့အတူ ကစားခွင့် ပြုပါ . . . "

၄င်းသူငယ်ချင်းဖြစ်သူသည် လှောင်ပြောင်သည့် အမူအယာဖြင့် ဟားတိုက်ရယ်မောလိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



" ဟား . . . ဟား . . . ဟား. . . ငါတို့နဲ့ အတူတူ ကစား ချင်ရင် မင်းအိမ်ကို လက်ပတ်နာရီ ဝယ်ခိုင်းပေါ့ကွ . . . "

ဟု ပြောလေသည်။

"ငါ့မိဘတွေက တကယ်ဆင်းရဲလို့ပါကွာ . . . ဝယ်ပေး နိုင်မှာ မဟုတ်ဘူး . . . ငါ့ကို မင်းတို့အတူ ကစားခွင့်ပြုပါကွာ. . . "

" ဘယ်လိုပဲ ဖြစ်ဖြစ်ကွာ . . . လက်ပတ်နာရီ မပတ်နိုင် ပဲနဲ့တော့ . . . ငါတို့ နဲ့ ကစားခွင့် မပြုနိုင်ဘူး . . . မင်းအိမ်ကို မရမက ဝယ်ခိုင်းပြီးမှ ငါတို့နဲ့ လာကစားခွင့်ပြုနိုင်မယ် . . . "

ဟု ဆိုကာ မောင်အောင်ထွန်းလေးကို ချန်ထားရစ်ခဲ့ ပြီး ထွက်သွားကြလေတော့သည်။မောင်အောင်ထွန်းသည် မျက်ရည်ဝဲ လျှက် ကျန်နေခဲ့ရရှာသည်။

ငယ်ရွယ်ပြီး စိတ်ထားနူနယ်သောအရွယ်တွင် စိတ်ဒဏ် ရာ ရရှိစေခဲ့သည်။နှလုံးသားဒဏ်ရာတွေ ရရှိစေခဲ့သည်။ မြေနိမ့်ရာ လှံစိုက်သွားကြသည်။

မောင်အောင်ထွန်းသည် ၎င်း၏မျက်ဝန်းတွင် မျက်ရည် များဝဲနေရင်းမှ ၎င်း၏ ဘယ်ဘက် လက်ကောက်ဝတ်ကို ညာဘက် လက်ဖြင့် ပုတ်ရင်း

" တစ်နေ့နေ့ တချိန်ချိန် . . . ဟောဒီလက်ကောက်ဝတ် နေရာမှာ . . . မင်းတို့နာရီတွေထက် ကောင်းတဲ့ ဈေးအကြီးဆုံး

www.burmeseclassic.com



"ရှိုးလက်"နာရီ ပတ်ပြမယ်ကွ . . . ဟောဒီနေရာမှာ "ရှိုးလက်" နာရီက လွှဲပြီး ဘယ်နာရီကိုမှ မပတ်ဘူးကွ. . ."

ထိုအချိန်က ရှိုးလက်နာရီများသည် အကောင်းဆုံးနှင့် တန်ဖိုးအကြီးမားဆုံးဖြစ်သည်။

" ရှိုးလက် နာရီက လွှဲပြီး . . . ဘယ်နာရီမှ မပတ်ဘူး ကွ . . . ."

"ရှိုးလက် နာရီက လွှဲပြီး . . . ဘယ်နာရီမှ မပတ်ဘူးကွ . . ."

မောင်အောင်ထွန်း၏ ငိုကြွေးနေရင်း ရင်ဂေါင်းသံကြီးဖြင့် ကြိမ်းဝါးလိုက်သော အသံကြီးသည် စကြာဝဠာတိုက် တစ်သောင်း အထိ တုန်ခါပျံ့နှံ့ ရောက်ရှိသွားလေသည်။

အသက်အရွယ်ကြီးရင့်လာသောအခါ ၄င်းကိစ္စကို မေ့မေ့ ပျောက်ပျောက်ဖြစ်လာပြီး လက်ပတ်နာရီ ဝယ်ပတ်သည်။လက်ပတ် နာရီ စပတ်သောနေ့မှာပင် ကြိုးပြတ်ကျပြီး ပျောက်သည်။ သူများ ရန်ဖြစ်သည်ကို ဝင်ဆွဲရင်း နာရီမှန်ကွဲသည်။ သူခိုးခိုး ခံရသည်။ ခါးပိုက်နှိုက်ခံရသည်။ အကြောင်းအမျိုးကြောင့် မောင်အောင်ထွန်း ၏ လက်တွင် လက်ပတ်နာရီ မမြဲခဲ့ပေ. . .။

နောက်ဆုံးတွင် ငယ်စဉ်တောင်ကျေးကလေးဘဝက ကြုံးဝါးခဲ့သော ကြုံးဝါးသံကို သတိရမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီလက်မှာ . . . ရိုးလက်က လွဲပြီး ဘယ်နာရီမှ မပတ်ဘူးကွ . . ."

ရိုးလက်ကလွဲပြီး ဘယ်နာရီပတ်ပတ် မမြင်ခဲ့ရသော မောင်အောင်ထွန်းသည် နောက်ဆုံးတွင်တော့ လက်ပတ်နာရီ မပတ်ပဲ နေရပါလေတော့သည်။၎င်း၏ဆုတောင်းသည် မည်သည့်နေ့အထိ ရောက်ရှိသွားပြီး မည်သို့ ဆုတောင်းပြည့်သွားခဲ့သည်မသိပါ. .။

အဘမင်းသိခ် ကိုယ်တိုင်ကတော့ . . .

"ငါက . . . ကလေးဘဝ ကတည်းက လက်ပတ် နာရီ ကျိန်စာသင့်ခဲ့တာကွ . . . ဘယ်နာရီမှ ပတ်လို့ မရဘူး . . ."

ဟု ပြောလေ့ရှိသည်။ထို့ကြောင့် အဘမင်းသိခ်သည် နောက်ဆုံး ကွယ်လွန်ချိန်အထိ လက်ပတ်နာရီ ပတ်သွားခဲ့ခြင်းမရှိပါ။ကြိုးဖြင့် လည်ပင်းတွင် ဆွဲထားရသော ကြိုးနာရီ၊ စားပွဲတင်နာရီ၊ တိုင်ကပ် နာရီများကိုသာ အသုံးပြုသွားခဲ့ပါသည်။

ထိုညက အဘမင်းသိခ်၏ ဘဝတွင်တွေ့ကြုံခဲ့ရသော စိန်ခေါ် မှုများအကြောင်း ပြောနေရင်း နာရီအကြောင်းသို့ ရောက်သွားသည်။အဘမင်းသိခ်သည် ဩဇာသံ အပြည့်ပါသောအသံဖြင့် ပြောနေလေသည်။

" နာရီ နဲ့ ပက်သက်လို့ . . . အဲလို နာကျဉ်းခဲ့ရတယ် . . . အဲလိုကြိုးဝါးခဲ့ဖူးတယ် . . . နာရီကျိန်စာ သင့်နေသလိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတယ် . . . ဟိုတစ်နေ့တုန်းက စင်ကာပူက သူဌေး ယောက်ကနာရီ ၁၃ လုံး လာကန်တော့ သွားတယ် . . . ရိုးလက်ထက် ပိုပြီး တန်ဖိုးကြီးတယ် . . . ”

ဟု ဆိုကာ တပည့်လေးတစ်ဦးအား အခန်းတွင်းမှ နာရီများကို သွားယူခိုင်းလေသည်။နာရီများရောက်လာသော အခါ တစ်လုံးကို ကောက်ယူလိုက်ပြီးနောက် နှုတ်ခမ်းကိုမဲ့ကာ မချိပြုံး ပြုံးလိုက်ရင်း အသံကိုမြှင့်လိုက်ပြီးနောက် မာန်ပါပါဖြင့်

“ ဘဝမှာ နာရီနဲ့ ပက်သက်ပြီးတော့ မျက်ရည်တွေ တောက်တောက် ကျခဲ့ရဖူးတယ် . . . နာကျဉ်းခဲ့ရဖူးတယ် . . . အခုအချိန်မှာ မင်းသိမ်ခိ အနေနဲ့ နာရီပတ်ချင်သပ ဆိုရင် ကောင်းကောင်းကြီး ပတ်နိုင်နေပါပြီ . . . ”

ဟု ပြောရင်း ဘယ်ဘက်လက်ကောက်ဝတ်ကို ပတ်လိုက်ရာ နာရီသည် အောက်သို့ ဒေါက် ခနဲ လွတ်ကျကာ မှန်ကွဲသွားပါလေတော့သည်။

ဤသည်မှာလည်း အဘမင်းသိမ်ခိ၏ဘဝတွင် ထူးခြားသော နာရီကျိန်စာသင့်မှုပင် ဖြစ်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**အိမ်ထောင်သုံးကြိမ်ပြုပြီး မိန်းမ နှစ်ယောက် ပဲရခဲ့သူ**
**[ အဘာပြောပြတဲ့ . . . . 3 in 2 အိမ်ထောင်ရေး ]**

အသက် (၁၇ )နှစ်အရွယ်တွင် ဖြစ်သည်။

မောင်အောင်ထွန်း၏ နေအိမ်သို့ ငယ်သူငယ်ချင်းဖြစ်သူ မောင်သိန်းရွှေ ရောက်လာပြီး ၎င်းတို့ နှစ်ဦးသည် ၎င်းတို့အား သိုင်းပညာသင်ပေးခဲ့သော သိုင်းဆရာကြီး ဦးအောင်သိန်း (ဗမာ့လက်ရုံးသိုင်းအဖွဲ့) အား သွားရောက်ကန်တော့ရန် တိုင်ပင်ကြလေ၏။

ထိုအချိန်၌ ကပ်လျက်အိမ်ထဲတွင် ဝုန်းဒိုင်း အသံများတို ကြားလိုက်ကြရသည်။ ၎င်းအိမ်ထဲသို့ နှစ်ဦးသား ပြေးဝင်သွားကြသည်။ ၎င်းအိမ်ထဲမှ လူနှစ်ယောက် ပြေးထွက်လာသည်ကိုလည်း လမ်းတွင် ရှောင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်သားလုံး အသတ်ခံလိုက်ရခြင်း ဖြစ်သည်။လမ်း တွင် ရှောင်လိုက်ရသည့် ပြေးထွက်လာသည့် လူနှစ်ဦးမှာ လူသ သမားများဖြစ်သည်။

၄င်းလူသတ်မှုတွင် မောင်အောင်ထွန်း နှင့် မောင်သိန်း ရွှေ တို့က မျက်မြင် သက်သေဖြစ်နေသည်။လူသတ်သမားများက မောင်အောင်ထွန်းအား လာရောက်နှုတ်ပိတ် သတ်ဖြတ်မည်ကို ဖခင်ဖြစ်သူ ဦးစံရှိန် စိုးရိမ်သွားသည်။ထို့ကြောင့် မောင်သိန်းရွှေ တို့ နေအိမ်တွင် သွားရောက်နေထိုင် ပုန်းခိုခိုင်းလေသည်။

မောင်သိန်းရွှေ၏ နေအိမ်တွင် ရက်အတန်ကြာ နေထိုင် ခဲ့ရသည်။အိုးချင်းထားလျှင် အိုးချင်းထိ ကြိုးချင်းထားလျှင် ကြိုး ချင်းငြိ ဆိုသလို မောင်သိန်းရွှေ၏ ညီမဖြစ်သူ အပွား (ခေါ်)ရွှေ ပွား (ခေါ်) မအေးအေးရွှေနှင့် လူငယ်သဘာဝအရ မေတ္တာသက် ဝင် ချစ်ကြိုက်ခဲ့သည်။

မအေးအေးရွှေ နှင့် လက်ထပ်ပေါင်းသင်း နေထိုင်ခဲ့ သည်။ အသက် (၁၈)နှစ် မပြည့်ခင်မှာပင် ၁၉၅၇ ခုနှစ်တွင် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ အိမ်ထောင်သက် တစ်နှစ်မပြည့် ခင်မှာပင် မအေးအေးရွှေ ၏ မိဘများကြောင့် မအေးအေးရွှေနှ လမ်းခွဲပြတ်သဲ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အသက် (၁၈)နှစ်လည်း ပြည့်သွားပြီ ဖြစ်သဖြင့် ၁၉၅၈ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ကာ စစ်မှုထမ်းခဲ့သည်။ မကွေးတိုင်း စကုမြို့ ခ. လ. ရ(၂၁)တွင် တပ်ကြပ်ကြီးအဖြစ်ဖြင့် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

မိခင်တပ်ရင်း၏တာဝန်ပေးချက်အရ စကုမြို့မှနေချောက်မြို့သို့သွားကာ ဈေးဝယ်ရလေ့ရှိသည်။ ချောက်မြို့သို့ဈေးဝယ်ရောက်ရှိလေတိုင်း အကျောက် ခေါက်ဆွဲဆိုင်တွင်ခေါက်ဆွဲ ဝင်စားလေ့ရှိသည်။ အိုးချင်းထားလျှင် အိုးချင်းထိ ကြိုးချင်းထားလျှင် ကြိုးချင်းငြိ ဆိုသလို ခေါက်ဆွဲဆိုင်ပိုင်ရှင်ဦးအကျောက်၏ သမီးဖြစ်သူ မကျင်ဖုန် နှင့် မေတ္တာရည်ငံပြီးချစ်သူ ဖြစ်ခဲ့ကြသည်။

ချောက်မြို့မှ မကျင် ဖုန် နှင့် ၁၉၆၀ ခုနှစ်တွင် လက်ထပ်ကာ မကျင်ဖုန်၏ မိသားစုနေအိမ်တွင်ပင် နေထိုင်ခဲ့သည်။ မကျင်ဖုန်နှင့်အိမ်ထောင်ကျပြီးနောက် သား ယောကျ်ားလေးတစ်ဦး ဖွားမြင်ချိန်တွင် ဒုတိယအကြိမ် အိမ်ထောင်ရေးလဲမှုတွဲပြတ်စဲသွားခဲ့သည်။

မကျင်ဖုန်နှင့် တစ်နှစ်ကျော်ခန့်သာ ပေါင်းသင်းနေထိုင်ခဲ့ပြီး အိမ်ထောင်ပျက်သွားသည်။ အိမ်ထောင်ကွဲသွားသည်



www.burmeseclassic.com

www.burmeseclassic.com



"အဘာမင်းသိန်း" က သူ့ဘဝ၊ သူ့အိမ်ထောင်ရေးကံကြမ္မာနှင့် ပတ်သက်ပြီး ပြောပြလေ့ရှိသည်။

"ငါ့. . . အိမ်ထောင်ရေးကံကို ဖော်မြူလာနဲ့ ပြောရရင်တော့. . . 'သရီးအင်တူ (3 in 2)' ပြောရမှာပဲ။ ငါ. . အသက် ၁၈ နှစ်ကျော် လောက်မှာပဲ 'အပွား' နဲ့ အိမ်ထောင်ကျတယ်။ 'အပွား' ကတော့ ငါ့ထက်ငယ်တာပေါ့။ ပထမဆုံး အိမ်ထောင်ပေါ့ကွာ။ အိမ်ထောင်သက် တစ် နှစ်တောင်မပြည့်လိုက်ပါဘူး . . 'အပွား' ရဲ့ မိဘတွေက ငါနဲ့ ခွဲပြီး သူဌေးသား တစ်ယောက်နဲ့ ပေးစားလိုက်တယ်။ ငါက မီးရထားရုံးမှာ စာရေး လေးဘဝကိုကွ။ အဲ့ဒီလို ပထမအိမ်ထောင်ပျက် ပြီးတော့. . . ငါ စစ်တပ်ထဲ ဝင်တယ်။

ငါ. . . စစ်တပ်ထဲ စဝင်တော့ တာဝန် ကျတာက ခလရ (၂၁) စကုမြို့မှာကွ ငါက စာရင်းဇယား နိုင်ပြီး နံ့စပ်တော့ နေ့စဉ် ရိက္ခာဝယ်ဖို့ ငါ့ကို လွှတ်တာပေါ့။ ဒါနဲ့ပဲ အနီးဆုံးဖြစ်ပြီး စည်ကား တဲ့ ချောက်မြို့ကို နေ့စဉ် ဈေးသွားဝယ်ရင်း အကျော်ကြား ခေါက်ဆွဲ ဆိုင်မှာ အရက်ဝင်သောက်ရင်း အကျော်ကြားသမီး အချောဆုံး ကွမ်းတောင်ကိုင် ဖြစ်တဲ့ မကျင်ဖုံ နဲ့ ဇာတ်လမ်းစပြီး ရည်းစား ဖြစ်သွားကြတာပေါ့ကွာ။ ငါ အသက် နှစ်ဆယ် ကျော်လောက်မှာ 'မကျင်ဖုန်' နဲ့ အိမ်ထောင်ကျတယ်။ ချောက်မြို့သူပေါ့ကွာ. 'မောင်မောင်သစ်' ကို မွေးတယ်။ 'မောင်မောင်သစ်' ဗိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတုန်းအချိန်မှာပဲ 'မကျင်ဖုန်' နဲ့ အိမ်ထောင်ကွဲသွားတယ်'။ ယောက်ခမအိမ်မှာ ကပ်နေပြီး ငါ့ဘဝမှာ စိတ်ရော လူရော ဆင်းရဲဒုက္ခ ရောက်ခဲ့တဲ့ အကြောင်း "ဘဝအသချေ" ဆိုတဲ့ ဝတ္ထုမှာ ငါရေးထားတယ်။ မင်းတို့ဖတ်ကြည့် ကြပေါ့ကွာ။ 'မကျင်ဖုန်' ကလည်းသိပ်မကြာ ပါဘူး. . . 'မောင်မောင်သစ်' ကို အဘိုးအဖွား ထံ ထားသွားပြီး ဒုတိယအိမ်ထောင်ပြုတယ် . . . ခုတော့ . . . တတိယမြောက် အိမ်ထောင်နဲ့ သားသမီးတွေ၊ မြေးတွေတောင် ရနေပြီလို့ ချောက်မြို့က ငါ့မိတ်ဆွေတွေက ပြောကြတယ်။ အဘိုးအဖွားတွေ ကွယ်လွန်ပြီး နောက်ပိုင်း လမ်းပေါ်မှာ ကလေး ကချေဖြစ်နေတဲ့ ငါ့သားကို ငါ့ရဲ့ညီ ဝင်းဇော်ကို လွှတ်ပြီးအခေါ်ခိုင်း လိုက်တော့ ပါလာတယ်။ 'မောင်မောင်သစ်'က မင်းတို့တွေ့တဲ့ အတိုင်း ကျန်းမာရေးက ပုံမှန်မဟုတ်တော့၊ ငါနဲ့အတူ ထားပြီး၊ ဆေးကုနေရတယ်၊ သူ့အမေ မကျင်ဖုန်နဲ့ ငါ လူချင်းမတွေ့ အဆက်အသွယ်မရှိတာ နှစ်ငါးဆယ်ရှိပြီ။ 'မောင်မောင်သစ်' တစ်သက် ပေါ့ကွာ. . .။

၁၉၇၆ ခုနှစ် မှာ ပထမဆုံး ဝတ္ထု မနုစာရီ ဝတ္ထုကို တောင်ကြီးမြို့မှာ ရေးပြီး ရန်ကုန်မြို့ ကိုလာပြီး ထုတ်ဝေသူထံ လိုက်ရှာရင်း ဗိုလ်ချုပ်ဈေးက အပ်ချုပ်ဆိုင်ပိုင်ရှင် 'မအေးအေးရွှေ' နဲ့ တွေ့ပြီး မေတ္တာမျှကြတယ်ပေါ့ကွာ။ အဲဒါနဲ့ ရန်ကုန်မှာ ပြန် အခြေချပြီး၊ ၁၉၈၀ မှာ တရားရုံး မှာ လက်ထပ်ပြီး အိမ်ထောင်

www.burmeseclassic.com



ပြုလိုက်တယ်။ အဲဒီနှစ်ကျမှဘဲ ငါလည်း စာမူခတွေ တိုးရပြီး၊ ငါ ဇာတ်လမ်းတွေ ရုပ်ရှင်တို့ ကက်ဆက်ခွေတို့ ထုတ်ကြနဲ့ နာမည် အရမ်းကြီးလာပြီး ပိုက်ဆံ ကိုင်သုံးနိုင်တဲ့ ဘဝရောက် တော့တယ်ကွ။

အဲဒီ 'မအေးအေးရွှေ' က ဘယ်သူ လဲ . . . သိလား။ ဒီမရမ်းတလင်းခြံထဲကို တစ်ပတ်မှာ ငါးရက် လောက်လာလာပြီး ငါ့ကို သီးစုံဟင်းချက်ကျွေး နေတဲ့ မင်းတို့ရဲ့ 'အန်တီအေး' ဗေဒင် ဆရာမကြီး 'မေသိန်' လေ ကွာ။ အဲဒီ ဗေဒင် ဆရာမကြီး 'မေသိန်' ဆိုတာ ကလည်း ဘယ်သူအောက်မေ့လို့လဲ. . ငါ ၁၀နှစ် သားအရွယ်က ကွဲကွာသွားတဲ့ ငါ့ဇနီးဟောင်း ငယ်ချစ်ဦး 'အပွား' ပေါ့ကွာ။ ငါက အိမ်ထောင် သုံးခါကျတယ် . . ဒါပေမယ့် ယူတဲ့ မိန်းမကတော့ နှစ်ယောက်ပဲ။ ဒါကြောင့် ငါ့အိမ် ထောင်ရေးကို 'သရီးအင်တူး' (3in2)လို့ ပြောရတာပေါ့ကွာ။' ဟု ပြောလေသည်။

ထိုအခါ ကျွန်တော်လည်း ဒါဆို အန်တီအေးကြီးက အဘရဲ့ ဝမ်းသရီး (နံပါတ်တစ်နှင့်နံပါတ်သုံး) မိန်းမပေါ့ဟု ဝင်ပြောရာ အားလုံး တဝါးဝါးနှင့် ပွဲကြသွားကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



အဘမင်းသိခ် ကိုယ်တိုင် ရေးသားခဲ့သော "ဘဝ အသချေ" ဝတ္ထု (လာဘ်မိုးခွေစာပေမှ ထုတ်ဝေသည်) တွင် သူ၏ အိမ်ထောင်ရေးနှင့် ပက်သက်သည့် အကြောင်း အရာအချို့ကို ဤသို့ ရေးသားခဲ့ဖူးပါသည်။

## ယောက္ခမအိမ်မှ အမြင်

ကျွန်ုပ်သည် ချောက်မြို့ရှိ ယောက္ခမကြီး၏ တရုတ်ခေါက် ဆွဲဆိုင်တွင် စားပွဲထိုး ဖြစ်သွားရလေတော့၏။ ကျွန်ုပ်အဖို့ ထိုအချိန် က ပြဿနာဘုံမှ စုတေစိတ်ကျ၍ ဝက်ဖြစ်သွားရသော ပြဿနာကြီး ဆက်ပင် အခံရခက်လှတော့၏။

အရုဏ်မတက်မီ၌ အိပ်ယာမှထ၍ ဆိုင်တွင်တပ်ဆင်ထား သော ပျဉ်တံခါးအချပ်ကြီးများကို ဖြုတ်ရ၏။ ထို့သို့ ဖြုတ်ပြီးလျှင် သယ်၍ ဈေးနံရံ၌ ထားရ၏။ ထို့နောက် တစ်ဆိုင်လုံး တံမြက်စည်း လှည်းရ၏။ အဆီတဝင်းဝင်း ထနေသော စားပွဲခုံများကို အဝတ် ဖြင့် ပွတ်ရ၏။ ပြီးလျှင် မီးမွှေး၍ ရေနွေးအိုး တည်ရ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

တွင် အသေတပ်ထားသော လေးထောင့် သံပုံးကြီးတစ်ပုံးတွင် ရေဖြည့်၍ အောက်မှ မီးထိုးပြီးလျှင် ဝက်ရိုးများကို ပြုတ်ရ၏။

ယောက္ခမကြီး၏ တရုတ်ခေါက်ဆွဲဆိုင်တွင် လက်ဖက်ရည်ဆိုင်နှင့် တွဲ၍ ဖွင့်ထားသည်ဖြစ်ရာ လက်ဖက်ရည် ဖျော်ရန် လက်ဖက်ခြောက်များ နှပ်ရ၏။ ထို့သို့ လက်ဖက်ခြောက် နှပ်ပြီးသည်နှင့် လက်ဖက်ရည် စတင်ဖျော်ရတော့၏။

ထိုအချိန်၌ ကျွန်ုပ်၏ ယောက္ခမကြီးသည် အိပ်ယာမှ နိုးနှင့်နေပြီးဖြစ်ရာ ကျွန်ုပ်သည် ၎င်းအား ကြွေရည်သုပ် မတ်ခွက်ကြီးဖြင့် လက်ဖက်ရည်တစ်ခွက်အပြည့်ဖျော်၍ပေးရ၏။တရုတ်ကြီးသည် ကျွန်ုပ်၏လက်ဖက်ရည်ကို တမြုံ့မြုံ့သောက်ရင်း

"အားကြီးကောင်းတယ် . . . အောင်ထွန်း "

ပြုံးပြုံးကြီးနှင့်ချီးမွမ်းလေ၏။ကျွန်ုပ်သည် ၎င်းအား ၎င်း၏သားသမီးများကဲ့သို့ပင် "အပါး"ဟုခေါ်၏။

" ဘာကောင်းတာလဲ အပါး . . . လက်ဖက်ရည်ကောင်းတာလား . . . "

ကျွန်ုပ်ကမေးလိုက်လေ၏။

" လက်ဖက်ရည်ကောင်းတာ မဟုတ်ဘူး . . . မင်းကို ကောင်းတယ်လို့ ပြောတာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟု ယောဂွမတရုတ်ကြီးက ပြုံးပြုံးကြီးနှင့် ကျွန်ုပ်အား ပြန်၍ပြောလေ၏။

" ကျနော် ဘာကောင်းလို့လဲ အပါး . . . "

ဟု ကျွန်ုပ်ကမေးလိုက်ရာ ယောဂွမကြီးက

"ကောင်းတာပေါ့ . . . အောင်ထွန်းရယ် . . . မနက်အစောကြီးထပြီး တံခါးတွေဖွင့်တယ် . . . တံမြက်စည်းလှည်းတယ် . . . စားပွဲခုံတွေ တိုက်တယ် . . . ရေနွေးအိုးကြို့တယ် . . . လှက်ရည်ဖျော်တယ် . . . အဲဒါ ကောင်းတာတွေပေါ့ . . . "

ဟု တရုတ်ကြီးက ပြောလေ၏။

" အပါးကလည်း အဲဒါတွေ ကျနော် နေ့တိုင်း လုပ်နေတာပဲ . . . "

ဟု ကျွန်ုပ်ကပြန်၍ပြောလိုက်လျှင် တရုတ်ကြီးက

" အဲဒါကြောင့် . . . နေ့တိုင်း မင်းကို ကောင်းတယ် ကောင်းတယ်လို့ ပြောနေတာပေါ့ . . . မင်းက နေ့တိုင်း လက်နဲ့လုပ်တာကို ငါက ပါးစပ်ကလေးနဲ့ ပြောတာတောင် . . . နေ့တိုင်း မပြောနိုင်ဘူးဆိုရင် . . . ငါ့ဘက်က လွန်ရာကျမှာပေါ့ . . . ဒါကြောင့် ငါ မနက်တိုင်း မင်းကို အောင်ထွန်း အားကြီး ကောင်းတယ်လို့ ပြောနေရတာပေါ့ . . . မင်းကလည်း ကောင်းတာကိုး . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟု တရုတ်ကြီးက ပြောလေ၏။ ထိုအချိန်၌မှာပင် ယောက္ခမ အဖွားကြီး ထ လာပြီးလျှင်

" အားကြီးကောင်းတယ် . . . လုပ်မနေနဲ့ . . . အောင်ထွန်းက ဒီမှာ နေချင်တာ မဟုတ်ဘူး . . . သူ ကျင်ဖုန်ကို ချစ်လွန်းလို့ နေနေတာ . . . ဒီဆိုင်က ထွက်သွားချင်လှပြီ . . . "

ဟု ဝင်၍ပြော၏။

" အဲဒါကြောင့် အားကြီး ကောင်းတယ်လို့ . . . ငါက ပြောရတာပေါ့ . . . သူမနေချင်တဲ့ နေရာမှာတောင် . . . ဒီလောက် အလုပ်လုပ်နေတယ် ဆိုရင် . . . သူနေချင်တဲ့ နေရာမှာဆိုရင် . . . ဘယ်လောက် အလုပ် လုပ်လိုက်မလဲ မသိဘူး . . . ဒါပေမယ့် ခက်တယ် . . . ဘာခက်သလဲဆိုတော့ . . . ငါတို့ သမီးကျင်ဖုန် နဲ့ ငါတို့က မခွဲနိုင်ဘူး . . . အဲဒီတော့ အောင်ထွန်း ဒီဆိုင်က ထွက်သွားတဲ့နေ့မှာ ကျင်ဖုန်နဲ့သူနဲ့ ကွဲရမှာပဲ . . . ဘာပဲဖြစ်ဖြစ် မင်းတို့လင်းမယားဟာ အကြာကြီး မပေါင်းရဘူး . . . ကွဲသွားမှာပါ . . . ငါကတော့ ကလေးတစ်ယောက် ရတဲ့အထိ မင်းတို့ပေါင်းစေချင်သေးတယ် . . . အဲဒီကျတော့ ကွဲချင်လဲ ကွဲပေါ့ကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟု တရုတ်အဖိုးကြီးက ပြောလေ၏။

“ မဟုတ်တာပဲ . . . အပါးရယ် . . . ကလေးတို့လို့တွဲ လောင်းကျမှ လင်းမယားချင်း ကွဲရင် . . . ကျင်ဖုန်အဖို့ နစ်နာတာပေါ့ . . . ကွဲမယ့် အတူတူတော့ . . . ကလေးမရခင် ကွဲတာ ကောင်းမယ် ထင်တယ် . . . ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်ယောက္ခမအဖိုးကြီးက ခေါင်းကို တွင်တွင်ယမ်းလေ၏။ ထိုသို့ ယမ်းပြီးနောက်

“ မင်းနဲ့ ငါနဲ့ စိတ်ကူးချင်း မတူဘူးကွ . . . ကလေးမရပဲ နဲ့ ကွဲသွားရင် . . . ငါ့သမီးကို တခြားသူတွေက . . . ယောကျ်ား ရပြီးပြီးချင်း ကွဲသွားတယ်လို့ ထင်ကြလိမ့်မယ် . . . အဲ့ဒါ ရှက်ဖို့ ကောင်းတယ် . . . ကလေးတစ်ယောက်ရပြီးမှ ကွဲတယ်ဆိုတော့ . . . ကလေးတစ်ယောက်ရတဲ့အထိတော့ ငါ့သမီးက သည်းခံ ပေါင်းသေးတယ် . . . မတတ်သာတဲ့အဆုံးမှ လင်မယားကွဲကြတာ လို့ အမိပွါယ်ရတယ်ကွ . . . ပြီးတော့ မိန်းမဟာ တခုလပ်ဖြစ်သွား ရင် မလှတော့ဘူး . . . နေ ထိတဲ့ ပန်းကလေးလို ညှိုးသွားရော ကွ . . . ဒါပေမယ့် ကလေးရှိသွားတဲ့ အခါကျတော့ . . . ကလေး ကြောင့် ပြန်လှ လာနိုင်တယ် . . . ပန်းပွင့်က ညှိုးနေပေမယ့် . . . ပန်းဖူး လေးက လန်းနေတာကိုကွ . . . အဲဒါကြောင့် ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဒီကနေ မင်းထွက်သွားမယ်ဆိုရင် . . . ကလေးတစ်ယောက် ရပြီးမှ ထွက်သွားပါကွာ . . . အေး အဲဒီလို ထွက်သွားရင်လည်း ပြန်မလာနဲ့တော့ . . . ”

ဟု ယောက္ခမတရုတ်အဖိုးကြီးက ပြောလေ၏။

“ ဘာဖြစ်လို့ ပြန်မလာရမှာလဲ အပါး . . . ”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“ မင်းပြန်လာရင် . . . ဇာတ်ထုပ်တွေ ရှုပ်ကုန်မှာပေါ့ . . . ဘိုင်စကုတ်တွေ ဘာတွေ မင်း ကြည့်ဖူးတယ် မဟုတ်လား . . . ဇာတ်လိုက်က ပျောက်သွားရော . . . အဲဒီမှာ မင်းသမီးက နောက်ယောကျ်ားယူလိုက်ရော . . . အဲဒီလို ယူမလို့ လုပ်တုန်း . . . စောစောကပျောက်သွားတဲ့ ဇာတ်လိုက် ပြန်လည်း ရောက်လာရော . . . အားလုံး ကျွက်ကျွက်ဆူကုန်တော့တာပဲ . . . အဲဒီမှာ ဇာတ်ထုပ်က ကြည့်လို့ မကောင်းတော့ဘူးကွ . . . မင်းသမီးကလည်း ဘာလုပ်ရမလဲ မသိတော့ . . . သူ့ကိုယ်သူ သတ်ပြီး သေတော့ မလိုလို . . . ဘာလိုလို လုပ်ပြန်ရော . . . တကယ်လည်း သေလို့ မဖြစ်ဘူး . . . တကယ်သေရင် ဇာတ်ထုပ် က တစ်ဝက်ကြီး နဲ့ ပြီးသွားမှာပေါ့ . . . အဲဒီတော့ သေမလိုလိုသာ လုပ်တယ် . . . မသေဘူးကွ . . . ဇာတ်လိုက်ကလည်း ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်လျှက် လွမ်းပြရတယ် ဆိုတော့ . . . မဲ့တဲ့တဲ့ကြီး နဲ့ ကြည့်လို့ မကောင်းဘူးကွ . . . နောက်ယူမယ့် လူကလည်း အူ ကြောင် ကြောင် ဖြစ်နေတာပေါ့ . . . အဲဒီအခါမှာ မင်းသမီးက ဇာတ်လိုက် ကို မောင်းထုတ်လို့လည်း မဖြစ် . . . ခေါ်ထားလို့လဲ မဖြစ်ပေါ့ကွာ . . . အဲဒီမှာ မင်းသမီးက စကားတစ်ခွန်း ပြောလေ့ ရှိတယ်ကွ . . . အလာကောင်းပေမယ့် အခါနှောင်းသွားပြီ . . တဲ့ . . . အဲဒီ လို ပြောတာပဲ . . . ဘာပြောမှန်းတော့ မသိဘူး . . . အလာ ကောင်းတယ်ဆိုရင် အခါနှောင်းဖို့ မရှိဘူးကွ . . . အခါ နှောင်း တယ် ဆိုကတည်းက . . . ဒီကောင်လာတာ မကောင်းလို့ ပေါ့ကွာ . . . ဒီကောင်လာတာ ညံ့လို့ပေါ့ကွာ . . . အဲဒီတော့ အောင်ထွန်း . . . မင်းကိုငါ တစ်ခုပဲ ပြောလိုက်မယ် . . . ဒီက ထွက်သွားရင် မင်း ပြန်မလာနဲ့တော့ . . . တကယ်လို့ မင်း ပြန်လာ ရင် ငါ့သမီး ကျင်ဖုန်က စောစောက စကားမျိုးပြောနေရမယ် . . . အဲဒီစကားကို ငါ အားကြီး နားကလောတယ် . . .”

ဟု တရုတ်အဖိုးကြီးက ရှည်လျားစွာ ပြောလိုက်ရာ ကျွန်ုပ်သည် ရယ်ရသေးတော့၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ယောက္ခမ တရုတ်အဖိုးကြီးအား လွန်စွာချစ်ခင်၏။ အမှန်စင်စစ် ကျွန်ုပ်၌ ဆိုင်၌ နေထိုင်ခြင်းမှာ ကျွန်ုပ်၏မိန်းမ ကျင်ဖုန် ကို ချစ်၍မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ယောက္ခမတာရှတ်အဖိုးကြီးအား ချစ်၍ နေထိုင်ခြင်းဖြစ်၏။ ကျွန်ုပ်သည် ကျွန်ုပ်နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိသော ခေါက်ဆွဲဆိုင် အလုပ်များ၌ နစ်မြုပ်နေရ၏။ ကျွန်ုပ်သည် ထိုဆိုင်မှ ထွက် သွားချင်စိတ်များ တဖွားဖွားပေးနေပြီဖြစ်၏။ ဤသို့ ထွက်သွားချင် စိတ်ပေါ်နေသည့်အထဲတွင် ကျွန်ုပ်၏ မိန်းမကလည်း ကျွန်ုပ်အား နေ့စဉ်နေ့တိုင်း နှင်ချနေ၏။ သို့ရာတွင် ၄င်း၌ ကိုယ်ဝန် ရနေပြီ ဖြစ်၏။

တစ်နေ့တွင် ကျွန်ုပ်၏မိန်းမသည် ကျွန်ုပ်အား အပြစ်မရှိ အပြစ်ရှာကာ နှင်ချပြန်၏။ ထို့ကြောင့် ကျွန်ုပ်သည် တစ်စုံတရာ ပြန်လည် ပြောဆိုခြင်း မပြုတော့ပဲ ကျွန်ုပ်၏ လွယ်အိတ်ကလေး ကို လွယ်ကာ ကျွန်ုပ်၏ယောက္ခမတာရှတ်ကြီးအား နှုတ်ဆက်၍ ထွက်ခဲ့လေ၏။

ကျွန်ုပ်၏ယောက္ခမတာရှတ်ကြီးက ကျွန်ုပ်အား

" အောင်ထွန်း မင်း သွားတော့ မလို့လား "

ဟု မေးလိုက်လေ၏။

" ဟုတ်တယ် . . . အပါး . . . ကျနော် သွားတော့မယ် . . . ဒါပေမယ့် . . . စိတ်ချပါ . . . ကျနော် ဘယ်တော့မှ ပြန် လာပါဘူး . . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကပြောလိုက်လျှင် ကျွန်ုပ်၏ယောက္ခမတာရှုတ်ကြီးက

" ကောင်းတယ် . . . အောင်ထွန်း . . . မင်းပြန်မလာနဲ့ တကယ်လို့ မင်းပြန်လာခဲ့ရင် . . . ငါ့သမီးကျင်ဖုန်က . . . အလာင်ကောင်းပေမယ့် အခါနှောင်းပြီဆိုတဲ့ စကားမျိုးပြောနေဦးမယ် . . . အဲဒီစကားက နားညီးဖို့ကောင်းပါတယ် . . . အမိပ္ပါယ်လည်း မရှိပါဘူး "

ဟု ပြောလိုက်လေ၏။ထို့ကြောင့် ကျွန်ုပ်က

" စိတ်ချပါ . . . အပါး . . . ကျနော် ပြန်မလာပါဘူး . . "

ဟု ပြောဆိုကာ ထိုခေါက်ဆွဲဆိုင်မှ အပြီးအပြတ် ထွက်လာခဲ့လေတော့၏။ထို့နောက် ကျွန်ုပ်သည် မြသုံးလုံး တံဆိပ် ဘတ်စ်ကားဖြင့် မိတ္ထီလာ သို့ လိုက်ခဲ့၏။ မိတ္ထီလာသို့ ရောက်လျှင် ကုန်ကားကြီး တစ်စီးဖြင့် ရန်ကုန်ဘက်ဆီသို့ လိုက်ပါခဲ့၏။ ထိုကုန်ကားကြီးမှာ အာလူးအိတ်များတင်ထားသော ကားကြီးဖြစ်၏။ ကျွန်ုပ်သည် ကားပေါ်သို့ တွယ်တက်ပြီးနောက် ထွက်သည်နှင့် တပြိုင်နက် အာလူးအိတ်ပေါ်သို့ ကျောကို လှန်ချ၍ ကျက်သရေရှိလှသော မိုးကောင်းကင်ကြီးအားကြည့်ကာ လိုက်ပါလာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တို့နေ့သည်ကား တန်ဆောင်မုန်းလပြည့်နေ့ပင် ဖြစ်တော့၏။ မိုးကောင်းကင်ကြီးအား မည်မျှကြာစွာ ကြည့်ရှုလာသည်မသိ။ နောက်ဆုံး၌ မျက်လုံးညောင်းကား ငိုက်မြည်း၍ အိပ်စက် သွား ခဲ့လေတော့သတည်း။ . . . ။

(အဘမင်းသိခ်ကိုယ်တိုင်ရေးသားခဲ့သော "ဘဝအသချေ" ဝတ္ထုမှ အခန်း(၁)ကို ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



## ရဲနီ အောင်ထွန်း

မောင်အောင်ထွန်း အသက် (၂၅)နှစ်အရွယ် ၁၉၆၄ ခုနှစ် တွင် ယုံကြည်ချက်တစ်ခုအတွက် အလံနီကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ရဲနီအောင်ထွန်းဖြစ်ခဲ့သည်။ ပါတီ၏ တာဝန်ပေးချက်အရ ရန်ကုန်မြို့ပေါ်တွင် နေထိုင်ပြီး မြေအောက်လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ရသည်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လ (၂၃) နေ့တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၏ နောက်ဆုံး ဈာပနတွင် မတရားအသင်း ကြေငြာခံထားရသည့် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း တစ်ခုဖြစ်သော အလံနီကွန်မြူနစ်ပါတီ၏ ကိုယ်စား သဝဏ်လွှာဖတ်ကြားပေးရမည့် တာဝန်ကို ရယူထားရသည်။ အလွန်အင်မတန် အန္တရာယ်များသော အလုပ်ဖြစ်သည်။ လုံခြုံရေး များတင်းတင်းကျပ်ကျပ် ချထားသော အခမ်းအနားတွင် တော တွင်းလက်နက်ကိုင် (သူပုန်)အဖွဲ့၏ ကိုယ်စား ဆောင်ရွက်ရမည် ဖြ

www.burmeseclassic.com



အောင်ထွန်းသည် အလံနီကွန်မြူနစ်ပါတီ စာတမ်းကပ်ထားသော ပန်းခြင်းကို ဈာပနအခမ်းအနား၏ ရှေ့တွင် ချလိုက်သည်။စာတမ်းကိုတော့ မှောက်ထားရသည်။လုံခြုံရေးတာဝန်ရှိသူများက စာတမ်းကို တွေ့မြင်သွားပါက သဝဏ်လွှာမဖတ်ခင် အဖမ်းခံရမည်ဖြစ်သည်။

ထို့နောက် စင်မြင့်ပေါ်သို့တက်ကာ အလံနီကွန်မြူနစ်ပါတီ၏ သဝဏ်လွှာကို ခပ်တည်တည်ဖြင့် ဖတ်ကြားသည်။

မြန်မာ့နိုင်ငံအတွက်ကြီးစွာသော ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ လွန်စွာမှပင် နှမြောတသ ဖြစ်ရပါကြောင်း၊ မြန်မာ့ငြိမ်းချမ်းရေး အတွက်လည်း ကြီးစွာသော အနှောက်အယှက်အတားအဆီးကြီးပင် ဖြစ်ပါကြောင်း . . . စသည်ဖြင့် ဖတ်ကြားလေသည်။

သဝဏ်လွှာကို ဖတ်ကြားပြီးသောအခါမှ စင်အောက်သို့ဆင်းလာပြီး ပန်းခြင်းတွင် မှောက်လျက်ချိတ်ထားသော အလံနီကွန်မြူနစ်ပါတီ စာတမ်းကို ဖြုတ်ခနဲ လှန်ကာ တခါတည်း သုတ်ခြေတင်ကာ ပြေးထွက်လာရပါလေတော့သည်။

လုံခြုံရေးတင်းကြပ်ထားသည့်အတွက် မြေပေါ် အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းများသာ လာရောက်နိုင်ကြပြီး မြေအောက် အဖွဲ့အစည်းများ မလာရောက်နိုင်ဟု အမှုမဲ့ အမှတ်မဲ့ တွက်ဆထားသောသော လုံခြုံရေးများသည် အလံနီ စာတမ်းကို မြင်လိုက်ရသောအခါ ပြာပြာသလဲ ဖြစ်သွားကြပြီး သဝဏ်လွှာ ဖတ်သွားသော လူငယ်ကို လိုက်ရှာကြလေသည်။မောင်အောင်ထွန်း ကတော့ ကောင်းစွာ တိမ်းရှောင် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

မောင်အောင်ထွန်းသည် အလံနီကွန်မြူနီပါတီအတွက် ကောင်းစွာ တာဝန်ကြေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တပ်မတော်အစိုးရက တောတွင်းလက်နက်ကိုင်များကို ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် ဖိတ်ခေါ်ခဲ့သည်။

ငြိမ်းချမ်းရေးကို လိုလားသည့် မောင်အောင်ထွန်း တို့ကလည်း ရန်ကုန်မြို့တွင်း၌ လှည့်လည်ကာ ငြိမ်းချမ်းရေးတရားပွဲများကျင်းပကာ ငြိမ်းချမ်းရေး တရားဟောကြသည်။

အစိုးရနှင့် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆွေးနွေးများ ပျက်သွားပြီး တောထဲမှ လာရောက်ဆွေးနွေးကြသောသူများက တောထဲသို့ ပြန်သွားကြသည်။

အစိုးရထောက်လှမ်းရေးများက ငြိမ်းချမ်းရေးတရားဟောကြသည့်သူများကို လိုက်လံ ဖမ်းဆီးသည်။ မောင်အောင်ထွန်းသည်လည်း ဝရမ်းပြေးဖြစ်သွားရပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ● ဗေဒင်ပညာအစ ●

မောင်အောင်ထွန်းသည် တရားခံပြေးဘဝဖြင့် သင်္ဃန်းကျွန်း ရွှေနားပန်ဘုရားအနီး ဘုန်းကြီး တစ်ကျောင်းတွင် ပုန်းခိုနေရ သည်။ နယ်သို့ ခေတ္တပြန်ကြွ သွားသော ဦးဇင်းတစ်ပါး၏ အခန်းတွင် ပုန်းခိုနေရသည်။၎င်းဦးဇင်းလေး သည် အင်း ပညာကို ဝါသနာပါ လိုက်စားနေသော သူဖြစ်သည်။

မောင်အောင်ထွန်းသည် အပြင်သို့ ထွက်၍မရသဖြင့် ဦးဇင်းသေတ္တာထဲမှ အင်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေ့လာသည်။ သင်္ချာပညာကို ဝါသနာအခံ ရှိသူမို့ အင်းပညာကိုလည်း စိတ်ဝင်တစားဖြင့် လေ့လာခဲ့သည်။ အင်းပညာ၏ ထူးခြားချက်များ ၊ လျှို့ဝှက်ချက်များကို ကျကျနနမြင်တွေ့ သွားခဲ့သည်။

အင်းရေးပုံ ၊ အင်းချပုံ ၊ ဂဏန်းသွင်းပုံ စသည်တို့ကို ကိုယ်တိုင် လုပ်ကြည့်သည်။ စမ်းသပ်ကြည့်သည်။ အင်းပညာ၏ စိတ်ဝင်စားစရာ ထူးချက်ချက်များကိုလည်း တွေ့မြင်သိရှိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံပြေးဘဝဖြင့် အင်းအတတ်ပညာကိုလည်း နားလည်တတ်ကျွမ်းသူဖြစ်လာခဲ့ သည်။

ဦးဇင်း၏ သေတ္တာအတွင်းမှ အင်းစာအုပ်များကို ကုန်စင်အောင် ဖတ်ရှုလေ့လာမှတ်သားပြီးသော အခါ သော့ခတ်ထားသည့် စာအုပ်ဗီဒိုကြီးနှစ်လုံးကို ဆရာတော်ထံ ခွင့်တောင်းပြီး ဖွင့်ကြည့်သည်။ မဟာဘုတ်၊ သုံးတန်ပေါ်နီစိ၊ ဆန်းကျမ်း၊ ဇာတာ၊ လက္ခဏာစသည့် ဗေဒင်ကျမ်းအဖုံဖုံနှင့် ဗုဒ္ဓစာပေကျမ်းဂန်များကို တွေ့ရပြန်သည်။ ဗုဒ္ဓစာပေကျမ်းဂန်များကိုလည်း ကုန်စင်အောင် ဖတ်ရှုလေ့လာ ဖြစ်ခဲ့ရသည်။ ဗေဒင်ကျမ်းဂန်များကိုလည်း တစ်အုပ်ပြီးတစ်အုပ် တစ်ကျမ်းပြီးတစ်ကျမ်း လေ့လာမှတ်သားခဲ့သည်။ အလွတ် ကျက်မှတ်ခဲ့သည်။

ဤသို့ဖြင့် မောင်အောင်ထွန်းသည် တရားခံပြေးဘဝဖြင့် ဘုန်းကြီးကျောင်းတွင် ပုန်းခိုနေရသော အခိုက်အတန့်မှာပင် ဗေဒင်ပညာရပ်များကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်သူ တစ်ဦးဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ထွက်တော်မူ မြို့က စွာလေပြီ

အလံနီကွန်မြူနစ်ပါတီ၏ ရန်ကုန်မြို့တာဝန်ခံ တစ်ဦးဖြစ်သူ ရဲနီအောင်ထွန်းသည် ရန်ကုန်မြို့တွင်း၌ပင် လှည့်လည်တိမ်းရှောင်ပုန်းခိုရင်း ပါတီမှ ပေးအပ်သော တာဝန်များကို ထမ်းဆောင်နေရသည်။

အစိုးရထောက်လှမ်းရေးများကလည်း ပိုက်စိပ်တိုက်ရှာဖွေနေပြီ ဖြစ်သည်။ ရန်ကုန်တွင် ဆက်လက်နေထိုင် လှုပ်ရှားရန် အခွင့်မသာတော့ချေ။ ထို့ကြောင့် တောတွင်း၌လွတ်လပ်စွာ လှုပ်ရှားနေကြသည့် အဖွဲ့များနှင့် သွားရောက်ပူးပေါင်းရန် ဆုံးဖြတ်လိုက်ပါလေတော့သည်။

မနက်မိုးလင်းခါနီး ဝေလီဝေလင်းအချိန်တွင် လွယ်အိတ်ကလေးကို လွယ်ရင်း ပုန်းခိုနေသော ဘုန်းတော်ကြီး ကျောင်းမှနေ လျှို့ဝှက်စွာထွက်ခွာလာခဲ့သည်။

ထို့နောက် မြစ်ဆိပ်သို့သွားကာ စက်လှေပေါ်သို့တက်၍ နေရာယူလိုက်သည်။စက်လှေ စထွက်သည်နှင့် ရဲနီအောင်ထွန်းသည် နံနက်ခင်း ဝေလီဝေလင်းအချိန်တွင် မှိုင်းညို့ညို့ဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ကြီးကို လွမ်းဆွတ်တသစွာဖြင့်ကြည့်နေရင်း သူ၏ မျက်လုံးအိမ်တွင် မျက်ရည်များ စို့လာရပါလေတော့သည်။စိတ်အတွင်းမှလည်း

" ငါ့မိသားစုရှိတဲ့ . . . ငါ့အပေါင်းအသင်းမိတ်ဆွေတွေရှိတဲ့ . . . ငါ့ဇာတိမြို့ဖြစ်တဲ့ . . . ငါ အင်မတန်ချစ်တဲ့ ရန်ကုန်မြို့ကြီးကနေ အပြီးအပိုင်ထွက်ခွာလာခဲ့ရပြီပဲ . . . ငါတို့တော်လှန်ရေး အောင်မြင်မှပဲ . . . ငါ့မိသားစု . . . ငါ့မိတ်ဆွေအပေါင်းအသင်းတွေ နဲ့ ပြန်တွေ့ရတော့မယ် . . . ဒီကြားထဲမှာ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်တော့ဘူး . . . "

မနက်ခင်းဝေလီဝေလင်းအချိန်တွင် မှိုင်းညို့ညို့ဖြစ်နေသော ရန်ကုန်မြို့ကြီးသည်ကတော့ ရဲနီအောင်ထွန်း စီးနင်းလိုက်ပါနေသည့် စက်လှေကြီးနောက်တွင် တဖြေးဖြေးနှုတ်ဆက်ကာ ဝေးကာ ဝေကာဖြင့် ကျန်ရစ်နေခဲ့ပါလေတော့သည်။

ရဲနီအောင်ထွန်း၏ ရင်ထဲတွင် ဆို့နင့်စွာ ခံစားနေရပြီး မျက်လုံးအိမ်တွင်လည်း မျက်ရည်များ စို့လျှက်ပင် ရှိနေပါလေတော့သည်။ လွန်စွာ လွမ်းဆွတ်ကြေကွဲစရာကောင်းလှသော အခြေအနေပင်ဖြစ်သည်။

ထိုနောက် မောင်အောင်ထွန်းသည် တွံတေးမြို့နယ်အဆိုင်တောကြီးတန်းဒေသတွင် အခြေစိုက်ကာ လှုပ်ရှားနေသည့် ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



ရဲဘက် အလံနီကွန်မြူနစ်ပါတီဝင်များနှင့် ပူးပေါင်းကာ ပါတီ၏ လုပ်ငန်းစဉ်များကို ဆက်လက် ထမ်းဆောင်နေပါလေတော့သည်။

ယုံကြည်ချက်တစ်ခုအတွက် တောခို သွားခဲ့ခြင်း ဖြစ်သည်။ တွဲတေး-တောကြီးတန်းတွင် ပါတီ၏တာဝန်များကို ထမ်းဆောင်ရင်း လိုအပ်သော သင်တန်းကို တက်ရသည်။ လေ့ကျင့်မှုတွေလည်း ပြုလုပ်ရသည်။

ထို့နောက် ပါတီ၏ တာဝန်ပေးချက်အရ ရန်ကုန်မြို့တွင် မြေအောက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်သို့ လျှို့ဝှက်စွာ ပြန်လည်ဝင်ရောက်လာခဲ့သည်။

ပုံနှိပ်စက်တစ်ခုတွင် လူကြီးဖြစ်နေသော အလံနီကွန်မြူနစ်ပါတီ၏ သူလျှို နှင့် ချိတ်ဆက်ကာ ၎င်းပုံနှိပ်စက်တွင် အလုပ်ဝင်ရမည် ဖြစ်သည်။ ၎င်းပုံနှိပ်စက်ကို အသုံးပြုကာ လိုအပ်သော ဝါဒဖြန့် စာရွက်စာတမ်းများကို ရိုက်နှိပ်ဖြန့်ဝေရမည်ဖြစ်သည်။

သို့သော်လည်း ရဲနီအောင်ထွန်း အလုပ်ရခါနီးတွင် ၎င်းသူလျှိုမှာ အဖမ်းခံလိုက်ရသည်။ ရဲနီအောင်ထွန်း ပွတ်ကာသီကာ လွတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားမယ် . . . ထွက်သွားမယ် . . . ခင်ဗျားလို ဆရာစိတ်မရှိတဲ့ . . . ဆရာမပီသတဲ့ ဆရာတွေဆီမှာ တပည့်ခံရမယ့်အစား . . . ကူလီပဲ ထမ်းစားတော့မယ် . . ."

ဟု အော်ဟစ်ပြောဆိုကာ စာသင်ခန်းထဲမှနေ ထွက်လာခဲ့ပါတော့သတည်း။

နောက်ရက်များတွင်လည်း ကျောင်းကို ပြန်မသွားတော့ပေ။ဖခင်ဖြစ်သူမှာ ကျောင်းပြောင်းရန်အတွက် ကျောင်းထွက်လက်မှတ် သွားတောင်းသော်လည်း အမျိုးမျိုးအကြောင်းပြကာ ၊အမျိုးညစ်ကာ ကျောင်းထွက်လက်မှတ် မပေးပဲနေလေသည်။ ထို့ကြောင့် မည်သည့်ကျောင်းကိုမှ တက်၍မရပဲ ဖြစ်နေလေသည်။

မောင်အောင်ထွန်းလေးသည် စာရွက်လွတ်တစ်ရွက်တွင် "ကျနော့ကို ကျောင်းတက်ခွင့် ပေးပါ" ဟူသော စာတမ်းလေးကို ရေးပြီးနောက် ၎င်းစာရွက်ကို ကိုင်ကာ ကျောင်းရှေ့တွင် သွားရပ်နေလေသည်။ ဆန္ဒပြလိုက်ခြင်း ဖြစ်သည်။

နောက်ဆုံးတွင်တော့ မောင်အောင်ထွန်းလေးကို ၎င်းကျောင်းမှနေ ကျောင်းထွက်လက်မှတ် ထုတ်ပေးသဖြင့် တခြားကျောင်းသို့ ပြောင်းလိုက်ရပါလေတော့သည်။

နောင်တစ်ချိန်တွင် ဆရာကြီးမင်းသိခ် ဖြစ်လာသောအခါ တပည့်များကို ဆုံးမလေ့ရှိသော စကားတစ်ခွန်းရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဲနီအောင်ထွန်း မှနေ ကျူရှင်ဆရာအောင်စိုး ဖြစ်သွားသည်။ကလေးများကို ကျူရှင်ပြရင်း ပါတီ၏တာဝန်များကို ဆက်လက် ထမ်းဆောင်နေရသည်။

အစိုးရထောက်လှမ်းရေးများကလည်း ကျူရှင်ဆရာအောင်စိုး ကို သံသယဖြင့် စောင့်ကြည့်နေကြသည်။

ရဲနီအောင်ထွန်းကတော့ ပိရိသေသပ်စွာ လိမ္မာပါးနပ်စွာဖြင့် ပါတီ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

(အဘမင်းသိခ်သည် စကားစပ်မိလေတိုင်း တောခိုရန်အတွက် ရန်ကုန်မြို့မှနေ စတင်ထွက်ခွာချိန်တွင် ခံစားရသောခံစာချက်များကို ပြောပြလေ့ရှိပါသည်။ထိုသို့ ပြောပြနေရင်းမှနေ အဘ၏အသံသည် တိမ်ဝင် သွားတတ်ပြီး အဘ၏မျက်လုံးအိမ်တွင် မျက်ရည်များလည်း ဝဲ နေလေ့ရှိပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



## ထုံကြည်ချက်အတွက် ဧဆောင်(၇)နှစ် (သို့) ဝဿမအကြိမ် ဧဆောင်ကျခြင်း

၁၉၆၅ ခုနှစ် မိုးများရွာနေစဉ်၌ ကျူရှင်ဆရာ အောင်စိုး တစ်ဖြစ်လဲ ရဲနီအောင်ထွန်းသည် တောင်ဥက္ကလာရှိ ကုလားဘုရား မှတ်တိုင်အနီး ကုလားမလေးထမင်းဆိုင်မှ ပြန်အထွက် နောက်မှနေ ခေါ်သံတစ်ခုကို ကြားလိုက်ရသည်။

" ဟော့ . . . အောင်ထွန်း . . . "

အစစအရာရာ သတိထားနေသော မောင်အောင်ထွန်း သည် နောက်သို့ ယောင်၍လှည့်ကြည့်လိုက်သည်။ ထောက်လှမ်း ရေး တစ်ဦးမှ မောင်အောင်ထွန်းအား နောက်ကျောမှနေ ဆောင့် တွန်း လိုက်သဖြင့် မှောက်ယက်လဲကျသွားသည်။လက်ကိုနောက် ပြန်လိမ်လိုက်ပြီးနောက် ကျောကို ဒူးဖြင့်ဖိကာ နားထင်ကို သေနတ် ဖြင့်ထောက်ထားလိုက်သည်။

" ခုခံဖို့ မစဉ်းစားနဲ့ ကိုအောင်ထွန်း . . . ပစ်မိန့် ပါတယ်နော် . . . . "



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ထွန်း ခုခံချိန်မရ ပြေးချိန် မရတော့ပဲ ဖမ်းဆီးခံခဲ့ရသည်။

ထောက်လှမ်းရေးများက ကျူရှင်ဆရာမောင်အောင်စိုး အား မောင်အောင်ထွန်း အထင်နှင့် စောင့်ကြည့်နေကြသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ ပရိယာယ်သုံးကာ နာမည်ရင်းကို အမှတ် မထင်ခေါ် လိုက်ခြင်းပင်ဖြစ်သည်။ ထောက်လှမ်းရေးများ၏ လိမ္မာ ပါးနပ်မှု ၊မောင်အောင်ထွန်း၏ သတိလေးတစ်ချက် လွတ်သွားမှု တို့ ကြောင့် အဖမ်းခံလိုက်ရသည်။

ထောက်လှမ်းရေးရုံးသို့ ရောက်သောအခါ ညနေမိုးချုပ် နေပြီဖြစ်သည်။စစ်ကြောမေးမြန်းမည့် ထောက်လှမ်းရေးအရာရှိကို စောင့်ဆိုင်း နေရသည်။မောင်အောင်ထွန်းသည် ပြတင်းပေါက်မှ နေတဆင့် အပြင်ဘက်သို့ လှမ်းကြည့်ရင်း စဉ်းစားနေလေသည်။ လှိုင်မြစ်ထဲတွင် မောင်းနှင်နေသော စက်လှေသံများကို ကြားနေရ သည်။

" ဒီအပေါက်ကနေ ထွက်ပြေးပြီး သံဆူးကြိုးတံတိုင်းတွေ ကို ကျော်လိုက်ရင် သီလရှင်ကျောင်းကို ရောက်မယ် . . . သီလရှင် ကျောင်းကို ကျော်ဖြတ်ပြီးတာနဲ့ လှိုင်မြစ်ကမ်းကို ရောက်မယ် . . . လှိုင်မြစ်ကမ်းကို ရောက်တာနဲ့ ရေကူးပြီး ပြေးရင်ပြေး . . . ဒါမှမ ဟုတ် စက်လှေတစ်စီးစီးပေါ် တက်ပြေးရင် . . . "



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွေးနေဆဲသခိုက်မှာပင် မောင်အောင်ထွန်း အနေနှင့်ဤသို့တွေးနေလိမ့်မည်ဟု ကြိုတင်တွက်ဆထားသော ဘေးနားတွင် ထိုင်နေသော မျက်မှန်တပ်ထားသည့် အသက်ကြီးကြီး ထောက်လှမ်းရေးအို အဖိုးကြီးက . . .

“ ကောင်လေး . . . မင်းတွေးတာ မဖြစ်နိုင်ဘူးကွ . . . ယောဟို အမှောင်ထဲမှာ ကင်းပုန်းတွေ ရှိတယ်ကွ . . . ပြီးတော့ သံဆူးကြိုးကလည်း တစ်ထပ်တည်း မဟုတ်ဘူး . . . နှစ်ထပ်ကွ . . . သီလရှင်ကျောင်း နဲ့ လှိုင်မြစ်ကမ်းကြားမှာလည်း ကင်းပုန်းတွေ ရှိနေသေးတယ်ကွ . . . ကောင်လေး အခု မင်း စဉ်းစားနေတဲ့အတိုင်း ပြေးရင် လွတ်ဖို့ မလွယ်ပါဘူး ကွာ . . . ”

ဟု ဆိုကာ ကင်းပုန်းများ ၊ သံဆူးကြိုးများကို ခါတ်မီးဖြင့် ထိုးပြလေသည်။ အသက် (၂၅ )နှစ် အရွယ်သာ ရှိသေးသော မောင်အောင်ထွန်း သည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် အနည်းငယ် အံ့ဩသွားရလေသည်။

ထိုအချိန်တွင် ထောက်လှမ်းရေးအရာရှိ ရောက်ရှိလာပြီးနောက် မောင်အောင်ထွန်းအား လက်ဖက်ရည်တိုက်သည်။ မောင်အောင်ထွန်း၏ ပခုံးကို ပုတ်ကာ ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွှေဖြင့် နှုတ်ဆက်လိုက်ပြီးနောက် အေးဆေးချိုသာသော လေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ညီလေး အောင်ထွန်း . . . မင်းက ကိုယ့်ညီအရွယ်ပဲ ရှိသေးတယ် . . . ညီအရင်းတစ်ယောက်လို ကိုယ်ချင်းလည်း စာတယ်ကွာ . . . ဒီတော့ ကိုယ် ကူညီနိုင်တာ တစ်ခုရှိတယ် . . . မင်း ရဲ့ အမှုက အနည်းဆုံး ထောင်ခုနှစ် နှစ် ကျနိုင်တယ် . . . "

ဟုပြောလေရာ မောင်အောင်ထွန်းလည်း စိတ်ဝင်တစား ဖြင့် နားထောင်နေလေသည်။ ၎င်းအရာရှိက ဆက်ပြောသည်။

" မင်းအနေနဲ့ . . . ကျနော်လုပ်ခဲ့တဲ့ ရ ်ရပ်တွေဟာ . . . မှားပါတယ်လို့ . . . မင်းကိုယ်တိုင်ရေးပြီး ဝန်ခံကတိ လက်မှတ်ထိုးပေးပါ . . . လစာကောင်းကောင်း နဲ့ ဝန်းထမ်း အလုပ် တစ်ခုရအောင် လူကြီးတွေကို ငါပြောပေးမယ်. . . . "

ထိုအချိန်က လခစား ဝန်ထမ်းအလုပ်ရဖို့ အင်မတန် ခက်ခဲသည်။ ဝန်းထမ်းများ ဖူဖူလုံလုံ ပိုပိုလျှံလျှံ သုံးစွဲနိုင်သော ဝန်း ထမ်းခေတ်ဖြစ်သည်။မောင်အောင်ထွန်းအရွယ် လူငယ်များ အဖို့ ဝန်ထမ်းအလုပ်သည် မက်မောစရာပင်ဖြစ်သည်။

မှားသည်ဟု ဝန်ခံလိုက်လျှင် လစာကောင်းကောင်းဖြင့် အလုပ်တစ်ခုရမည်။ဝန်မခံလျှင် အနည်းဆုံး ထောင် (၇)နှစ်ကျ မည်။ထောင်မှထွက်လျှင်လည်း ထောင်ထွက်ဆိုပြီး အလုပ်တစ်ခု ရဖို့ မလွယ်ကူတော့ချေ။ထောက်လှမ်းရေးအရာရှိကလည်း ညီအရွယ် မို့ ကိုယ်ချင်းစာပြီး သဘောရိုးဖြင့် ပြောဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ညီလေးအောင်ထွန်း စဉ်းစားဖို့ အချိန်တစ်နာရီ ပေးမယ်ကွာ . . . "

ဟုဆိုကာ အခန်းအပြင်သို့ ပြန်လည်ထွက်ခွာ သွားသည်။ မောင်အောင်ထွန်းလည်း ဝန်ထမ်းအလုပ်နှင့် ထောင်ခုနှစ် နှစ်မည်သည့်အရာကို ရွေးချယ်ရမည်နည်း စဉ်းစားနေလေသည်။တစ်နာရီခန့် ကြာသောအခါ ထောက်လှမ်းရေးအရာရှိ ပြန်ရောက်လာသည်။

" ညီလေး စဉ်းစားပြီးလောက်ပြီ ထင်တယ် . . . "

မောင်အောင်ထွန်း၏ မျက်နှာသည် ရှင်းလင်းပြတ်သားနေသည်။ကြည်လင်စူးရှနေသော မျက်ဝန်းအစုံဖြင့် ထောက်လှမ်းရေးအရာရှိ၏ မျက်နှာအား စိုက်ကြည့်လိုက်ပြီးနောက်

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် . . . ဒါပေမယ့် အခုအချိန်အထိ ကျနော်လုပ်ခဲ့တဲ့ လုပ်ရပ်တွေကို မှားတယ်လို့ ကျနော်ကိုယ်တိုင်မယုံကြည်ဘူး . . . မှန်တယ်လို့ ယုံကြည်နေတုန်းပါပဲ . . . ဒါကြောင့် ကျနော့ လျှာ က . . . မှားတယ်လို့ ပြော ဖို့ အလုပ် မလုပ်နိုင်ပါဘူး . . . "

ဟု ပြောလိုက်လေသည်။ထောက်လှမ်းရေးအရာရှိလည်း မောင်အောင်ထွန်း၏ မျက်နှာအား အံ့ဩစွာဖြင့် စိုက်ကြည့်နေလေ



www.burmeseclassic.com

www.burmeseclassic.com


သည်။အောင်အောင်ထွန်းက ပြတ်သားသော လေသံဖြင့် ဆက်၍ ပြောလေသည်။

" ကျနော်ကိုယ် ကျနော် . . . မှားတယ်လို့ . . . ယုံကြည်တဲ့ တစ်နေ့ကျရင် . . . ဘယ်သူမှ တိုက်တွန်း စည်းရုံးနေစရာ မလိုပါဘူး . . . ကျနော်မှားတယ်လို့ ဝန်ခံပါ့မယ် . . . အခုတော့ မှန်နေတုန်းပဲလို့ . . . ယုံကြည်နေတဲ့အတွက် မှားတယ်လို့ ဝန်မခံနိုင်ပါဘူး . . . ထောင် (၇)နှစ်ပဲ အကျခံပါမယ် . . . "

ထောက်လှမ်းရေးအရာရှိသည် ထိုင်နေရာမှနေ ဆတ်ခနဲတ ကာ အလေးပြုလိုက်လေသည်။

" လေးစားတယ်ကွာ ညီလေးအောင်ထွန်း . . . မင်းထက် ရာထူးအဆမတန်ကြီးတဲ့ . . . အသက်အင်မတန် ကြီးတဲ့သူတွေ . . . ဒီအဆင့်မှာတင် ကျဆုံးသွားကြတာချည်းပဲ . . . မင်းလို ဘာမဟုတ်တဲ့ သာမန်ရဲဘော်လေး အဆင့်က ဒီစကားမျိုးပြောထွက်တယ် . . . ဒီလိုခံယူချက် ယုံကြည်ချက်မျိုး ရှိနေတယ် . . .။

အရင့်အရင်က တွေ့ခဲ့ရဖူးတဲ့ လူတွေ နဲ့ ကွာပါ့ကွာ . . . လခစား ဝန်ထမ်းအလုပ်ရမယ် ဆိုတာနဲ့ ခံယူချက် ယုံကြည်ချက်တွေ ပြောင်းလဲသွားကြတဲ့ သူတွေကများတယ် . . . "

မောင်အောင်ထွန်း၏ ပခုံးကို ဖက်လိုက်ပြီးနောက်

" ညီလေး အောင်ထွန်း . . သိပ်ပြီး လေးစားတယ်ကွာ


www.burmeseclassic.com

www.burmeseclassic.com



. . ငါ့ညီအရင်းများ ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲ . . လောလော ဆယ်တော့ . . ထောင် (၇)နှစ် အကျခံလိုက်ပေဦးပေါ့ကွာ . . ”

ဤသို့ဖြင့် ခံယူချက်ပြင်းထန်သော ယုံကြည်ချက်ပြင်း ထန်သော မောင်အောင်ထွန်းသည် အသက် (၂၅ )နှစ်အရွယ် (၁၉၆၅)ခုနှစ်တွင် ယုံကြည်ချက်အတွက်ဖြင့် ထောင်ခုနှစ်နှစ် ကျခံခဲ့ရပါလေတော့သည်။ ထောင်ငါးနှစ်သာကျခံရပြီး ၁၉၇၀ ခုနှစ်တွင် ပြန်လွတ်မြောက်လာပါသည်။

နောင်တစ်ချိန် ဆရာကြီးမင်းသိင်္ခအဖြစ် လူသိထင်ရှား နာမည်ကြီးလာသောအခါ သုဝဏ္ဏနေအိမ်တွင် ၄င်းထောက်လှမ်း ရေးအရာရှိနှင့် ပြန်လည် ဆုံတွေ့ခဲ့ရပါသည်။အဘမင်းသိင်္ခ၏ဘဝ တွင် အမှတ်ရ အောင်းမေ့ဖွယ်ရာကောင်းသော ၊လွမ်းဆွတ်ဖွယ်ရာ ကောင်းသော အကြောင်းအရာလေး တစ်ခုဖြစ်ခဲ့ရပါသည်။

ဆရာကြီးမင်းသိင်္ခဖြစ်လာသောအခါ ကျွန်ုပ်တို့ တပည့် များအား မကြာခဏ ဆုံးမလေ့ရှိသော စကားတစ်ခွန်း ရှိသည်။

**“ အမှန်တရား နဲ့ ကျေးဇူးတရား ထိပ်တိုက်တွေ့ရင်**
**. . . အမှန်တရားဘက်ကပဲ လိုက်ရမယ် . . .**
**အမှန်တရား ကို လောကကြီးက ချစ်တယ်ကွ . . . ”**



www.burmeseclassic.com

www.burmeseclassic.com



## ထောင်ထဲမှာ အင်္ဂလိပ်စာသင်

ပညာသင်ကြားရမည့် အသက်(၂၅)နှစ်အရွယ်တွင် ယုံကြည်ချက်အတွက် ထောင် (၇)နှစ်ကျခံခဲ့ရသော မောင်အောင်ထွန်းသည် ထောင်ထဲတွင် ဝါရင့်နိုင်ငံရေးသမားကြီးများနှင့်အတူ နေခဲ့ရသည်။တချို့ဝါရင့်နိုင်ငံရေး သမားကြီးများသည် အနောက်နိုင်ငံများတွင် သွားရောက်ပညာသင်ကြားခဲ့ကြပြီး ဘွဲ့ထူးဂုဏ်ထူးများရရှိထားကြသော ပညာတတ်ကြီးများဖြစ်ကြသည်။

မောင်အောင်ထွန်းသည် ထောင်ထဲတွင် မည်သည့်အလုပ်မှုမရှိပဲ အားလပ်နေသဖြင့် အင်္ဂလိပ်စာကို ကျက်မှတ်သင်ယူလေသည်။နားမလည်သည်များ မရှင်းသည်များကို အတူနေနေရသော နိုင်ငံရေးသမားကြီးများထံတွင် မေးမြန်းသင်ကြားသည်။ ၎င်းတို့ကလည်း ကောင်းစွာသင်ကြားပေးလေသည်။ မီးနင်းများကို အိမ်သာသုံးစက္ကူများတွင် ရေးမှတ်ပြီး တစ်နေ့လျှင် ငါးလုံး ဆယ်လုံးစသည်ဖြင့် အလွတ်ရအောင် ကျက်မှတ်သည်။

မောင်အောင်ထွန်းကိုယ်တိုင်ကလည်း ကြိုးစားသင်ယူသောကြောင့် အင်္ဂလိပ်စာကို ကောင်းစွာ ဖတ်တတ် ၊ ရေးတတ်သည့်အပြင် အင်္ဂလိပ်စကားကိုလည်း အင်္ဂလိပ်ကြီးတစ်ယောက်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ကောင်းစွာပြောနိုင်သူ ဖြစ်လာခဲ့သည်။ ထောင် (၅)နှစ်သည် မောင်အောင်ထွန်းအား အင်္ဂလိပ်ကျောင်းသို့ ပို့လိုက်သည့်အလား အင်္ဂလိပ်စာကျွမ်းကျင်သူ ဖြစ်လာစေခဲ့ သည်။

ထောင်မှထွက်လာသည့်နောက်ပိုင်းတွင်လည်း အင်္ဂလိပ်စာကို ဆက်လက်ပြီး ကြိုးစားကျက်မှတ်သင်ယူခဲ့သည်။ သွားလေရာတွင် အင်္ဂလိပ်မြန်မာ အဘိဓါန်စာအုပ် ဆောင်ထားလေ့ရှိသည်။ မမှတ်မိသော အင်္ဂလိပ်စာလုံးများကို အဘိဓါန်တွင် ရှာကြည့်သည်။ ကြည့်လိုက်သော စာလုံးဘေးတွင် ခဲတန်နီပြာတံမှ အနီဖြင့် အနီစက်လေး တစ်စက် ချထားလေ့ရှိသည်။

နောက်တစ်ကြိမ် မသိ၍ လှန်ကြည့်လိုက်သောအခါ ၎င်းစာလုံးဘေးတွင် အနီစက်လေးကို တွေ့လိုက်ရပါက

"ငါ တော်တော် ညံ့ပါလား . . . ဒီစာလုံးကို မသိလို့ ဆိုပြီး အရင်တစ်ခါ ကြည့်ထားပြီးပြီ . . . အခု ထပ်ကြည့်ရပြန်ပြီ . . . ငါ တော်တော်ညံ့ပါလား . . . "ရေရွတ်ပြီး နောက်ထပ် အနီစက်တစ်စက်ထပ်ချသည်။ ထိုစာလုံးကို အလွတ်ရသွားသည် အထိ အခေါက်ခေါက်အခါခါ ထပ်၍ ကျက်ပစ်လိုက်သည်။အနီစက်သုံးစက်အထိ တွေ့ရပါက ၎င်းစာလုံးကို ရန်သူကဲ့သို့ အညိုးအတေးထားပြီး အခေါက်ခေါက်အခါခါ အရေနိုင်မတွက် နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



" တခါတလေ . . . ပညာ လိုချင်တဲ့ ကျောင်းသားနဲ့

ပညာနဲ့ကြားမှာ . . . ဆရာ မပီသတဲ့ ဆရာတွေ

ကြောင့် . . ဆရာဟာ . . . အနှောင့်အယှက် အတား

အဆီး ဖြစ်နေ တတ်တယ် . . . မင်းတို့ လည်း

ဆရာမပီသတဲ့ ဆရာ . . . မဖြစ်စေနဲ့ . . . "

## အငြိုး အာဃာတ

နောင်တစ်ချိန် ဆရာကြီးမင်းသိခ်အဖြစ် လူသိထင်ရှား နာမည်ကြီးလာသောအခါ ၄င်းသင်္ချာဆရာသည် ယတြာယူရန် အလို့ငှာ မှော်ဘီမရမ်းတလင်းခြံကြီးထဲသို့ ရောက်လာခဲ့သည်။

အဘမင်းသိခ် နှင့် ၄င်းဆရာတို့နှစ်ဦးစလုံးသည် အသက်များကြီးရင့်နေကြပြီး အိုမင်းမစွမ်း အဖိုးကြီးများအရွယ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ အဘမင်းသိခ်က ၄င်းသင်္ချာဆရာကို ကောင်းစွာမှတ်မိနေသော်လည်း ၊ သင်္ချာဆရာအဖိုးကြီးကတော့ အဘမင်းသိခ်ကို ကောင်းစွာမှတ်မိခဲ့ခြင်း မရှိပါ။

အဘမင်းသိခ်သည် ၄င်းသင်္ချာဆရာအဖိုးကြီးကို ကျကျနနထမင်းကျွေး လက်ဖက်ရည်တိုက်ပြီး အဘကျွမ်းကျင်သော ယတြာပညာဖြင့် ကောင်းစွာကူညီပေးခဲ့လေသည်။ ထို့နောက် မြင်းကားဖြင့် ကားဂိတ်အထိ လိုက်ပို့ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျတ်မှတ်ပစ်လိုက်သည်။

ဤသည်မှာလည်း မောင်အောင်ထွန်း၏ အင်္ဂလိပ်စာ ကျက်မှတ်နည်းပင်ဖြစ်သည်။

မောင်အောင်ထွန်းသည် ရည်မှန်းချက် ရည်ရွယ်ချက်များ ကြီးမားစွာ ထားရှိသော်လည်း ထောင်မှ ထွက်လာကာစတွင် အလုပ်မရှိ အကိုင်မရှိ ငွေမရှိဖြင့် ဆင်းရဲချို့တဲ့စွာ ဖြတ်သန်း နေရသည်။

စာအုပ်စာတမ်းများကိုလည်း ဝယ်ယူဖတ်ရှုရန်ခက်ခဲလေ သည်။ထို့ကြောင့် မျက်နှာငယ်စွာဖြင့် အောက်ကျို့ကာ ငှားရမ်း ဖတ်ရှုရလေသည်။ငှားပြီး ပြန်ပေးရမည့် စာအုပ်များ ဖြစ်သဖြင့် ပထဦးစွာ တစ်ခေါက်ဖတ်သည်။ အရေးကြီးသည့် အလေးနက် ထားရမည့် အကြောင်းအရာများကို မှတ်သားထားပြီး ဒုတိယတစ် ကြိမ် ထပ်ဖတ်သည်။

လွန်စွာအရေးကြီးသော အကြောင်းအရာများကို တတိယ တစ်ခေါက် ထပ်ဖတ်ပြန်သည်။

ဒိုးဒိုးဒေါက်ဒေါက် အလွတ်ရထားသင့်သည့် စာပုဒ်များ ကို အလွတ်ရသည်အထိ အာဂုံဆောင်ကာ အလွတ်ကျက်ထားလိုက် သည်။

ထို့ကြောင့် မောင်အောင်ထွန်းသည် ဖတ်ခဲ့ပြီးသမျှ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ် တိုင်းလိုလိုကို အလွတ်နီးပါး မှတ်မိနေပြီးသားဖြစ်နေသည်။

နောင်တစ်ချိန် ဆရာကြီးမင်းသိခ် ဖြစ်လာသောအခါ ၎င်းအကြောင်းအရာနှင့် ပက်သက်၍ အဘ ပြောလေ့ရှိသော စကားတစ်ခွန်းရှိသည်။

" ငါ့အနေနဲ့ ဖတ်ခဲ့ပြီးသမျှ စာအုပ်တွေကို အလွတ်နီးပါး ရနေတယ် ဆိုတာ . . . ကြိုးစားချင်လွန်းလို့ မဟုတ်ဘူးကွ . . ငှားပြီး ပြန်ပေးရမှာ ဆိုတော့ တခါတည်း အလွတ်ကျက်ပစ်လိုက်တာ . . . ဘဝ ရဲ့ ဆင်း ရဲတဲ့ဒဏ်တွေပေါ့ကွာ . . . "

အင်္ဂလိပ်စာ နှင့် ပက်သက်၍လည်း ယခုကဲ့သို့ ပြောလေ့ရှိသည်။

" အင်္ဂလိပ် မီးနင်းတွေ အလွတ်ရနေတယ် ဆိုတာ တလည်း . . . ကံဆိုးချင်တော့ ထောင်ကျတယ် . . . ကံ ကောင်းချင်တော့ ဘာအလုပ်မှ မရှိတော့ . . . အင်္ဂလိပ်စာ မီးနင်းတွေကို နေ့တိုင်း ထိုင်ကျက်ခွင့်ရတယ် . . . ဒစ်ရှင်နယ်ရီတစ်အုပ်လုံး နီးပါး အလွတ်ရသွားတာပေါ့ကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



# ဘဝစုံ ပညာစုံသူ

မောင်အောင်ထွန်း၏ ဘဝသည် သာမန်လူများနှင့် မတူပဲ တမူထူးခြားလျှက်ရှိနေပါသည်။ အသက်ငယ်ငယ်မှာပင် ကျောင်းသားဖြစ်ခဲ့ရဖူးသည်။ ကျောင်းထုတ်ခံခဲ့ရဖူးသည်။

တပ်မတော်သားဖြစ်ခဲ့ဖူးသည်။ အလံနီကွန်မြူနစ်ပါတီဝင်ရဲဘော်(သူပုန်) ‑တစ်ယောက်အဖြစ် တောထဲ တောင်ထဲတွင် ဝတ်ဝတ်ပြတ်ပြတ် ကြပ်ကြပ်တည်းတည်း ကျင်လည်ခဲ့ရသည်။ မြို့ပေါ်တွင်လည်း အန္တရာယ်များစွာလှုပ်ရှားခဲ့ရသည်။

အကြိမ်ကြိမ်အခါခါ ဝရမ်းပြေး ဖြစ်ခဲ့ရဖူးသည်။

ဆီစက်ညစောင့်ဘဝ ၊ ဆန်စက်အင်စပက်တော်ဘဝ၊ ဆန် စက်မန်နေဂျာဘဝ၊ ဒူးရင်းသီးရောင်းသူဘဝ စသည်တို့တွင်လည်း ကျင်လည်ခဲ့ရသည်။

တပ်မတော်သားဘဝတွင် ဂေါ်ရခါးလူမျိုး ဆရာရပ်ရှ်ထံမှ စစ်ပညာများ၊ လူမှုဆက်ဆံရေးများ သင်ကြားခဲ့ရသည်။

နိုင်ငံရေးသမားဘဝတွင် ဗိုလ်စန်းမောင်ဆိုသော ဆရာကောင်းတစ်ဦးနှင့် အနီးကပ်နေထိုင်ခွင့်ရရှိကာ ပညာကောင်းများ



www.burmeseclassic.com

www.burmeseclassic.com



စွာကို သင်ယူဆည်းပူးခွင့် ရရှိခဲ့သည်။

ထောင်ထဲတွင် အင်္ဂလိပ်စာမီးနင်းများကို ကျက်မှတ်ပြီး အတူနေ နိုင်ငံရေးသမားကြီးများထံမှ အင်္ဂလိပ်စာပညာကို အနီးကပ်သင်ယူဆည်းပူးခွင့် ရရှိခဲ့သဖြင့် အင်္ဂလိပ်စာကိုလည်း ကောင်းစွာ ဖတ်တတ်၊ပြောတတ်၊ရေးတတ်သူ ဖြစ်လာခဲ့ရသည်။

တယာဆရာတစ်ယောက်ထံတွင် တပည့်ခံကာ တယောထိုးခြင်း အတတ်ပညာကို ကောင်းစွာသင်ကြား တတ်မြောက်ခဲ့သည်။

မြန်မာ့သိုင်းပညာကို ကျကျနနတတ်ကျွမ်းသော ပန်းတိမ်ဆရာကြီးတစ်ဖြစ်လဲ သိုင်းဆရာကြီး ဦးအောင်သိန်းထံတွင် သိုင်းပညာကို ဆရာဖြစ်ကျွမ်းကျင်စွာ သင်ကြားတတ်မြောက်ခဲ့သည်။

ဆရာကြီးဦးသော်ဇင် ထံတွင်လည်း သင္ကတဘာသာကို သင်ယူ လေ့ကျင့်ခဲ့ဖူးသည်။

ဩဇာရိကတိုင်းရင်းဆေးပညာ ၊ အဘိဓမ္မာတောင်သာဆေးပညာကိုလည်း ဆရာဖြစ်သင်ကြားတတ်မြောက်ခဲ့သည်။

ထို့ပြင်တဝ မောင်အောင်ထွန်း၏ အဘွားအရင်းဖြစ်သူသည် ဇာတ်အဖွဲ့ ထောင်ထားသော အငြိမ့်မင်းသမီးဖြစ်သည်။ မောင်အောင်ထွန်းသည် ကလေးဘဝကပင် အဘွားဖြစ်သူနှင့်ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



တဲကြီးသို့ သွားလည်လေ့ရှိသည်။ပြဇာတ်ဒါရိုက်တာ ရွှေဒုန်း ဆန်းညွန့်၏ အချစ်တော် တပည့်ရင်းဖြစ်ခဲ့ရသည်။ ရွှေဒုန်း ဆန်းညွန့်ကလည်း မောင်အောင်ထွန်းအား အင်မတန်ချစ် လေသည်။ အားလပ်ချိန်တိုင်း ဆရာဆန်းညွန့် အနားတွင် ကပ်နေ လေ့ရှိသည်။ ဇာတ်၏ သဘောသဘာဝများ၊ အထာများ၊ ရုပ်ရှင် များနှင့် ကွဲပြားချက်များ၊ ဇာတ်ညွှန်းခွဲပုံများ ကိုလည်း သင်ကြား တတ်မြောက် ခဲ့ရပြန်သည်။

(နောင်တစ်ချိန် စာရေးဆရာ မင်းသိမ်္ခအဖြစ် နာမည် ကြီးထင်ရှား အောင်မြင်လာသောအခါ ရွှေဒုန်းဆန်းညွန့် သည် မင်းသိမ်္ခ၏ အမာခံပရိတ်သတ် ဖြစ်ခဲ့ရသည်။သို့သော်လည်း မင်းသိမ်္ခ ဆိုသူမှာ သူ၏တပည့်လေး မောင်အောင်ထွန်း ဖြစ်သည် ဆိုသည်ကိုတော့ ကွယ်လွန်ခါနီးမှပင် သိလိုက်ရပေသည်။

ပရိတ်သတ်များ ရူးသွပ်စွဲလန်း ကြိုက်နှစ်သက်ခဲ့ရသည့် ဇာတ်လမ်းဇာတ်အိမ်ကောင်းများကို ဖန်တီးနိုင်သော မြန်မာစာပေ လောက၏ ဂန္ထဝင်မြောက် စာရေးဆရာကြီးတစ်ဆူ ဖြစ်လာ ခဲ့ရာ တွင်လည်း ဆရာရွှေဒုန်းဆန်းညွန့် သင်ကြားပေးခဲ့သည့် ဇာတ်နှင့် ပက်သက်သောပညာမှာ အဓိကအခန်းမှ ပါဝင်နေမည် ဆိုသည် ကတော့ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။)





## ဗေဒင်ဆရာမြင့်စိုးအောင်နှင့် တွေ့ဆုံစဉ်

ရဲနီအောင်ထွန်းသည် ယုံကြည်ချက်တစ်ခုကို အကြောင်း ပြု၍ (၁၉၆၅)ခုနှစ်တွင် ထောင်သွင်း အကျဉ်းချ ခံခဲ့ရပြီး (၁၉၇၀) တွင် အင်းစိန်ထောင်မှနေ ပြန်လည် လွတ်မြောက်လာခဲ့သည်။

ထောင်မှ လွတ်လာပြီးနောက် လမ်းဘေးဈေးသည်၊ အင်း စိန်ဖွဲ့နုဆီစက် ညစောင့်၊ လေးထောင့်ကန်ကျေးရွာရှိ ပြည်တော် အေး ဆန်စက်မန်နေဂျာ၊ စပါးအဝယ်တော် အလုပ်များကိုလည်း လုပ်ကိုင်ခဲ့သည်။

ရည်မှန်းချက် ရည်ရွယ်ချက်ကြီးမားသော်လည်း အလုပ် လက်မဲ့ဖြစ်နေသော မောင်အောင်ထွန်းသည် ဟောင်းနွမ်းနေသော စစ်အကျီ၊ ဖာထေးရာများပြည့်နေသော လုံချည်အစုတ်၊ သဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



## မောင်ဆရာမြင့်စိုးအောင်နှင့် တွေ့ဆုံခန်း

ရဲနီအောင်ထွန်းသည် ယုံကြည်ချက်တစ်ခုကို အကြောင်းပြု၍ (၁၉၆၅ )ခုနှစ်တွင် ထောင်သွင်း အကျဉ်းချ ခံခဲ့ရပြီး (၁၉၇၀) တွင် အင်းစိန်ထောင်မှနေ ပြန်လည် လွတ်မြောက်လာခဲ့သည်။

ထောင်မှ လွတ်လာပြီးနောက် လမ်းဘေးဈေးသည်၊ အင်းစိန်ဖွဲ့နုဆီစက် ညစောင့်၊ လေးထောင့်ကန်ကျေးရွာရှိ ပြည်တော်အေး ဆန်စက်မန်နေဂျာ၊ စပါးအဝယ်တော် အလုပ်များကိုလည်း လုပ်ကိုင်ခဲ့သည်။

ရည်မှန်းချက် ရည်ရွယ်ချက်ကြီးမားသော်လည်း အလုပ်လက်မဲ့ဖြစ်နေသော မောင်အောင်ထွန်းသည် ဟောင်းနွမ်းနေသော စစ်အင်္ကျီ၊ ဖာထေးရာများပြည့်နေသော လုံချည်အစုတ်၊ သဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကာ မလဲနိုင်သဖြင့် သဲကြိုးဖြင့်တွယ်ထားရသော ဂျပန်ဖိနပ် အစုတ်လေးကိုစီးကာ လွယ်အိတ်အစုတ်တစ်လုံးကို လွယ်ရင်း လှည့်လည်သွားလာနေခဲ့သည်။ လွယ်အိတ်ထဲတွင်တော့ ဖတ်စရာ စာအုပ် တစ်အုပ်နှင့် အင်္ဂလိပ်အဘိဓာန်တစ်အုပ်၊ နီပြာခဲတံများ ပါလေ့ရှိသည်။

ရွှေတိဂုံဘုရားအပါအဝင် တန်ခိုးကြီးဘုရားများသို့ လှည့်လည်ကာ အဓိဋ္ဌာန်များ ဝင်ခဲ့သည်။

တစ်နေ့သ၌ မောင်အောင်ထွန်းသည် ဘုရားဖူးရန် အလို့ငှာ တောင်ငူမြို့ရှိ ရွှေဆံတော်သို့ ထွက်လာခဲ့သည်။ ဘုရားဖူး အဓိဋ္ဌာန်ပြုပြီးနောက် ရင်ပြင်တော်ပေါ်တွင် ထိုင်နေရင်းဖက်ကြမ်း ဆေးပေါ့လိပ်ဖွာလိုက် စာဖတ်လိုက်လုပ်နေလေသည်။

ထိုအချိန်တွင် ဗေဒင်ဆရာမဟုတ်သော မောင်အောင် ထွန်းထိုင်နေသောနေရာသို့ ဘုရား၌ ဗေဒင်ဟောနေသည့် ဗေဒင် ဆရာ မြင့်စိုးအောင် ရောက်လာသည်။

သူတို့နှစ်ဦး ဗေဒင်ပညာရပ်များ ဆွေးနွေး မိကြရာမှ မောင်အောင်ထွန်းက ဗေဒင်ပညာနှင့်ပက်သက်သည့် အကြောင်း အရာများ နှံ့စပ် ကျွမ်းကျင်စွာ ပြောဆိုနိုင်ကြောင်း ဦးမြင့်စိုး အောင် သတိထားမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

“ကျုပ်က အခုသာ ဘာကောင်မှ မဟုတ်သေးတာ . . . နောင်တစ်ချိန် ဗေဒင်ဆရာကြီးတစ်ဆူဖြစ်အောင် လုပ်မယ် . . . တပည့်တွေအများကြီး မွေးထုတ်ပြီး ဗေဒင် ပညာတွေ သင်ကြား ပေးမယ် . . . အဲဒီအချိန်ကျရင် ငါ့နာမည်ကို “မင်းသိခ်” ဟု ခေါ်ရမယ်။ အဲဒီနာမည်နဲ့ ပြောလိုက်လို့ရှိရင် လူတိုင်းက သိပြီး ငါနေတဲ့ နေရာ လမ်းညွှန်နိုင်ကြလိမ့်မယ်။ အဲဒီအခါကျရင် မင်း ငါ့ဆီကို လိုက်ခဲ့တော့ ကိုမြင့်စိုးအောင်” မင်းကို ငါ့လိပ်စာ ပေးခဲ့စရာမလိုဘူးကွ ဟု ပြောကြားခဲ့လေသည်။

တခဏ အတွင်းမှာပင် မောင်အောင်ထွန်း၏ရည်ရွယ် ချက်ကြီးမားပုံ၊ ကြိုးစားပုံ၊ လုပ်ရည်ကိုင်ရည် အရည်အချင်းရှိပုံ များကို မျက်ဝါးထင်ထင် တွေ့မြင်ပြီး လေးစားယုံကြည်သွားခဲ့ရ သော ဗေဒင်ဆရာမြင့်စိုးအောင်သည် မောင်အောင်ထွန်း၏ ရှေ့တွင် ဒူးထောက်ထိုင်လိုက်ပြီးနောက် လက်အုပ်ချီရင်း

“ နောင်တစ်ချိန် အောင်မြင်ကျော်ကြားတဲ့ ဗေဒင်ဆရာ ကြီးဖြစ်လာပြီး တပည့်တွေကို ပညာသင်ကြားပေးမယ်ဆိုတဲ့အခါ ကျရင် . . . ကျွန်တော့်ကို ပထမဦးဆုံး တပည့်အဖြစ် နဲ့ တပည့် ခံခွင့် ပြုပါ . . . ”

ဟု လေးလေးနက်နက်ပြောကာ ထိုင်ကန်တော့လေသည်။ မောင်အောင်ထွန်းကလည်း ခွင့်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီအစုတ်၊လုံချည်အစုတ်၊ဖိနပ်အစုတ်၊နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဗရပျစ်နှင့် သားသားနားနားမရှိသော ဗေဒင်ဆရာ မဟုတ်သေးသည့် လူတစ်ယောက်ကို သားသားနားနားနှင့် ဗေဒင်ဆရာဖြစ်နေသည့် လူတစ်ယောက်က တောင်ငူမြို့ ရွှေဆံတော် ဘုရားပေါ်၌ ထိုင်ကန်တော့နေခြင်း ဖြစ်သည်။ လွန်စွာထူးခြားသည့် မြင်ကွင်းမျိုးဖြစ်သည်။

နောင်တစ်ချိန် ဆရာကြီးမင်းသိင်္ခ ဖြစ်လာသည့် အခါတွင် လည်း ယခင်ကတိသစ္စာများအတိုင်း ဆရာမြင့်စိုးအောင်သည် ပထမဦးဆုံးသောတပည့်ဖြစ်လာခဲ့သည်။

(အဘမင်းသိင်္ခ၏ ပထမဆုံးတပည့်ဖြစ်သော ဆရာ မြင့်စိုးအောင်သည် ဆေးကုခြင်း၊ စာရေးသားခြင်း၊ စီးပွားလုပ်ငန်း များကို ဦးစီးလုပ်ကိုင်ခြင်း စသည့် အလုပ်များကို လုပ်ကိုင်နေရင်း ယနေ့ထက်တိုင် ပဲခူးမြို့ ဘုရားကြီးရပ်တွင် နေထိုင်လျှက်ရှိသည်။ ဆရာမြင့်စိုးအောင် ၏ သားဖြစ်သူသည် Point လက္ခဏာရည်ဆိုင် နာမည်ဖြင့် ဘုရားကြီးလမ်းဆုံထိပ် ပဲခူးမြို့တွင် ဖွင့်လှစ်ထား ပါတယ်။)


အဘမင်းသိင်္ခနှင့် ဆရာမြင့်စိုးအောင် တို့ စတင်တွေ့ရှိကြပုံ၊ ကတိ[illegible]ားထားရှိခဲ့ကြပုံ စသည်တို့မှာလည်း အဘမင်း မင်းသိင်္ခ၏ဘဝ[illegible]များနှင့်မတူ တမူထူးခြားသော စိတ်ဝင်စား စရာ အကြောင်းအရာတစ်ခုပင် ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





(၆၀-၆-၆၀) ဦးမြထွန်းနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သချ်ာဆရာအဖိုးကြီးကတော့ ၄င်းအား ကျကျနန ကူညီပေးလိုက်သော ဆရာကြီးမင်းသိခ်ဆိုသူမှာ သူစာအုပ် လွှင့်ပစ်ကာ မောင်းထုတ်ခဲ့သော သူ၏ တပည့်လေးဖြစ်နေသည် ကိုတော့ သိသွားခဲ့ရခြင်း မရှိပါ။

သချ်ာဆရာအဖိုးကြီးပြန်သွားသောအခါမှ ကျောင်းသားဘဝက ဇာတ်ကြောင်းများကို ထပ်မံပြောပြလေသည်။

"အသက်တွေလည်း ကြီးလာပြီဆိုတော့ . . . အဲဒြိုး အာယာတ တွေလည်း မရှိတော့ပါဘူး . . . စကားပြောနေရင်း သူမောင်းထုတ်လိုက်တဲ့ တပည့်လေးမှန်းသိသွားမှာ စိုးရိမ်နေမိတယ် . . . ဘာကြောင့်လဲ ဆိုတော့ . . . သူ စိတ်မကောင်း ဖြစ်သွားမှာ စိုးလို့ပါ . . . ."

**"ငါ့အနေနဲ့ ငါတတ်တဲ့ ပညာတွေ နဲ့ ခုနှစ်ရက် သားသမီးအပေါင်းကို ကူညီမယ်လို့ သစ္စာဆို အဓိဋ္ဌာန်ပြုထားတဲ့ အတွက်ကြောင့် . . . ဘယ်သူပဲ ရောက်လာ ရောက် လာ ကူညီကယ်တင်ရမှာပါပဲ . . . ."**

ဤသည်မှာလည်း အဘမင်းသိခ် ၏ ခုနှစ်ရက်သားသမီးများအပေါ်တွင် ထားရှိသော အတုယူဖွယ်ရာကောင်းသည့် စိတ်သဘောထား ခံယူချက်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ချိန်ခွင်ပမာ

ချိန်ခွင်မှာ .....

ပစ္စည်းထည့်တဲ့ခွက်ရယ် .....

အလေးထည့်တဲ့ခွက်ရယ်လို့ နှစ်ခုရှိတယ် .....၊

ဒါပေမယ့် .... ချိန်ခွင်မှန်တယ်ဆိုတာ

အဲဒီခွက်နှစ်ခုထဲမှာ မရှိဘူး .....၊

ပစ္စည်းထည့်တဲ့ဘက်မှာလည်း မရှိဘူး .....၊

အလေးထည့်တဲ့ဘက်မှာလည်း မရှိဘူး .....၊

အဲဒီနှစ်ခုရဲ့အပြင်ဘက်ကို ရောက်နေတယ်၊

ချိန်ခွင်မှန်ခြင်းဟာ ချိန်ခွင်ပေါင်ရဲ့အပေါ်က

လျှာမှာ ရောက်နေတယ်၊ သီးခြားကင်းလွတ်နေတယ်၊

အဲဒီလိုပဲ ...

ဗေဒင်မှန်ခြင်းဟာလည်း

တွက်ကိန်းတွေထဲမှာလည်းမရှိဘူး၊

ပြက္ခဒိန်တွေထဲမှာလည်း မရှိဘူး .....၊

အဲဒီအရာတွေနဲ့ ကင်းလွတ်နေတယ် .....၊

ဒါကြောင့်

ဘယ်နည်းနဲ့ တွက်မှ မှန်တယ် ...

ဘယ်ပြက္ခဒိန်နဲ့တွက်မှ မှန်တယ် ... ဆိုတဲ့

စကားတွေလာပြောရင် နားပိတ်ထားရုံမှအပ

ဘာ လုပ်စရာရှိလို့လဲ.....၊

www.burmeseclassic.com

www.burmeseclassic.com


## " ဇော်သဗျာကရဏ ဗေဒင်ပညာ "

အဘမင်းသိခ်သည် ဗေဒင်ဆရာမဖြစ်သေးမီအချိန်က ပင် ဗေဒင်ပညာရပ်တစ်ခုကို တီထွင် ခဲ့သည်။ ဇော်သဗျာကရဏ ဗေဒင်ပညာဖြစ်ခဲ့သည်။

အလုပ်အကိုင်မဲ့နေသော၊ ဝင်ငွေမဲ့နေသော ငယ်သူငယ် ချင်းအား ဗေဒင်ပညာသင်ပေးပြီး ဗေဒင်ဆရာလုပ်စေသည်။ အဘမင်းသိခ် သင်ပေးလိုက်သော ဗေဒင်ပညာများဖြင့် စားဝတ်နေရေးတွေ ကို ပြေလည်စေခဲ့သည်။

ထို့နောက် လူ (၈)ယောက်ဖြင့် စတင်ကာ " ဇော်သဗျာ ကရဏ " ဗေဒင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဆင်းရဲချို့တဲ့စွာဖြင့် စတင်ခဲ့ရခြင်းဖြစ်သည်။

ပထမဆုံး ဇော်သဗျာကရဏဗေဒအဖွဲ့ဝင်ရှစ်ဦးမှာ -

(၁) ဆရာ တင်အောင်လွင် (ကွယ်လွန်)

(၂) ဆရာ ပံသုကျော်

(၃) ဦးဝင်းမြင့်အောင် (ကွယ်လွန်)


www.burmeseclassic.com

www.burmeseclassic.com



(၄) ဆရာကျော်စိုးဟန် [ဘုန်းကြွယ်] (ကွယ်လွန်)
(၅) ဆရာဖြိုးဟန်ကျော် (ကွယ်လွန်)
(၆) သုတဇော်
(၇) သုခဇော်
(၈) ထက်အောင်လှိုင် [ဦးစံအေး](ကွယ်လွန်)

တို့ဖြစ်ပါသည်။

ဘုရားတွင် အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်ကြသည့်အခါ အမွေးတိုင်တစ်တိုင်တည်းကိုသာ စုပေါင်းအသုံးပြုခဲ့ရသည်။ တစ်ယောက် (တစ်ဆယ်ပြား)စီစုပြီး လက်ဖက်ရည်တစ်ခွက်ဝယ်ကာ တစ်ငုံစီ သောက်ခဲ့ ရသည်။

ရွှေဘုန်းပွင့်ဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့ အကြို အဖိတ်နေ့တွင် " ဇင်္ကသဗျာကရဏ " ဗေဒင်ပွဲတော်ကို နှစ်စဉ် ကျင်းပပြုလုပ်သည်။ထိုညတွင် ဗေဒင်အခမဲ့ဟောပေးပြီး နောက် နေ့(လပြည့်နေ့) မနက်စောတွင် ဘုရားကိုဆွမ်းတော်ကြီး ကပ်ကြသည်။

ဆင်းရဲချို့တဲ့စွာဖြင့် အစပြုခဲ့ရသော ဇင်္ကသဗျာကရဏ ဗေဒင်ပညာရှင်များသည် နောက်ပိုင်းတွင်တော့ အောင်မြင်သော၊ ချမ်းသာသော ဗေဒင်ဆရာ ၊ဆရာမကြီးများ ဖြစ်လာခဲ့ကြသည်။ လူတိုင်းကားစီးနိုင်ရန် ခဲယဉ်းသော ခေတ်ကာလတွင် တိုက်တွေ ကားတွေနှင့် ဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ (၈)ယောက်ဖြင့် စတင်ခဲ့သော " ဇော်သဗျာကရဏ ပေဒင်ပညာရှင်များအဖွဲ့ " သည်လည်း နောက်ပိုင်းတွင် ရာဂဏန်း ထောင်ဂဏန်းအထိ တိုးပွားလာခဲ့သည်။

ရွှေဘုန်းပွင့်ဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော လူ(၈) ယောက်ဖြင့်သာစတင်ခဲ့ရသည့် " ဇော်သဗျာကရဏ " ပေဒင်ပွဲတော်သည် နောက်ပိုင်းတွင်တော့ ကြက်ပျံမကျ ကျိတ်ကျိတ်တိုးစည်ကားလာခဲ့သည်။

နောက်ပိုင်းတွင်တော့ " ဇော်သဗျာကရဏ " ပေဒင်ပွဲတော်ကို ရွှေဘုန်းပွင့် ဘုရားတွင် မပြုလုပ်တော့ပဲ မရမ်းတလင်း အယူတော်မင်္ဂလာခြံကြီးထဲတွင် နှစ်စဉ်ပြုလုပ်ခဲ့သည်။

အဘမင်းသိမ်ခ် တီထွင်ခဲ့သော " ဇော်သပေဒင်ပညာများ" ကို စနစ်တကျမှတ်တမ်းတင်ထားသည့် " ဇော်သဗျာကရဏ မူရင်းမူမှန် ကျမ်းကြီး " ကိုလည်း အဘမင်းသိမ်ခ် ကိုယ်တိုင်ပင် ရေးသား ပြုစုမှတ်တမ်းတင်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်တွင် အဘမင်းသိမ်ခ်သည် သူတည်ထောင်ခဲ့သော " ဇော်သဗျာကရဏ " ပေဒင်အဖွဲ့မှနေ နှုတ်ထွက်ခဲ့သည်။

ယခုအခါတွင် " ဇော်သဗျာကရဏ ပေဒင်ပညာရှင်များအဖွဲ့ " ကို အဘမင်းသိမ်ခ်၏ တပည့်ရင်းကြီးများက ဦးဆောင်ပြီး ဆက်လက်ချီတက်လျှက် ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပုတီးသမား

အလုပ်အကိုင်မဲ့ဘဝ၊ စားရသောက်ရမဲ့ ငတ်ပြတ်ပြတ်ဘဝ၊ ဝင်ငွေမဲ့ဘဝ ၊ ခြေသလုံး အိမ်တိုင်ဘဝ၊ ဘဝ၏ကြေကွဲမှုများ၊ နာကျဉ်းမှုများ ၊ အပူမီးများ ဗလောင်ဆူနေရသောဘဝတွင် မောင်အောင်ထွန်းသည် ရွှေတိဂုံဘုရားတွင် အဓိဋ္ဌာန်ပြုကာ တစ်နှစ်တိတိ အဓိဋ္ဌာန်ပုတီး စိပ်ခဲ့သည်။

တနင်္လာထောင့်ရှိ ကျား-ခြင်္သေ့ ဘုရားရှေ့ နေရာသည်၄င်း ၊ မလှမ်းမကမ်းရှိ ဝိဇ္ဇာလိုဏ်ဂူ ဆိုသော ချောင်ကလေးသည်၄င်း ၊ နောင်တော်ကြီးဘုရားသို့တက်သည့် လှေကား၏ဘေး လူသူအရောက်အပေါက်နည်းသော ချောင်ကလေးသည်၄င်း၊ အင်းစိန်မြို့ အောင်ပေါဓိသစ္စာမဏ္ဍိုင် ဓာတ်ခန်း၊ ဂွတ္တလစ်ရှိ အောင်သိဒ္ဓိကုန်းနှင့် မြန်မာပြည်အနှံ့ ဘုရားများ၌ မင်းသိခ်လောင်းလျာ မောင်အောင်ထွန်း ၏ အဓိဋ္ဌာန် ပုတီးစိပ်ရာ နေရာများပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပြွတ်ပြွတ် ဘဝဖြင့် မသေရုံတမယ် စိပ်ခဲ့ရသည်။

ရွှေတိဂုံဘုရားမှ ပုတီးစိပ်ပြီးအပြန်တွင် မွန်ထမင်းဆိုင် တစ်ဆိုင်တွင် ဝင်စားလေ့ရှိသည်။ ထမင်းဆိုင်ပိုင်ရှင် အဒေါ်ကြီးနှင့်လည်း မျက်မှန်းတန်းမိကာ အတော်အတန်ပင် ရင်း နှီးနေပြီဖြစ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ အကြွေးစားလေ့ရှိသည်။

မောင်အောင်ထွန်းသည် အကြွေးစားသည်ဖြစ်စေ၊ လက်ငင်းစားသည်ဖြစ်စေ ဈေးအချိုဆုံးဖြစ်သည့် ငံပြာရည်ချက်နှင့် တို့စရာများကိုသာ မှာစားလေ့ရှိသည်။ ရင်းနှီးနေပြီဖြစ်သော ဆိုင်ပိုင်ရှင် မွန်မကြီးက

"ဟဲ့ကောင်လေး . . . နင်က နွားဘဝက လာတာထင်တယ် . . . တို့စရာ တော်တော်ကြိုက်တာပဲ . . . လိုက်ထည့်ပေးလို့တောင် မနိုင်ဘူးဟဲ့ . . . "

ဟုပြောလေရာ မောင်အောင်ထွန်းက

" ပြောတတ်ပလေဗျာ . . . တို့စရာတွေကို အဲလောက်ကြိုက်စရာလားဗျ . . . ကြိုက်တာပြောပါဆိုရင်တော့ . . . ဟောဟိုတန်းစီထားတဲ့ အိုးတွေထဲက ဝက်သားတုံးဆီပျံကြီးတွေကို ကြိုက်တာပေါ့ဗျ . . . အနည်းဆုံး ဘဲဥ ချဉ်ဟင်းလေးလောက်တော့ . . . စားချင်တာပေါ့ဗျ . . . အခုဟာက ပိုက်ဆံမရှိလို့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



မ တတ်နိုင်လို့ ဈေးအပေါဆုံး ငံပြာရည်ဖျော်နဲ့ တို့စရာကို စားနေရတာဗျ . . . ရှင်းလား . . .”

ဟု စိတ်ပေါက်ပေါက်နှင့် ပြန်ပြောခဲ့ရဖူးသည်ဟု ဆိုသည်။

ဤသို့ဖြင့် မင်းသိမ်ဲ လောင်းလျာ မောင်အောင်ထွန်းသည် ငတ်ငတ်ပြတ်ပြတ်ဘဝဖြင့် ရွှေတိဂုံကုန်းတော်ပေါ်တွင် ပုတီးအမိဌာန်စခန်းကို ပင်ပန်းဆင်းရဲစွာ ခက်ခဲကြပ်တည်းစွာဖြင့် တစ်နှစ်တိတိ လျှောက်လှမ်းခဲ့ရဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းသိခ် အစ တောင်ကြီးက






www.burmeseclassic.com

www.burmeseclassic.com





မဟာဂန္ဓာရုံထွက်မယ့်ည မိခင်ကြီးကို ကန်တော့ခြင်း (၂၅-၇-၂



www.burmeseclassic.com

www.burmeseclassic.com



## မင်းသိင်္ခ အစ စောင်ကြီးက

ငတ်ငတ်ပြတ်ပြတ်ဘဝဖြင့် ရွှေတိဂုံဘုရားတွင် ပုတီးအမိဌာန်စခန်းကို လျှောက်လှမ်းလာခဲ့ရာ တစ်နှစ်တိတိပြည့်သောနေ့တွင် အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရှင်မှ တရားစွဲသဖြင့် အိမ်နေရာဖယ်ပေးရတော့မည်ဖြစ်ကြောင်း တစ်မိသားစုလုံး လမ်းဘေးတွင်နေရမည့် ကိန်းသို့ရောက်သွားပြီဖြစ်ကြောင်း မိခင်အိုကြီးက ဆီး၍ပြောလေသည်။ ထိုသတင်းသည် မောင်အောင်ထွန်း၏ ရင်ဝသို့ ဆီး၍ကန်လိုက်သည့်အလား နင့်ခနဲနေအောင် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘဝစိန်ခေါ်မှုများ







www.burmeseclassic.com

www.burmeseclassic.com



"အစိဌာန်ကတော့ အစွမ်းပြပြီပေါ့ . . . တစ်နှစ်တိတိ ပြည့်တဲ့နေ့မှာပဲ . . . တစ်မိသားစုလုံး ဘုံပျောက်ပြီး လမ်းဘေး ထွက်နေရမယ့် ကိန်းဆိုက်ပြီ "

**"ဆင်းရဲရင် အနှိပ်စက်ခံရမယ်၊ ချမ်းသာအောင် လုပ်ရမယ်။ ငါ့ဘဝကို မင်းသိခ် ဆိုတဲ့နာမည်နဲ့ ချမ်း ချမ်းသာသာဖြစ်အောင် လုပ်ရမယ့် အချိန်ကြပြီပေါ့ . . . "**

ဟု ကြုံးဝါးလိုက်လေသည်။သာမန်လူ စိတ်ပျက်အားလျှော့ ဖွယ်ရာ စိတ်ဓါတ်ကျအားငယ်စရာ အခြေအနေမျိုးဖြစ်သော်လည်း ဘဝ၏စိန်ခေါ်မှုပေါင်းများစွာကို ကြုံတွေ့ခဲ့ရဖူးသော မောင်အောင်ထွန်း ကတော့ ဘဝ၏ စိတ်ခေါ်မှုအသစ်ဟု နားလည် လိုက်သည်။

အိမ်ရှင်များက တရားစွဲသည်။ရွှေ့နေငှားပြီး မခုခံနိုင်လျှင် ဖယ်ပေးရမည်။တစ်မိသားစုလုံး ဒုက္ခရောက်သွားနိုင်သည်။ ရွှေ့နေ ငှားဖို့ ပိုက်ဆံလိုသည်။ ညီ နှင့် ညီမအတွက်လည်း ကျောင်းစရိတ် ပိုက်ဆံလိုသည်။ ထို့ကြောင့် ပိုက်ဆံရှာရမည် ဖြစ်သည်။

အိုမင်းမစွမ်းဖြစ်နေသော မိဘနှစ်ပါးနှင့် ကျောင်းနေအ ရွယ်လူမမယ် ညီ၊ညီမတို့တို့အား လွန်စွာသနားသွားသော မောင် အောင်ထွန်းသည် အိမ်ကိစ္စနှင့် ညီ၊ညီမတို့၏ ပညာရေးအား မိမိ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူမည်ကြောင်း ကတိပေးကာ စစ်အင်္ကျီအနွမ်း၊ ပုဆိုးအနွမ်း လွယ်အိတ်အစုတ်လွယ်၊ ဖိနပ်အစုတ်စီးကာ တောင်ကြီးမြို့သို့ မီးရထားဖြင့် ထွက်လာခဲ့သည်။၁၉၇၆ ခုနှစ်ကဖြစ်သည်။

ဝရမ်းပြေးဘဝက ဘုန်းတော်ကြီးကျောင်းတွင် ပုန်းခိုနေရာမှ လေ့လာဆည်းပူးခွင့်ရရှိသော အင်းပညာ၊ဗေဒင်ပညာများကို အသုံးချလျှက် “မင်းသိင်္ခ”ဆိုသော နာမည်ဖြင့် ဗေဒင်စတင်ဟောပြောရင်း ဗေဒင်ဆရာဘဝကို စတင်ခဲ့သည်။

တောင်ကြီးမြို့ မှ ဆရာကြီး ဦးကျော်စိန်ထွန်း ထံတွင်လည်း ဗေင်ပညာများ ထပ်မံဆည်းပူးလေ့လာရင်းဖြင့် တောင်ကြီးမြို့ ဈေးအနီး ဗိုလ်ချုပ်လမ်းမပေါ်ရှိ သမဝါယမ ဆိုင်ရှေ့ ကော်ရစ်တာလေးတွင် “ မင်းသိင်္ခ ” နာမည်ရေးထားသော ပိတ်ဆိုင်းဘုတ်လေးချိတ်၊ ထင်းရှူးပုံးအစုတ်ကလေးချကာ ဗေဒင်ဟောပြောခဲ့ရသည်။ ညဘက်တွင် ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုကာ နေ့ခင်းဘက်တွင် ဗေဒင်ဟော ရသည်။

နောက်ပိုင်းတွင် ရွှေရင်ကျော် ဂိုဏ်းဆရာကြီးဦးမြတ်ထွန်းနှင့် ရင်းနှီးကာ ၎င်းတို့၏ တောင်ကြီးနေအိမ်တွင် နေထိုင်ရင်း ဗေဒင်ဟော ခဲ့သည်။ထိုအချိန်တွင် ပြစ်မှုမဂ္ဂဇင်းတွင် မင်းသိင်္ခအမည်ဖြင့် စုံထောက်ဝတ္ထုများကိုလည်း စတင်ရေးသားခဲ့သည်။ (ယခင်က အောင်သင်း အမည်ဖြင့် စုံထောက်ဝတ္ထုတိုများ ရေးသား

www.burmeseclassic.com



ခဲ့ဖူးသည်။ အဘမင်းသိခ်၏ ပထမဆုံးကလောင်နာမည်မှာ "အောင်သင်း" နာမည်တူ ရှေးယခင် စာရေးဆရာရှိနေ၍ ကလောင်အသစ်ပြောင်းခဲ့ခြင်း ဖြစ်သည်။)

ဆားပုလင်းနှင်းမောင်ကို ဇာတ်ကောင်တည်ပြီး ရေးသားခဲ့သော စုံထောက်ဝတ္ထုတိုများကြောင့် စာဖတ်ပရိတ်သတ်များကြားတွင် မင်းသိခ် ဆိုသော ကလောင်နာမည်ကို တစတစ သိလာကြသည်။

ထိုနှစ် ၁၉၇၆ ခုနှစ် စက်တင်ဘာလတွင် "မနုစာရီ" လုံးချင်း ဝတ္ထုကို စတင်ရေးသားပြီး "စန်းမြင့်" စာပေမှ စတင်ထုတ်ဝေဖြန့်ချိခဲ့သည်။ဝက်ဝက် ကွဲအောင် ရှုံးနိမ့်သည်။လုံးဝအောင်မြင်မှုမရရှိခဲ့ပေ။သို့သော်လည်း နောင် (၉)နှစ်အကြာ ၁၉၈၅ ခုနှစ် ဩဂုတ်လတွင် " ဉာဏ်ဝင်း " စာပေမှ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိသောအခါ "မနုစာရီ"သည် မြန်မာစာပေလောကတွင် စံချိန်တင်လောက်အောင် အောင်မြင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဂျပန်ဘာသာဖြင့်ပြန်ဆို ထုတ်ဝေရသည်အထိ အောင်မြင်ခဲ့သည်။

အေးချမ်းလှသော တောင်ကြီးမြို့၏ ရာသီဥတုအောက်တွင် မနက်ပိုင်း ဗေဒင်ဆိုင်သို့ မသွားခင်အချိန်၌ မီးဖိုဆောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



စာရေးသည်။ တစ်နေကုန်ဗေဒင်ဟောပြီးပြန်လာသော ညပိုင်း အချိန်များတွင်လည်း မီးဖိုဘေးတွင် စာရေးပြန်သည်။ ဗေဒင် ဟောရင်း တဖက်ဖြင့်စာရေး၊ စာရေးရင်းတဖက်ဖြင့် ဗေဒင်ဟော စသည်ဖြင့် အလုပ်နှစ်ခုလုံးကို ဇွဲလုံ့လဝီရိယကြီးမားစွာဖြင့် ကြိုး စားလုပ်ကိုင်ခဲ့သည်။

၁၉၇၇ခုနှစ်တွင် " ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံး ကောင် " ဝတ္ထုကိုရေးသားခဲ့သည်။စာဖတ်ပရိတ်သတ်များအနေနှင့် မဂ္ဂဇင်းဝတ္ထုတိုများတွင် ဆားပုလင်းနှင်းမောင်ဇာတ်ကောင်ကို ရင်း နှီးပြီးသားဖြစ်နေသဖြင့် ၎င်းဝတ္ထုသည်လည်း စာဖတ်ပရိတ်သတ် များကြားတွင် အနည်းငယ် စတင်ပျံ့နှံ့လာသည်။

လုံးချင်းဝတ္ထုများရေးသားနေသော အချိန်မှာပင် ဗေဒင် ကိုလည်း ကြိုးစားပမ်းစား ဟောရသည်။ ဗေဒင်ဟောပြော၍ရရှိ လာသော ငွေကြေးများကို သိမ်းစရာနေရာမရှိ၊ သေတ္တာမရှိ၊အိမ် မရှိသဖြင့် ရွှေလက်စွပ်များလုပ်ကာ စွပ်ထားရသည်။ လက်ချောင်း များတွင် ရွှေလက်စွပ်များပြည့်ပြီဆိုပါက ရန်ကုန်သို့ ပြန်လာ ခဲ့သည်။

အိမ်အမှုကိစ္စဖြေရှင်းရန်နှင့် ညီ၊ညီမများ ကျောင်းစ ရိတ်အတွက်ဟုဆိုကာ လက်စွပ်များကို ချွတ်ပြီး မိဘနှစ်ပါးရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ပုံပေးလိုက်သည်။ထို့နောက် တောင်ကြီးသို့ ပြန်လာပြီး ပေဒင်ဟော ရပြန်သည်။လက်စွပ်များပြည့်လာပါက ရန်ကုန်သို့ ပြန်လာပြီး မိဘ နှစ်ပါးကို လာထောက်ပံ့သည်။

ထို့ကြောင့် အဘမင်းသိန်းသည် မိဘနှစ်ပါးအပေါ်တွင် ၎င်း ၊မိသားစုအပေါ်တွင်၎င်း၊ညီ၊ညီမများအပေါ်တွင်၎င်း တာဝန် ကြေသော လူတစ်ဦးဖြစ်ခဲ့ပါသည်။

တောင်ကြီးမြို့၌ (၃)နှစ်ကြာအောင် ပေဒင်ဟောခြင်း စာရေးသားခြင်းအလုပ်များကို ကြိုးစားဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၇၈ ခုနှစ်တွင် နာမည်ကျော် "ပုဏ္ဏားဘကွန်း" ဝတ္ထုကို ဉာဏ်ဝင်းစာပေတိုက်မှ ထွက်ရှိပြီး ပေဒင် ဆရာမင်းသိန်း၊ စာရေးဆရာမင်းသိန်းအဖြစ် အနည်းငယ် လူသိများလာပြီလည်း ဖြစ်ရာ ရန်ကုန်ရွှေမြို့တော်ကြီးဆီသို့ အပြီးပြန်လာ ခဲ့ပါလေတော့ သတည်း . . . ။



www.burmeseclassic.com

www.burmeseclassic.com



## အဘမင်းသိမ်၏ စာရေးဆရာ(ကလောင်)နာမည်များ

အဘမင်းသိမ်၏ ပထမဦးဆုံး ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသော စာမူမှာ အသက်(၁၅)နှစ်ရွယ် (၇)တန်းကျောင်းသားဘဝ (၁၉၅၄)က " စန်းညွန့်ဦး " မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံခဲ့ရသည့် " မေ့ပင်အောက်ကထွက်ခဲ့ပါ " ဟူသော ဝတ္ထုတိုလေးပင်ဖြစ်သည်။ ထိုဝတ္ထုလေးကို " အောင်စိုး (အညတရ) ကလောင်အမည်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။

ထောင်မှလွှတ်လာပြီးနောက် ၁၉၇၁ခုနှစ်တွင်"ရှုမဝ"မဂ္ဂဇင်း၌ " မောင်နန်းမဝေ ကလောင်အမည်ဖြင့် " ဓါးသွားမှ ထယ်သွား " ဝတ္ထုကို ရေးသားခဲ့သည်။

တခြားကလောင်အမည်များမှာ

(၁) အောင်စိုး (အညတရ)

(၂) မောင်နှင်းမိုး

(၃) မောင်နန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



(၄) ချစ်မုန်း

(၅) အောင်ထွန်း

(၆) အောင်သင်း (ကလောင်တူစာရေးဆရာရှိ၍ ဆက်မသုံးပါ)

(၇) မင်းသိမ် . . . တို့ ဖြစ်ကြသည်။

၁၉၇၀ ခုနှစ်တွင် "ချစ်မုန်း " ကလောင်အမည်ဖြင့် " ပြစ်မှု " မဂ္ဂဇင်းတွင် မှုခင်းဆိုင်ရာ ဘာသာပြန်ဆောင်းပါးများ ကိုရေးသားခဲ့သည်။

၁၉၇၄ခုနှစ် ဇူလိုင်လထုတ် " ပြစ်မှု " မဂ္ဂဇင်းတွင် "ဆားပုလင်းနှင်းမောင်နှင့် ဂျူးမျက်လှည့်ဆရာသတ်မှု " ဝတ္ထုကို " အောင်သင်း " ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။

အဘမင်းသိမ်၏ ပထဆုံးလုံးချင်းဝတ္ထုဖြစ်သော "မနုစာရီ" ဝတ္ထုကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ကိုတင်သိန်း " စန်းမြင့် " စာပေမှ (၁၉၇၆)ခုနှစ်တွင် စတင်ထုတ် ဝေခဲ့သည်။ လုံးချင်းစာမူခအဖြစ် (၄၀) ကျပ်ရရှိခဲ့သည်။ ထိုဝတ္ထု၌ ပင် " မင်းသိမ် " ကလောင်အမည်ကို စတင် အသုံးပြုခဲ့သည်။

အဘမင်းသိမ်၏ ဂန္ထဝင်မြောက် ဇာတ်ကောင်ဖြစ်သော ဆားပုလင်းနှင်းမောင်ပါဝင်သည့် ပထမဦးဆုံး လုံးချင်းဝတ္ထုကို "ခင်မေစီ " စာပေမှ စတင်ထုတ်ဝေခဲ့သည်။ ၎င်းဝတ္ထုမှာ "ဆား ပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင် " ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မောင်အောင်ထွန်း မှ မင်းသိင်္ခဖြစ်ပြီ

စစ်အကြီအနွမ်း ၊ ပုဆိုးအနွမ်း ၊ လွယ်အိတ်အစုတ်၊ဖိနပ်အစုတ်လေးဖြင့် ဘဝ၏စိန်ခေါ်မှုများကို အံတုရင်း ရန်ကုန်မြို့မှနေ ထွက်ခွာသွားခဲ့သော မောင်အောင်ထွန်းသည် တောင်ကြီးမြို့၌ (၃)နှစ်ခန့် နေထိုင်ခဲ့ပြီးနောက် နာမည်ကျော်ကြားခါ လူသိများကာစ ဗေဒင်ဆရာမင်းသိင်္ခ ၊ စာရေးဆရာမင်းသိင်္ခ အဖြစ်ဖြင့် ရန်ကုန်ရွှေမြို့တော်ကြီးဆီသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ရန်ကုန်ရွှေမြို့တော်ကြီးတွင် ဗေဒင်ဟောခြင်း ၊ စာရေးခြင်း အလုပ်များကို ဆက်လက်လုပ်ကိုင်လာခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဗေဒင်ဆရာမင်းသိင်္ခ စာရေးဆရာမင်းသိင်္ခဟူသော နာမည်သည် ပန်းသတင်း လေညှင်းဆောင် လူသတင်းလူချင်းဆောင် ဆိုသကဲ့သို့ ပျံ့နှံ့ကျော်ကြားစ ပြုလာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာမူခ၊ ဗေဒင်ဟောခများသည်လည်း ကျကျနန ရရှိနေပြီဖြစ်သည်။ စာဖတ်ပရိတ်သတ်များကြားတွင်လည်း အမိကဇာတ်ကောင် ဆားပုလင်းနှင်းမောင် တဟုန်ထိုး နာမည်ကျော်ကြားရေပန်းစား နေပြီဖြစ်သည်။

စုံထောက်ဇာတ်လမ်း မဟုတ်ပဲ လူငယ်များအတွက် စိတ်ဓါတ်ခွန်အားများရစေသည့် တက်ကျမ်းစာအုပ်မျိုးဖြစ်သော " ပုဏ္ဏားဘကွန်း " သည်လည်း သွင်ပြင်ထူးခြားစွာဖြင့် ပေါက်မြောက် အောင်မြင်ခဲ့သည်။

ဆင်းရဲသားဘဝမှနေ သူဌေးကြီးဖြစ်လာခဲ့သော ပုဏ္ဏားဘကွန်းကို အတုယူအားကျကြိုးစားသော လူငယ်များပေါ်ထွက်လာခဲ့သည်။ တနည်းအားဖြင့် ပုဏ္ဏားဘကွန်းတွေ အများကြီးပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

(နောင်တစ်ချိန်တွင် ဆရာကြီးမင်းသိင်္ခ ဖြစ်လာသောအခါ " ကျွန်တော်ဟာ ပုဏ္ဏားဘကွန်းပါ " " ကျွန်မဟာ ပုဏ္ဏားဘကွန်းပါ " စသည်ဖြင့် လာရောက်ဂါရဝပြုကြသူများကိုလည်း ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ခဲ့ရဖူးပါသည်။ ၎င်းတို့သည် ပုဏ္ဏားဘကွန်း ဝတ္ထုကိုဖတ်ပြီး ပုဏ္ဏားဘကွန်းကဲ့သို့ ကြိုးစားခဲ့သဖြင့် ဆင်းရဲနိမ့်ကျသော ဘဝမှ လွတ်မြောက်လာခဲ့ကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ထိုအထဲတွင် သီဟမြန်မာ တေးသံသွင်းပိုင်ရှင် ဦးအောင်ငွေသိမ်းလည်း ပါဝင်ခဲ့သည်။ ဦးအောင်ငွေသိမ်းသည် ပုဏ္ဏားဘကွန်းဝတ္ထုစာအုပ်ကို သေသေချာချာ ကျကျနန ဖုံးချုပ်ထားသည့်အပြင် ရွှေပါ ချ ထားသည်ကို တွေ့မြင်ခဲ့ရဖူးပါသည်။)

ဘဝတွင် အစစအရာရာ မျက်နှာငယ်ခဲ့ရသော ၊အနိမ့်ခံခဲ့ရသော ၊ နာကျည်းမှုများကြုံတွေ့ခဲ့ရသော ၊ ဘဝ၏စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ခဲ့ရသော ၊ လောကဓံ၏ အထုအထောင်းကို ပယ်ပယ်နယ်နယ် ခံခဲ့ရသော ၊ ဆင်းရဲသောမိသားစုဘဝမှ ပေါက်ဖွားကြီးပြင်းခဲ့ရသောလည်း ရည်မှန်းချက်ရည်ရွယ်ချက်ကြီးကာ အထူး ကြိုးစားခဲ့သော မောင်အောင်ထွန်း၏ဘဝသည် ဆရာမင်းသိခ် အဖြစ် တစ်ဆစ်ချိုးဖြောင့်ဖြူးသာယာလာခဲ့သည်။


ဆရာမင်းသိခ်သည် တောင်ကြီးမှ ရန်ကုန်သို့ လုံးချင်းဝတ္ထုများကို ထုတ်ဝေသူထံ လာရောက် အပ်နှံရင်း၊ ၁၈ နှစ်သားအရွယ်၊ ၁၉၅၇ ခုနှစ်ခန့်က ပထမဆုံးအိမ်ထောင်ဖက် ဖြစ်သူ အပွါး(ခ) ဒေါ်အေးအေးရွှေ နှင့် ပြန်တွေ့ကြပြီးနောက် ငယ်ချစ်ဦး ဒေါ်အေးအေးရွှေ နှင့် ၁၉၈၀ ခုနှစ်တွင် ပြန်လည် ပေါင်းဖက်ပြီး ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းထောင့်ရှိ တိုက်အမှတ် (၃၈၃) ရှိ ပထမထပ် အခန်းတစ်ခန်း ကို ဝယ်ယူ နေထိုင်ခဲ့လေသည်။ ထိုကာလတွင် မိဘနှင့် ညီ၊ ညီမ များလည်း



www.burmeseclassic.com

www.burmeseclassic.com









“ဆင်းရဲရင် အနှိပ်စက်ခံရမယ်၊ ချမ်းသာအောင် လုပ်ရမယ်
ငါ့ဘဝကို မင်းသိပြီ ဆိုတဲ့နာမည်နဲ့ ချမ်းချမ်းသာသာ
ဖြစ်အောင် လုပ်ရမယ့် အချိန်ကြုံပြီပေါ့…”

www.burmeseclassic.com

www.burmeseclassic.com



အသီးသီးအရွယ်ရောက်ပြီး ဘွဲ့ရကာ အလုပ်များ လုပ်ကိုင်နေကြပြီ ဖြစ်၍ စီးပွားရေး အဆင်ပြေကြကာ မိဘများလည်း အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းအိမ်ကို ဝယ်ယူ ဆောက် လုပ်နေကြပြီဖြစ်သည်။

ကျောက်မြောင်း၊ ကျောက်တောလမ်းတွင် အဘမှဲ့၊ ဘိုးတော်မှဲ့ ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးရှိသည်။ ၎င်းပုဂ္ဂိုလ်ကြီးကို လူအများက ထွက်ရပ်ပေါက်ဝိဇ္ဇာကြီးဟု သတ်မှတ် ကြသည်။ အဘဘိုးတော်မှဲ့နေထိုင်သော သစ်သားအိမ်ကလေးကို ဆရာ မင်းသိမ်သည် လွန်စွာသဘောကျခဲ့သည်။

ထို့နောက် မိဘနေအိမ်ကို အဘဘိုးတော်မှဲ့၏ နေအိမ် နှင့် တထပ်တည်းတူအောင် လက်သမားဆရာများကို ဆောက်လုပ် စေခဲ့သည်။

အိမ်အဝင်ဝ နံ့ဖူးစည်းတွင် " မင်းသိမ် " ဟူသော စာ တန်းနှင့်အတူ ဂဠုန်အရုပ်ကလေး တစ်ရုပ်ကိုပါ ချိတ်ဆွဲထားလိုက် သည်။ဆရာမင်းသိမ်သည် တနင်္ဂနွေသားဖြစ်သောကြောင့် ဂဠုန် ရုပ် ချိတ်ဆွဲထားခြင်းဖြစ်သည်။ အိမ်တွင်းရှိ အခန်းများကိုလည်း ဆရာမင်းသိမ်၏ နာမည် ကျော်ဇာတ်ကောင်များ၏ အမည်များကို ရေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသိင်္ခကတော့ (၂၉)လမ်း နေအိမ်တွင် နေထိုင်သည်။ နံနက်ပိုင်းတွင် ကျောက်မြောင်းရှိ မိသားစုနေအိမ်သို့ သွားကာဗေဒင်ဟောလေ့ရှိသည်။များသောအားဖြင့် ဆိုက်ကားစီး သွားလေ့ရှိသည်။ တစ်ခါတစ်ရံတွင်တော့ လေဘီးကားစီး၍ သွားလေ့ရှိသည်။

မနက် (၅)နာရီတွင် ဗေဒင်စားပွဲတွင် စထိုင်ပြီး နေ့လည် (၁၂ )နာရီအထိ ဟောလေ့ရှိသည်။ ဗေဒင်ဟောပြီးသောအခါ (၂၉) လမ်းအိမ်သို့ ပြန်ပြီး စာရေးခြင်း စာဖတ်ခြင်း အလုပ်များကို ပြု လုပ်လေ့ရှိသည်။

ယခုအချိန်တွင် ဆရာမင်းသိင်္ခ၏ အသက်သည် (၄၀) ကျော်တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ငယ်စဉ်က သိုင်းကစားခြင်း အလေးမခြင်း စသည်ဖြင့် ကျန်းမာရေးလိုက်စားခဲ့သော်လည်း အသက်အရွယ်ကြောင့်သော်၎င်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းလာသောကြောင့်သော်၎င်း ၊ အထိုင်များသော အလုပ်များကို လုပ်နေရသော ကြောင့်သော်၎င်း သူ၏ခန္ဓာကိုယ်သည် ဝဖိုင့်ဖိုင့် ဖြစ်လာပြီး ဗိုက်လည်း အနည်းငယ်ရွှဲစ ပြုလာပြီဖြစ်သည်။

ထို့ကြောင့် စာဖတ်သည့်အခါ ဖျာလေးတစ်ချပ်ခင်းကာ ရင်ဘတ်အောက်တွင် ခေါင်းအုံးတစ်ခုကို ခုထားကာ ဝမ်းလျား မှောက် အနေအထားဖြင့် ဖတ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


နာမည်ကျော်ကြားခါစ အောင်မြင်ခါစ အချိန်ရောက်ရှိလာပြီဖြစ်၍ တပည့်တပန်းများလည်း ပိုင်းနိုင်းလည်လာပြီ ဖြစ်သည်။ ဇနီးဖြစ်သူ ငယ်ချစ်ဦး ဒေါ်အေးအေးရွှေမှာလည်း တပည့်တပန်းများ၊ မိတ်ဆွေများအတွက် ပျော်တပြုံးပြုံးနှင့် ချက်ပြုတ်ကျွေးမွေးတတ်သည်ဟု ပြောပြဘူးပါသည်။

ညပိုင်းအချိန်များတွင် ၂၉ လမ်း အိမ်ရှေ့ဝရံတာလေးမှ ကြည့်လိုက် လျှင် မီးရောင် ရွှေရောင်များဖြင့် ထိန်ထိန်ညီးနေသော ရွှေတိဂုံ စေတီတော်ကြီးကို သပ္ပါယ်စွာ ဖူးမျှော်ရနိုင်ပါသည်။ ထိုအခန်းကို ရွေးချယ်နေထိုင်ခဲ့ခြင်းမှာလည်း ရွှေတိဂုံစေတီတော်ကြီးကို အဝေးမှနေ လှမ်း၍ ဖူးမြော်နိုင်သောကြောင့်လည်း ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



## မင်းသိခ်၏ ရင်ထဲမှ မနောကြာပြု

ပေဒင်ဆရာ စာရေးဆရာ အဖြစ် နာမည်ကျော်ကြားခါစ ရန်ကုန်သို့ ပြန်ရောက်ခါစ ဆရာမင်းသိခ်သည် ရွှေတိဂုံဘုရားသို့ တက်ကာ ပုတီးစိပ်ခြင်း အဓိဋ္ဌာန်များကို ဆက်လက် လုပ်ကိုင်ခဲ့ သည်။

လယ်တီဆရာတော်ဘုရားကြီး၏ ကျမ်းဂန်များကိုလည်း မွှေနှောက်ဖတ်ရှု၍ လေ့လာခဲ့သည်။ဆရာမင်းသိခ်က

“ ပုံနှိပ်စက်တင်ပြီးတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ စာအုပ်ဆိုရင် . . . ကုန်ကုန်ပြောလိုက်မယ် . . . လယ်တီသတင်း စာဆိုတဲ့ သတင်းစာအထိ ငါ မဖတ်ဖူးတာ မရှိဘူး . . . ဖတ်တယ် ဆိုတာလည်း ပြီးပြီးရော ဖတ်တာမျိုး မဟုတ်ဘူး . . . အကျအနန အလေးအနက် ဖတ်ပစ်လိုက်တာ . . . ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြလေ့ရှိသည်။ထိုကဲ့သို့ ရဲရဲဝံ့ဝံ့ ပြောနိုင်သည် အထိ လယ်တီဆရာတော်ဘုရားကြီး၏ ကျမ်းဂန်များကို မွှေနှောက်ဖတ်ရှု လိုက်စားခဲ့သည်။

ဗိုလ်မှူးကြီး ဘသန်း ဆိုသူနှင့်လည်း ရင်းနှီးခဲ့သည်။ဗိုလ်မှူးကြီးဘသန်း ဆိုသူမှာ ကမ္ဘာကျော်စာအုပ် တစ်အုပ်ဖြစ်သော " ယောနသံ ဇင်ယော် " ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သူဖြစ်သည်။ ရင်းနှီးသူများက " ဓမ္မိက ဘသန်း " ဟု ခေါ်ကြသည်။

ဦးမောင်မောင် ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်လည်း ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ဦးမောင်မောင် ကိုမူ ရွှေလိမ္မော်ဦးမောင်မောင် ဟု လူသိများကြပါသည်။ရင်းနှီးကျွမ်းဝင်သူများက " ပညာဗလ " ဟု သိရှိကြပါသည်။

ထိုပုဂ္ဂိုလ်ကြီးများနှင့် ဆက်နွှယ်ပြီး ငှက်ပျောသီးရောင်းသော ဦးဘသောင်း ဆိုသည့် ပုဂ္ဂိုလ်ကြီးနှင့်လည်း ရင်းနှီးခဲ့ပါသည်။ ဦးဘသောင်းသည် ရွှေတိဂုံဘုရားတွင် အမြဲလိုလို ရှိနေတတ်ပါသည်။ထိုပုဂ္ဂိုလ်ကြီးများကို အကြောင်းပြုပြီး ရွှေတိဂုံဘုရားနှင့် ဒုတိယအကြိမ် နီးစပ်ခဲ့ရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးများသည် ဆရာမင်းသိမ်၏ ဘာသာရေးဆိုင်ရာ အတွေးအခေါ်များ၊ ခံယူချက်များ ၊အယူအဆများ ၊ သဘောထားများကို များစွာ ပြောင်းလဲစေခဲ့သည်။

ဆရာကြီး ပါရဂူရေးသော " သိဒ္ဓတ္ထ "ဝတ္ထုကို အကြောင်းပြု၍ ဆရာကြီးပါရဂူနှင့်လည်း ရင်းနှီးခဲ့ရပြန်ပါသည်။ဆရာမင်းသိမ်က

" သိဒ္ဓတ္ထ "ဝတ္ထုဟာ . . . မင်းသိမ် ကို မင်းသိမ် ဖြစ်လာစေတဲ့ . . . ဝတ္ထုကြီးဖြစ်ပါတယ် . . . ဘဝတစ်ခုလုံးကို ပြောင်းလဲ ပေးနိုင်ခဲ့တဲ့ . . . စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ် . . . တစ်အုပ်လုံးကို အလွတ်ရတဲ့ အထိ အခေါက်ခေါက် အခါခါ ဖတ်ဖြစ်ခဲ့ပါတယ် . . . "

ဟု ပြောကြားလေ့ရှိပြီး အမှန်တကယ်တွင်လည်း စာမျက်နှာများ စာပိုဒ်များ အစ အလွတ်ရွတ်ပြလေ့ရှိပါသည်။ ၎င်းစာအုပ်ကို ဂျာမာန်စာရေးဆရာ 'ဟန်မန်ဟက်ဇ်) ရေးသားပြီး ဘာသာပြန်ရေးသားသူ ဆရာကြီးပါရဂူ အနေဖြင့် ၎င်း စာအုပ်ကို အလွတ်မရခဲ့သော်လည်း ဆရာမင်းသိမ်က အလွတ်ရွတ်ပြခဲ့သည်။ ၎င်းစာအုပ်ကို အကြောင်းပြု၍ ဆရာကြီး ပါရဂူနှင့် ရင်းနှီးခဲ့ခြင်း ဖြစ်သည်။ (နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မှ ကမ္ဘာ ကျော် အတွေးအခေါ် ပညာရှင်ကြီးတစ်ဦးဖြစ်သူ ဘဂ ဝမ်ရာဂျနိစ်ရှိ အိုရှိုး

www.burmeseclassic.com



၏ တရားဓမ္မများ၊ စာအုပ်များနှင့် ပတ်သက်ပြီး ဆရာကြီးပါရဂူနှင့် ပိုမိုရင်းနှီးခဲ့ပါသည်။)

ငှင်းပုဂ္ဂိုလ်များ ၊ ငှင်းစာအုပ်များကို အကြောင်းပြု၍ အတိတ်ကို ကျေနပ်ခြင်း၊ ပစ္စုပ္ပန်ကိုကျေနပ်ခြင်း၊ အနာဂတ်ကို ကျေနပ်ခြင်း ၊ သံသရာကို ကျေနပ်ခြင်း ၊ အရာအား လုံးကို ကျေနပ်လက်ခံခြင်း စသည့်ဖြင့် . . . နှလုံးအိမ်၌ကျေနပ် ခြင်း ၊ကြည်နူးခြင်း၊ ပီတိဖြစ်ခြင်း စသည့် မနောကြာဖူးပန်းကလေးများ သည် ဆရာမင်းသိခ်၏ နှလုံးအိမ်တွင် ငွားငွားစွင့်စွင့် ပွင့်လန်း လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၈၈ မတိုင်မီ မင်းသိင်္ခ

ဆရာမင်းသိင်္ခသည် ရောက်ရန်ကုန်သို့ ပြန်ရောက်လာပြီးနောက် ဗေဒင်ဆရာ စာရေးဆရာအဖြစ် ယခင်ကထက် ပိုမိုလူသိများ ထင်ရှားလာခဲ့သည်။ဆရာမင်းသိင်္ခ၏ ဇာတ်ကောင်များဖြစ်သော "မနုစာရီ" "ပုဏ္ဏားဘကွန်း" "ဆားပုလင်းနှင်းမောင်" "စနေမောင်မောင်" တို့သည် စာဖတ်ပရိတ်သတ်များကြားတွင် အထူးရေပန်းစား ကျော်ကြားနေပြီလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသိမ်ခ် သည် တောင်ကြီးမြို့၌ ဗေဒင်ဟောရင်း မနုစာရီဝတ္ထုကို ရေးသားပြီး ရန်ကုန်သို့ လာကာ ထုတ်ဝေသူ လက်သို့အပ်ရင်း ငယ်ချစ်ဒေါ်အေးအေးရွှေ နှင့် ပြန်တွေ့ကာ လက်ထပ်ယူပြီးနောက် ရန်ကုန်မြို့မှာ ပြန်အခြေချနေထိုင်ကာ ဗေဒင်ဟောခြင်း၊ စာအုပ်များရေးသားခြင်း တို့ကို အသက်ထက် ဆုံးလုပ်ကိုင်သွားပါတော့သည်။

၁၉၈၈ ခုနှစ်အထိ ထုတ်ဝေပြီးစာအုပ်များမှာ -

၁။ မနုစာရီ

၁၉၇၆ ခုနှစ်၊ စက်တင်ဘာလ — စန်းမြင့်

၂။ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်

၁၉၇၇ ခုနှစ်၊ ဩဂုတ်လ — ခင်မေစီ

၃။ ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ

၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ — ခင်မေစီ

၄။ စနေမောင်မောင်

၁၉၇၈ ခုနှစ်၊ မတ်လ — ဉာဏ်ဝင်း

၅။ ဆားပုလင်းနှင်းမောင်နှင့်ခေါင်းမြီးခြုံလုံ့ပါပွဲ

၁၉၇၈ ခုနှစ်၊ ဇူလိုင်လ — ခင်မေစီ

www.burmeseclassic.com

www.burmeseclassic.com




၆။ ပုဏ္ဏားဘကွန်း

၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ ဉာဏ်ဝင်း

၇။ ဆားပုလင်းနှင်းမောင်နှင့်မမင်းဖြူမှန်မှန်ပြော

၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ ဉာဏ်ဝင်း

၈။ ဆားပုလင်းနှင်းမောင်နှင့် မတစ်ထောင်တစ်ကောင်ပွား

၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ ဉာဏ်ဝင်း

၉။ ဖရော်ဖက်ဆာဒေါက်တာဆိတ်ဖွား

၁၉၈၀ ခုနှစ်၊ ဖေဖော်ဝါရီလ ဉာဏ်ဝင်း

၁၀။ ပြည်ကြီးမဏ္ဍိုင်မြကြီး

၁၉၈၀ ခုနှစ်၊ ဩဂုတ်လ ဉာဏ်ဝင်း

၁၁။ သေသောသူသည်သုသာန်သို့သွားသည်

၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ ဉာဏ်ဝင်း

၁၂။ ပုဂံသားမောင်ဘမော်

၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ဉာဏ်ဝင်း

၁၃။ ဆားပုလင်းနှင်းမောင်နှင့် ပျားစွဲသောမုတ်ဆိတ်

၁၉၈၁ ခုနှစ်၊ ဧပြီလ ဉာဏ်ဝင်း

၁၄။ ပက်ထရစ်ရွှေခေါင်း

၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ဉာဏ်ဝင်း




www.burmeseclassic.com

www.burmeseclassic.com


# ဘဝ စိန်ခေါ်မှုများ

၂၀၀၄ခုနှစ် မတ်လ ၂၅ရက် ။ မဟာဂန္ဓာရီနှစ်ပတ်လည် ညတွင် အဘမင်းသိခ်သည် သူ၏ဘဝတွင် ကြုံတွေ့ခဲ့ရသော ဘဝစိန်ခေါ်မှုများကို ချဲလင့် ဆိုသောခေါင်းစဉ်ဖြင့် တပည့်များအားပြောပြခဲ့ပါသည်။ အဘမင်းသိခ်၏ ဘဝတွင်တွေ့ကြုံခဲ့ရသော စိန်ခေါ်မှုများ ၊ တခြားအတုယူစရာ ပုဂ္ဂိုလ်များ၏ ဘဝ စိန်ခေါ်မှုများကို ပြောပြခဲ့ပါသည်။ ထိုနေ့ညကပြောပြခဲ့သော အကြောင်းအရာများသည် ကက်ဆက်ခွေမှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။ (နီးစပ်ရာ အဘမင်းသိခ် တပည့်များထံတွင် ကူးယူနားထောင်နိုင်ပါသည်။အထူးသဖြင့် လူငယ်များအဖို့ ပို၍ နားထောင်သင့်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



၁၅။ ဖြစ်ချင်တာဖြစ် မောင်ဘချစ်

၁၉၈၂ ခုနှစ်၊ ဇူလိုင်လ ဉာဏ်ဝင်း

၁၆။ ဆားပုလင်းနှင့်မောင်နှင့် ဗိုက်ပူသူတော်

၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ဉာဏ်ဝင်း

၁၇။ ဆားပုလင်းနှင့်မောင်နှင့် မိုက်ခဲကျောက်ပွင့်

၁၉၈၃ ခုနှစ်၊ ဧပြီလ ဉာဏ်ဝင်း

၁၈။ ပျော်ပါတယ် မောင်ပြည်သိမ်း

၁၉၈၃ ခုနှစ်၊ ဇူလိုင်လ ဉာဏ်ဝင်း

၁၉။ မသွားမှီကရောက်နှင့်သည်

၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ဉာဏ်ဝင်း

၂၀။ မောင်မင်းကြီးသား မောင်မြဖေ

၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ဉာဏ်ဝင်း

၂၁။ ပြည်တော်ဝင် စနေမောင်မောင်

၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ဉာဏ်ဝင်း

၂၂။ ဆားပုလင်းနှင့်မောင်နှင့်မြကွန်းသာပေါ်ကမျောက်သုံးကောင်

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ဉာဏ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



၂၃။ မာလိန်မှူး ထူးစိန်

ဝ၉၈၆ ခုနှစ်၊ ဇွန်လ — ညဏ်ဝင်း

၂၄။ ဆားပုလင်းနှင်းမောင်နှင့်မြိုင်မဟာမမြလေး

ဝ၉၈၆ ခုနှစ်၊ အောက်တိုဘာလ — ညဏ်ဝင်း

၂၅။ ဘာဘာ ဘာမှမသိဘူး

ဝ၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ — ညဏ်ဝင်း

၂၆။ စနေမောင်မောင်နှင့် ပါပလူမျိုးကိုးဆယ့်ကိုး

ဝ၉၈၇ ခုနှစ်၊ မေလ — ညဏ်ဝင်း

၂၇။ ဝတ္ထုတိုပေါင်းချုပ် (ဝ)

ဝ၉၈၇ ခုနှစ်၊ စက်တင်ဘာလ — ညဏ်ဝင်း

၂၈။ ဝတ္ထုတိုပေါင်းချုပ် (၂)

ဝ၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ — ညဏ်ဝင်း

၂၉။ ပြောထုံးဖြစ်အောင်ငနက်ခေါင်

ဝ၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ — ညဏ်ဝင်း

၃ဝ။ ဝတ္ထုတိုပေါင်းချုပ် (၃)

ဝ၉၈၈ ခုနှစ်၊ မတ်လ — ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



၃၁။ ဆားပုလင်းနှင်းမောင်နှင့် မိုးပေါ်ကကြယ်တလုံး

၁၉၈၈ ခုနှစ်၊ ဧပြီလ ရန်ကုန်

၃၂။ ဆားပုလင်းနှင်းမောင်နှင့် မီးအိမ်လက်ဆွဲခရီးသည်

၁၉၈၈ ခုနှစ်၊ ဇွန်လ ဉာဏ်ဝင်း

၃၃။ သူတော်စင်မလေး ပုဏ္ဏာရိက

၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ဉာဏ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



## ဂဂစုနှစ် အရေးတော်ပုံ နှင့် မင်းသိခ်

ဒို့အရေး . . . ဒို့အရေး . . . ဒို့အရေး . . .

၁၉၈၈ခုနှစ် ဆရာမင်းသိခ်၏ ဘဝသည် ပေဒင်ဟောရင်း စာရေးရင်းဖြင့် အေးချမ်းသာဖြောင့်ဖြူးလျှက်ရှိနေသည်။ပေဒင် ဟောခ ၊ စာမူခငွေကြေးများလည်း ကျကျနန ရရှိနေပြီဖြစ်၍ ပို ပိုလျှံလျှံ သုံးနိုင်စွဲနိုင် စားနိုင်သောက်နိုင်ဖြစ်နေပေပြီ။ ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းမပေါ် ၂၉ လမ်းထိပ်ရှိ တိုက်ခန်းတွင် ဇနီး ဒေါ်အေးအေးရွှေ နှင့် မိသားစု ဘ[illegible]ငြိမ်းချမ်းသာယာရှိနေစဉ် ဖြစ်သည်။

ထိုအချိန်တွင် ဦးနေဝင်း ဦးဆောင်သော မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ (မ. ဆ. လ)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သူများ များပြားလာသည်။ ကျောင်းသားများဦးဆောင်ပြီး တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ တစတစများပြားလာသည်။

၈. ၈. ၈၈ ဒို့အရေး . . . ဒို့အရေး . . . ဒို့အရေး

အဖမ်းခံရသောကျောင်းသားများ၊ သေနတ်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်းများရှိသဖြင့် သေဆုံးသောကျောင်းသားများလည်း ရှိလာခဲ့သည်။ သို့သော်လည်း ကျောင်းသားလှုပ်ရှားမှုများက အားလျော့သွားခဲ့ခြင်းမရှိ။ တဖြေးဖြေးအားကောင်းလာခဲ့သည်။ အရှိန်ရလာခဲ့သည်။

ဆရာမင်းသိန်းကတော့ ၄င်းလှုပ်ရှားမှုများကို စိတ်ဝင်စားခြင်းမရှိပဲ ဗေဒင်ဟောခြင်း၊ စာရေးခြင်း အလုပ်များကိုသာ အေးဆေးစွာ လုပ်ကိုင်နေဆဲ ဖြစ်သည်။

ဆရာမင်းသိန်း၏ မိခင်အိုကြီးဖြစ်သူ ဒေါ်တင် ကတော့ ဆရာမင်းသိန်း၏ ပုဆိုးအသစ်များကို လက်ကိုင်ပုဝါခန့် အပိုင်းပိုင်း ဖြတ်ကာ အိမ်ရှေ့မှဖြတ်၍ ချီတက် သွားကြသည့် ကျောင်းသားများကို ဝေပေးနေသည်။အပိုင်းပိုင်း ဖြတ်ထားသော ပုဆိုးစများကို ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ . . . သမီးတို့ . . . ထောက်လှမ်းရေးတွေက ဓါတ်ပုံရိုက်လို့ . . . မျက်နှာတွေပါသွားရင် . . . ကျောင်းထုတ်ခံရလိမ့်မယ် . . . ဒီပုဆိုးစတွေနဲ့ . . မျက်နှာကို အုပ်ထားကြ "

ဟု ပြောရင်း ပုဆိုးစများကို ဝေပေးနေလေသည်။တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်နေကြသည့် ကျောင်းသားများကို မိမိ၏ သားသမီးအရင်းအခြာများကဲ့သို့ သဘောထားပြီး စိုးရိမ်စိတ်ဖြင့် ပေးနေခြင်းဖြစ် သည်။

ထို့သို့ပြုလုပ်ပေးနေသည်မှာ တစ်ရက်တည်း မဟုတ်။နေ့စဉ်ရက်ဆက် ဆိုသလိုပင်ဖြစ်သည်။ ဆရာမင်းသိခ်၏ လုံချည်များသည်လည်း ကုန်သလောက်နီးပါးဖြစ်နေပြီဖြစ်သည်။ထိုသို့တက်တက်ကြွကြွ အားပေးနေယုံတင်မကပဲ ဆရာမင်းသိခ်ကိုလည်းတစ်ဗျစ်တောက်တောက် ဆူဆူပူပူ လုပ်နေပါသေးသည်။

" ဘာ . . . နိုင်ငံရေးသမားလဲ . . . ဟိုမှာ . . . ကလေးတွေက ဦးဆောင်နေရတယ် . . . သေတဲ့ကလေးတွေ သေနေပြီ . . . အကြီးတွေက ဘာလုပ်နေတာလဲ . . . ထွက်တော့လေ . . . ရှေ့ကနေဦးဆောင်ပါ့လား . . . "



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသိခ်ကတော့ ဗေဒင်ဟောမပျက် ၊ စာရေး မပျက် ။

ကျောင်းသားများလည်း တစထက်တစ ပိုမိုဖမ်းဆီး ခံနေရသည်။တစထက်တစ သေဆုံးသူများလည်း ပိုမိုများပြား လာခဲ့သည်။အာဏာရှင် ဦးနေဝင်းကလည်း

" စစ်တပ်ဆိုတာ မိုးပေါ်ထောင်မပစ်ဘူး . . . ပစ်ရင် တည့်တည့် ပစ်တယ် . . . "

ဟုဆိုကာ ပြည်သူတပ်မတော်ကို မိမိလက်ကိုင်ဒုတ် တပ် မတော်ကဲ့သို့ သဘောထားကာ ဆန္ဒကျင်လှုပ်ရှားနေကြသည့် ကျောင်းသားများ ၊ပြည်သူများကို ရှပ်မြင်သံကြားမှနေ တရားဝင် ကြေငြာထားပြီးဖြစ်သည်။လက်တွေ့တွင်လည်း ပစ်ခတ်နှိမ်နင်းမှု တွေရှိလည်းနေပြီဖြစ်သည်။

ဆရာမင်းသိခ်ကတော့ အေးအေးလူလူ ဗေဒင်ဟောနေ ဆဲ ၊ စာရေးနေဆဲ ဖြစ်သည်။မိခင်ဖြစ်သူကတော့ ကျောင်းသားများ ကို တက်တက်ကြွကြွအားပေးနေရင်း တစ်ဗျစ်တောက်တောက် နှင့် နားပူနားဆာတိုက်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ အောင်ထွန်း . . . ပြောတော့နိုင်ငံရေးသမားဆိုဘာ . . . နိုင်ငံရေးသမားလဲ . . . ကလေးတွေက ဦးဆောင်နေရတယ် . . . အကြီးတွေက အချောင်ခိုနေတယ် . . . နိုင်ငံရေးသမားဆိုရင် ထွက်လေ . . . . ဦးဆောင်လေ လှုပ်ရှားလေ . . . ထွက်တော့လေ . . . "

ဆရာမင်းသိခ်၏သည် ဗေဒင်ဟောရင်း စာရေးရင်း ဗေဒင်ဟောခ စာမူခ ငွေကြေးလေးများဖြင့် အေးချမ်းသာယာဖြောင့်ဖြူးနေသည်။တစ်ပါတီအာဏာရှင်စနစ် ဆန့်ကျင်ရေးတွင် လမ်းပေါ် ထွက်လာခဲ့ပါက အာဏာရှင်များ၏ သေနတ်ကျည်ဆံများကြားတွင် အသက်ပျောက်သွားနိုင်သည်။ ထောင်ကို နှစ်ရှည်ကျသွားနိုင်သည်။နှစ်နှင့်ချီပြီး ဖွဲလို့လ ဝီရိယကြီးစွာ တည်ဆောက်ထားခဲ့ရသော အေးချမ်းနေသည့်ဘဝလေးသည် အချိန်ခဏလေးအတွင်းမှာပင် ပျက်ဆီးသွားနိုင်ပေသည်။

သာမန်လူများအဖို့ ရရှိပြီးသား ဘဝအခြေအနေလေးကို အထိခိုက် အပျက်စီးခံကြလိမ့်မည် မဟုတ်ပါ။

သို့သော်လည်း မိခင်အိုကြီး၏ နေ့စဉ်ရက်ဆက် ဆိုသလို တဗျစ်တောက်တောက်ဖြင့် တိုက်တွန်းနှိုးဆော်နေမှုများ ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သော်ငှင်း ၊ အမှန်တရားကို ချစ်သော ၊ တရားမျှတမှု ကို မြတ်နိုးသော ၊ မဟုတ်မခံချင်စိတ်ရှိသော ၊ လူတွေကိုချစ်တတ်သော စိတ်ဓါတ် ခံယူချက် နှလုံးသားများကြောင့်သော်ငှင်း နောက်ဆုံးတွင်တော့ . . . ။

ဆရာမင်းသိမ်သည် နိုင်ငံသူနိုင်ငံသား ၊ ပြည်သူပြည်သားများနှင့် တစ်သွေးတည်း တစ်သားတည်း ရပ်တည်ကာ တစ်ပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင်ဖြုတ်ချနိုင်ရန်အတွက် လှုပ်ရှားပါဝင်ရန် ဆုံးဖြတ်လိုက်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံရေးတရားဟောဆရာ မင်းသိခ်

**အိမ်မှ စထွက်ပြီ**

ဆရာမင်းသိခ်သည် တစ်ပါတီအာဏာရှင်စနစ် ပြုတ်ကျရေးအတွက် ပြည်သူလူထုနှင့် တစ်သွေးတစ်သားတည်း ရပ်တည်တာ ဆန့်ကျင်လှုပ်ရှားရန်ဆုံးဖြတ်လိုက်ပြီးနောက် ရေမိုးချိုးခေါင်းလျှော်သည်။ဘုရားကို အသေအချာကျကျနန ကန်တော့သည်။ ဘုရားရှင်နှင့်တကွ လောကကိုစောင့်ရှောက်ကြကုန်သော ဗုဒ္ဓိုလ်ကြီးများ ၊ ဝိဇ္ဇာကြီးများ ၊ နတ်ကောင်းနတ်မြတ်များ တိုတိုင်တည်၍ ကန်တော့ပွဲထိုးကာ သစ္စာဆို အဓိဋ္ဌာန်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်ုပ်၏ ဘဝ . . . ကျွန်ုပ်၏ ခန္ဓာကိုယ် . . . ကျွန်ုပ်၏အသက် ဝိညဉ်များအားလုံးကို . . . မတရား ဖိနှိပ်ခံ နေရသော မြန်မာပြည်သူများ အာဏာရှင်စနစ်အောက် မှ လွတ်မြောက် ရေးအတွက် . . . တိုင်တည် သစ္စာဆို လှူဒါန်းပါကြောင်း . . . ဤမှန်သော သစ္စာစကား ကြောင့် . . . သတ္တဝါများကို ကယ်တင်နိုင်သော ကိုယ် ဖြစ်ရပါလို၏ . . . . . "

ထို့နောက် မီခင်အိုကြီးကို ကန်တော့သည်။အသက်ကို ပြင်းပြင်းနှင့် ဝဝ ရှုလိုက်ပြီးနောက် ခေါင်းကိုမော့ ရင်ကိုကော့ကာ လမ်းပေါ်သို့ ထွက်လာခဲ့ပါလေတော့သည်။

တစ်ပါတီအာဏာရှင်ဆန့်ကျင်ရေး တရားပွဲကျင်းပပြုလုပ်နေသည့် ရန်ကုန်ဆေးရုံကြီးရှိရာသို့ ထွက်လာခဲ့သည်။နာမည်ကြီး စာပေအနုပညာရှင်များနိုင်ငံရေးသမားကြီးများ အလှည့်ကျဟောပြောနေကြသည်။ဆရာမင်းသိခ်သည်လည်း စာရေးဆရာမင်းသိခ် ၊ ပေဒင်ဆရာမင်းသိခ်အဖြစ် နာမည်ကြီးကျော်ကြားလူကြိုက်များနေသောအချိန်လည်းဖြစ်နေပြီဖြစ်၍ ပရိတ်သတ်များလည်း အခိုင်အမာရရှိထားပြီးဖြစ်နေသည်။

တရားဟောစင်မြင့် အနီးသို့ ဆရာမင်းသိခ်ရောက်လာသည်နှင့် ပြည်သူလူထုက လက်ခုပ်သံများဖြင့် တဖြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းတီးကာ ကြိုဆိုကြသည်။ ဆရာမင်းသိခ်သည် မျက်ရည်များဝဲလာရသည်အထိ ဝမ်းသာကြည်နူး အားတက်ခဲ့ရသည်။ စင်ပေါ်တက်ပြီး တရားဟောပါရန်လည်း တခဲနက် တောင်းဆိုကြသည်။

အိမ်မှနေ စထွက်လာကတည်းက ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ချလာခဲ့ပြီးသား ဖြစ်သဖြင့် ဆရာမင်းသိခ်သည် တွေဝေခြင်း အလျဉ်းမရှိတော့ပဲ စင်ပေါ်သို့တက်ကာ တစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်ရေးနိုင်ငံရေးတရားများ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ရရှိရေးနိုင်ငံရေးတရားများကို ဟောကြားခဲ့ပါသည်။

နဂိုကတည်း စကားပြောကောင်းသူ၊ စာရေးကောင်းသူ စာပေဗဟုသုတနှင့် ပြည့်စုံသူ ဖြစ်သဖြင့် ဆရာမင်းသိခ်ဟောသော နိုင်ငံရေးတရားများကို ပြည်သူထုထုက အလွန်အင်မတန် ကြိုက်နှစ်သက်ခဲ့ကြသည်။ ကက်ဆက်ခွေများအဖြစ်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပျံ့နှံ့ခဲ့သည်။

တချို့နယ်မြို့များတွင် ဆရာမင်းသိခ် နိုင်ငံရေးတရားဟောထားသည့် ကက်ဆက်ခွေများကို လော်စပီကာကြီးများ၊ အသံချဲ့စက်ကြီးများဖြင့်ဖွင့်ကာ နားထောင်ရသည်အထိ လူကြိုက်များခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသိခ်၏ နိုင်ငံရေးတရားများသည် အဖိနှိပ်ခံပြည်သူလူသာမက ဆရာမင်းသိခ်ဟောနေသော တရားပွဲများကို လုံခြုံရေးတာဝန်ယူထားကြသည့် သူများပါ တွေဝေသွားသည် အထိ ထိရောက်ခဲ့သည်။

**" အထက်က ပစ်မိန့်ကျရင် . . . ကြိုပြောနော် . . . အကျီလေးချွတ်လိုက်ဦးမယ် . . . အကျီလေး ပေါက်သွားမှာ စိုးလို့ ပါ . . . "**

နားထောင်နေသော ပြည်သူများ၏ လက်ခုပ်သြဘာသံများ သော်သောညံသွားခဲ့သည်။ဆရာမင်းသိခ်၏ ဘဝတွင် အမှတ်ရအောက်မေ့ဖွယ် သမိုင်းဝင် စကားတစ်ခွန်း ဖြစ်ခဲ့ရသည်။

**"ခုချိန်မှာ . . . မင်းသိခ်က . . . ဘာကောင်မှ မဟုတ်ဘူး . . . သေနတ်နဲ့ ပစ်သတ်လိုက်မှ . . . အာဇာနည်ဆိုပြီးတော့ . . . နှစ်စဉ် အလေးလာပြုနေရဦးမယ် . . . "**

ဆရာမင်းသိခ်၏ ဘဝစာမျက်နှာများတွင် အမှတ်တရ ဖြစ်သော သမိုင်းဝင် စကားတစ်ခွန်းဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံ လှုပ်ရှားမှုကြီးမှုတွင် ဆရာမင်းသိမ်ခ ပြောပြခဲ့သော နိုင်ငံရေးတရားများထဲမှ အကြောင်းအရာတစ်ချို့ကို ဆရာစင်ယော်နီ ရေးသော " မင်းသိမ်ခနှင့်ရှစ်လေးလုံး လည်ပြန် " ဆောင်းပါးထဲမှ ကောက်နှုတ် ဖော်ပြလိုက်ပါသည်)

## ယခြော ချေလို့ မရဘူး

" အရေးအခင်း ဖြစ်ကာစမှာ . . . ငါက ကျောက်မြောင်း အိမ်မှာ ဗေဒင်ဟောကောင်းတုန်းပဲ ရှိသေးတယ် . . . ကျောင်း သားလေးတွေက လမ်းပေါ် ထွက်ပြီး ဆန္ဒတွေ ပြနေကြတယ် . . . ။

အိမ်ရှေ့ကနေ . . . ဆန္ဒပြတဲ့ ကျောင်းသားလေးတွေ ဖြတ်ဖြတ်သွားတဲ့အခါ . . . အသည်းဆုံးက ငါ့အမေ ဖြစ်နေတယ် . . . ။

သူကနိုင်ငံရေးတွေ ဘာတွေကို စိတ်ဝင်စားလို့မဟုတ်ဘူး . . . ငါ့ပုဆိုးတွေကို ဗီဒိုထဲက ထုတ်ပြီး . . . လက်ကိုင်ပဝါ ခပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလောက် တဗျင်းဗျင်း နဲ့ ဖြုပြီး . . . အိမ်ရှေ့ကို ထွက်ပြီး ကျောင်းသားလေးတွေကို ဝေပေးတယ် . . . ။

"ကလေးတို့ . . ရော့ ရော့ . . . ဒါလေးတွေ နဲ့ မျက်နှာကို စည်းသွားကြ . . . ဓါတ်ပုံအရိုက်ခံရလို့ ဓါတ်ပုံထဲမှာ ပါနေရင် ကျောင်းထုတ်ခံနေရဦးမယ် . . . မျက်နှာကို စည်းသွားကြကွဲ့ . . "

ဆိုပြီး ငါ့ပုဆိုးတွေကို ဖြုပြီး ဝေတယ် . . . ။အဲဒါနဲ့ ငါက

" အမေရယ် ကျနော့ ပုဆိုးတွေလည်း ကုန်ပါပြီ . . . "

လို့ ပြောမိတော့ ဗေဒင်စားပွဲရှေ့မှာ ခါးထောက်လာရပ်ပြီး

" ဟဲ့ နင်တို့က နိုင်ငံရေးသမားတွေဆို . . . အခု ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ . . . လမ်းပေါ်ကို ထွက်ပါတော့လား . . . ဟိုမှာ ဘုမသိ ဘမသိနဲ့ ကလေးတွေ သနားပါတယ် . . အရိုက်ခံရ အပစ်ခံရ အဖမ်းခံရတွေ ဖြစ်ကုန်ပြီ . . နင်တို့ ထွက်ရမှာလေဟယ် . . ဘာနိုင်ငံရေးသမားလဲ . . . ဘာလူကြီးလဲ . . . "

လို့ ရန်တွေ့တော့ပဲ . . . ။သူများတကာတွေရဲ့ မိဘတွေဆိုရင် လမ်းပေါ်ကို မထွက်နဲ့ ဝင်မပါနဲ့လို့ တားကြမှာပဲ . . . ။ ငါ့အမေကတော့ နိုင်ငံရေးတွေဘာတွေ စိတ်ဝင်စားလို့ မဟုတ်ဘူး . . . မှားတာမှန်တာတွေလည်း မသိဘူး . . . ။ နိုင်ငံရေးသမားဆိုပြီး ဗေဒင်ထိုင်ဟောနေလို့ လမ်းပေါ်ကို အတင်းထွက်ခိုင်းတော့ပဲ . . . ။ ငါကတော့ ငြိမ်နေတယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ . . . ဒီအလုပ်ဟာ ငါနဲ့ ကံမစပ်ဘူး . . . ငါ့အတွက် ကံဆိုးမိုးမှောင်ကျမယ့် အလုပ်ဆိုတာ . . . ငါ ဟာငါတွက်ပြီး သိထားပြီ . . .။ ငယ်စဉ်ဘဝတလျှောက်လုံး ဒီအလုပ်တွေကြောင့် ဒုက္ခရောက်ပြီးခဲ့ပြီ . . .။ ဝရမ်းတွေ ပြေးခဲ့ရပြီးပြီ . . .။ တောထဲရောက်ခဲ့ရပြီးပြီ . . .။ ထောင်ကျခဲ့ရပြီးပြီ . . .။ ထမင်းငတ်တာတွေ ဖြစ်ခဲ့ရပြီးပြီ . . .။

ငါ့အနေနဲ့ ဗေဒင်ဆရာ စာရေးဆရာအဖြစ် ၁၉၈၀ လောက်ကမှ ကောင်းကောင်းအောင်မြင်လာတာဆိုတော့ . . . စားချင်တာလေးတွေစား . . . နေချင်သလိုလေးနေ ဆိုတဲ့ ဘဝ စိမ်းစည်လေးကို ခံစားရတာ ဆယ်နှစ်တောင် ကောင်းကောင်းမ ပြည့်သေးဘူး . . .။

ဒီပွဲမှာ ငါဝင်ပါတာနဲ့ ငါ့ဘဝ ပျက်ဦးမှာ . . .။နိုင်ငံရေး အလုပ်နဲ့ ပတ်သက်တာရင် ငါက ဘယ်တော့မှ မုန့်ဝေတဲ့ အလှည့် နဲ့ အကြုံဘူး . . . ဒုတ်ဝေတာနဲ့ပဲ ကြုံရတာ . . .။ သွားထိလိုက် တာနဲ့ ဒုက္ခတွေ ကြုံဦးတော့မှာ . . .။ အဲဒီလိုလူ ဆိုတော့လည်း ဒုက္ခနွံထဲကို ပြန်မဆင်းချင်တော့ဘူးပေါ့ကွာ . . .။

ဒါပေမယ့် နောက်ဆုံးတော့ မနေနိုင်ပါဘူး . . . ပါ သွား တော့တာပါပဲ . . .။ အဲဒါနဲ့ပတ်သက်လို့ သတင်းသမား မောင်မြတ်ခိုင် က ငါ့ကို အင်တာဗျူးပြီး မေးဖူးတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



" ဆရာ့ အနေနဲ့ နိုင်ငံရေးထဲကို ဝင်ပါရင် . . . ထောင်ကျမယ်ဆိုတာ . . . ဗေဒင်တွက်ကြည့်ပြီး ကြိုမသိဘူးလား . . . ကြိုသိရင်ရော ယတြာတွေ ဘာတွေ မချေဘူးလား. . "

ဆိုပြီးမေးခဲ့ဖူးတယ် . . .။ အဲဒီတော့ ငါက

" သိပါသော်ကော မောင်မြတ်ခိုင်ရယ် . . . ဒီအလုပ်နဲ့ ပက်သက်ရင် ဒုက္ခရောက်မယ်ဆိုတာ သိသိကြီးနဲ့ . . . မနေနိုင် မထိုင်နိုင် ဝင်လုပ်တာ ဆိုတော့ . . . ဘာယတြာမှ ချေလို့ မရနိုင်ပါဘူး . . .။

ဥပမာ ကိုယ်က အိမ်ထောင်ရေး ကံမကောင်းဘူး . . . အဲဒါကို သိရဲ့သားနဲ့ မနေနိုင်ပဲ အိမ်ထောင်ပြုတယ်၊ ပထမအိမ်ထောင်နဲ့ သားတစ်ယောက် မွေးပြီး ကွဲကြတယ်။ ဒုတိယ အိမ်ထောင်နဲ့ ကလေးမရှိဘူး။ မိန်းမ နှစ်ယောက်ယူဘူးတယ် ဆိုပါတော့ . . . အဲဒီတော့ အိမ်ထောင်ရေး ဒုက္ခတွေ ကြုံတာပေါ့ . . .။ ဒုက္ခကြုံမယ့်လမ်းကို မနေနိုင်လို့ လျှောက်တဲ့ ကိစ္စဟာ . . . ဘာယတြာမှ ချေလို့ မရနိုင်ဘူး မောင်မြတ်ခိုင်ရေ . . .။

လို့ ပြောပြလိုက်တယ်ကွာ . . .။



www.burmeseclassic.com

www.burmeseclassic.com



## ၃၀ ဒီဂရီလေး စောင်းလိုက်ယုံပါ

" တစ်ရက်မှာတော့ . . . စစ်ရှုံးလေးနားမှာ (ဖ. ဆ. ပ. လ) ရုပ်ကွက်ရှေ့ ငါ တရား ဟောရတယ် . . .။လူထုပရိတ်သတ်တွေကလည်း ညို့နေတာပဲ . . .။စစ်ရှုံးဘက်ကလည်း တပ်မတော်သားတွေက လူတွေဘက် ကိုလှည့်ပြီး လက်နက်အပြည့်အစုံနဲ့ လုံခြုံရေး ယူထားကြတယ် . . .။ အဲဒီမှာ ငါက အဲဒီရဲဘော်လေးတွေကို ဘာလှမ်းပြောလိုက် သလဲဆိုတော့ . . . .။

" ညီလေးတို့ရေ . . . မင်းတို့အနေနဲ့ ပြည်သူ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်တဲ့ . . ပြည်သူ့တပ်မတော်သား စစ်စစ် ဖြစ်ချင်သလား . . . ပြည်သူတွေဘက်ကို သေနတ်ဦးလှည့်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်တော့ . . . ပြည့်သူ့တပ်မတော်သား ဖြစ်မှာ မဟုတ်ဘူး . . .။ပြည့်သူ့တပ်မတော်သား စစ်စစ်ဖြစ်ချင်ရင် . . . သိပ်မခက်ပါဘူးကွာ . . .။အခု မင်းတို့ လှည့်ထားတဲ့ သေနတ်ဦးလေးတွေကို နောက်ဖက် (စစ်ရှုံးဘက်)ကို ကိုးဆယ်ဒီဂရီလောက်ကလေး စောင်းလိုက်ယုံနဲ့ ပြည့်သူ့တပ်မတော်သားတွေ ဖြစ်သွားပါလိမ့်မယ်လို့ လှမ်းပြောလိုက်တယ် . . . ”

လူတွေကလည်း လက်ခုပ် တဖြောင်းဖြောင်းနဲ့ ပျောင်းဆန်သွားတော့တာပဲဟော့ . . .။

## အကျီကလေး ချွတ်လိုက်ပါရစေဦး

စစ်ရုံးနားမှာ တရားဟောတော့ . . .။ ရဲဘော်လေးတွေက ငါ့တို့ဘက်ကို သေနတ်တွေနဲ့ ချိန်ထားပြီး လုံခြုံရေး ယူထားကြတယ် . . .။ အဲဒီတော့ ငါက . . .။

“ ညီလေးတို့ရေ . . . ကိုယ်လည်း တပ်မတော်သား ဖြစ်ခဲ့ဖူးပါတယ် . . .။ တပ်မတော်သားဆိုတာက အထက်အမိန့်ကို ငြင်းဆန်ခွင့်မရှိဘူး . . .။ ကိုယ့်ကို ပစ်ချလိုက် ဆိုရင်လည်း . . . ညီလေးတို့ အနေနဲ့ ပစ်ချလိုက်ရမှာပါပဲ . . . ကိုယ် ... ားလည်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးပါတယ် . . .။ မင်းတို့ရဲ့ဘဝ တည်မြဲရေးအတွက် . . . ကိုယ့်ကို ပစ်ရမယ့် အခြေအနေရောက်ရင်လည်း ပစ်ချလိုက်ပါ. . .။ ဒါပေမယ့် တခုလေးတော့ ကိုယ် တောင်းပန်ပါရစေ . . .။ မလွှဲမရှောင်သာ ကိုယ့်ကို ပစ်သတ်ရတော့မယ် ဆိုရင်လေ . . . မိနစ်ဝက်လောက်လေးတော့ ကိုယ့်ကို အချိန်ပေးပါကွာ . . .။ အဲဒါလေးတော့ ကိုယ် တောင်းဆိုပါရစေ . . .။

အဲဒီမိနစ်ဝက်လောက်လေးမှာ ခင်ဗျား ဘာလုပ်ချင်လို့လဲ လို့မေးရင် . . . ဟောဒီ ဝတ်ထားတဲ့ အင်္ကျီလေးကို ချွတ်လိုက်ချင်လို့ပါ . . .။ အင်္ကျီလေး ကျည်ဆံရာတွေ နဲ့ ပေါက်သွားမှာ စိုးလို့ပါ . . . ။

အစစအရာရာ ရှားပါး ငတ်ပြတ်နေတဲ့ ကိုယ်တို့ တိုင်းပြည်မှာ . . . လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းဟာ . . . ခွေးတစ်ကောင် ရဲ့ အသက်လောက်တောင် တန်ဖိုးမရှိပေမယ့် . . . အင်္ကျီလေး ပေါက်သွားရင်တော့ . . . နှမြောဖို့ ကောင်းလှပါတယ်ကွာ . . .။ ကိုယ်သေသွားပေမယ့် ကျန်တဲ့သူတွေ ဝတ်ရတာပေါ့ . . . .”

လို့လည်း ပြောလိုက်ရော . . .။လူအုပ်ကြီးကလည်း ပွက်ကလော ရိုက်သွားအောင် ဩဘာ ပေးကြတော့ပြန်တာပေါ့ . . . .။



www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည် ဖြစ်သွားဦးမယ်

စစ်ရှုံးနားကတရားပွဲမှာပဲ ကိုယ်ပြောခဲ့ဖူးတာလေး တစ်ခုရှိတယ် . . .။ကိုယ်တို့ဘက်ကို သေနတ်ပြောင်းတွေ လှည့်ပြီး ချိန်ထားတော့ ကိုယ်က လှမ်းပြီး ပြောလိုက်တယ် . . .။

"ပစ်သတ်မယ် ဆိုရင်တော့ . . . သေချာ စဉ်းစားပြီးမှ ပစ်သတ်နော် . . . .။ဒီအတိုင်းဆိုရင် မင်းသိမ်ဆိုတာ ဘာမှ မဟုတ်ဘူး . . .။သာမန်ဗေဒင်ဆရာတစ်ယောက် သာမန်စာရေးဆရာတစ်ယောက်ပဲ . . .။ဒီမိုကရေစီအရေးတော်ပုံမှာ ပစ်အသတ် ခံရလို့ သေသွားမှ . . . အာဇာနည် ဖြစ်သွားပြီး . . . နောင်နှစ် နောင်နှစ်တွေမှာ . . . ကိုယ့်လူတို့ လွမ်းသူ့ပန်းခွေတွေ ချပြီး ဦးညွှတ် အလေးပြုနေရဦးမယ် . . .။အဲဒီတော့ ပစ်မသတ်ခင် သေသေချာချာလေးတော့ စဉ်းစားကြဦးပေါ့နော် . . .။



www.burmeseclassic.com

www.burmeseclassic.com



## ရှဲသွင်းပြီး ပြရဦးမယ်

ဦးစိန်လွင် သမတဖြစ်လာတော့ . . .။တီဗီဖန်သား ပြင်မှာ ပေါ်လာတယ် . . .။ပေါ်လာလာချင်း ဘာပြောသလဲဆို တော့ . . .။အကျင့်ပျက်ဝန်ထမ်းတွေကို အရေးယူမယ် . . . တဲ့ ။ တကယ်တော့ ကိုယ်တို့တိုင်းပြည်မှာ အောက်ခြေဝန်ထမ်းလေး တွေ . . . အကျင့်ပျက်တယ်ဆိုတာ မရှိပါဘူး . . .။စားဝတ်နေရေး ကြပ်တည်း လွန်းလို့ လက်ဖက်ရည်ဖိုးလေး ဘာလေး ယူတာ လောက်ပဲ ရှိတာပါ . . .။

တကယ်အကျင့်ပျက်တာက အကောင် ကြီးကြီးတွေ . . .။တစ်ချို့ဆိုရင် စစ်ဖက်က လစာကိုလည်း စားတယ် . . .။ နယ်ဖက်က လစာကိုလည်း စားတယ် . . ။ နှစ်သီးစားတယ် . . ။ ပြီးတော့ ဘာကုန်ဝယ်စာအုပ်တို့ . . . ဘာကုန်ထုတ်ခွင့်တို့ . . . လက်မှတ်တွေလည်း ရတယ် . . .။ သုံးသီးစားတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို ဈေးဝယ်ထွက်ပြီး ကားတွေ တီဗီတွေ သွင်းလာခွင့်ရတယ် . . .။သူတိုပဲ ရတာ . . .။အဲဒီတော့ လေးသီး စားတယ် . . .။

ပြည်သူရဲ့ ဘဏ္ဍာငွေတွေနဲ့ ဘယ်နားမှာ မြေကွက်ကြီးတွေရ . . .။ အိမ်ယာကြီးတွေဆောက် ဆိုပြီး အခွင့်အရေးရတယ် . . .။ ငါးသီး စားတယ် . . .။

တကယ်တော့ အဲဒီလိုလူကြီးတွေကသာ အကျင့်ပျက်နေကြတာပါ . . .။ အောက်ခြေဝန်ထမ်းလေးတွေ လစာနဲ့ ဘယ်လိုမှ မလောက်လို့ . . . လက်ဖက်ရည်ဖိုးလေးတောင်းတာလောက်ကို အကျင့်ပျက်သလေး ဘာလေးနဲ့ . . . နိုင့်ထက်စီးနင်းပြောတဲ့ ဦးစိန်လွင်လည်း ဘယ်လောက်မှ မခံပါဘူး . . .။

အဲဒီ ဦးစိန်လွင် ရဲ့ အဖြစ်ကလည်း ဆန်းတယ် . . .။ ကမ္ဘာပေါ်မှာ (၁၇)ရက်ပဲ သမ္မတလုပ်ရတဲ့လူဆိုတာ . . . တစ်ခါမှ မပေါ်ဖူးသေးဘူး . . .။ အထူးအဆန်းပဲ . . .။

"ဒီမိုကရေစီတော်လှန်ရေးအောင်မြင်ရင် . . . (၁၇) ရက်ပဲ သမ္မတလုပ်ရတဲ့ လူ ဆိုပြီးတော့ . . . ရုံသွင်းပြီး ပြရဦးမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



## သမ္မတကြီးဒေါက်တာ မောင်မောင် မြို့တောင်းတံစါးလေး ဖွင့်ကြည့် လိုက်ပါ

ဒီပြည်သူတွေက စာမတတ်တဲ့ သမ္မတမျိုး မလိုချင်ဘူး ဆိုတော့ . . .။ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာတယ် . . .။

ဒေါက်တာမောင်မောင် စာတော့ တတ်ပါရဲ့ . . .။ဦးနှောက်မရှိရှာပြန်ဘူး . . .။

ဘာလို့လဲဆိုတော့ . . .။တစ်တိုင်းပြည်လုံး (၃၈)သန်းသော ပြည်သူလူထုတွေက . . . ဒီမိုကရေစီပေးပါ . . . ဒီမိုကရေစီပေးပါ . . . တစ်ပါတီစနစ် . . . အာဏာရှင်စနစ် မလိုချင်ပါဘူးလို့ . . . လှည်းနေ လှေအောင် မြင်းစောင်းမကျန် ဆန္ဒပြ တောင်းဆိုနေတာကို . . .။

ဒေါက်တာမောင်မောင်က. . . ပြည်သူ့ဆန္ဒစုံစမ်းရေးကော်မရှင်ဆိုပြီး . . . ဦးတင်အောင်ဟိန်းကို ဦးဆောင်စေပြီး အဖွဲ့ ဖွဲ့ပေးတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့် . . . ။ဒီလောက် ဘစ်ကမ္ဘာလုံးကြားအောင် . . . ပြည်သူ့ဆန္ဒကို ထုတ်ဖော်ပြီး အော်နေကြတဲ့ ကိစ္စ . . . ။ ပြည်သူ့ဆန္ဒစုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းဦးမယ်လို့ပဲ . . . ။

" ပြည်သူတွေ ရဲ့ ဆန္ဒအစစ်ကို သိချင်ရင် . . . ကော်မရှင်ဖွဲ့နေစရာ . . . မလိုတော့ပါဘူး . . . ပြတင်းတံခါးလေး ဖွင့်ပြီး ကြည့်လိုက်ယုံပါပဲ . . . "

**ဒီမိုကရေစီဆိုတာ ဘယ်သူ့ဆီမှာမှ တောင်းယူနေရမယ့် ပစ္စည်းမဟုတ်ဘူး**

(၈၈) တုန်းက . . . ဒီမိုကရေစီပေးပါ . . . ဒီမိုကရေစီ ပေးပါဆိုပြီး . . . တောင်းခဲ့ကြတယ် . . . ။

တကယ်တော့ အဲဒါဟာ . . . မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ချင်လို့သာ တောင်းနေကြရတာ . . . တကယ် ကတော့ . . . ။

" ဒီမိုကရေစီဆိုတာ . . . ဦးနေဝင်းပိုင်တဲ့ ပစ္စည်း . . . ဦးစိန်လွင် ပိုင်တဲ့ပစ္စည်း .. ဒေါက်တာမောင်မောင် ပိုင်တဲ့ ပစ္စည်းမှ မဟုတ်ပဲ . . . . ။လူသားအားလုံးရဲ့ မွေးရာပါ ရပိုင်ခွင့် ပဲဟာ . . . ။ တောင်းယူနေရတာကိုက လွန်နေပြီ . . . "




www.burmeseclassic.com

www.burmeseclassic.com



## မင်းသိစ်ကို ဖမ်းဝရမ်းထုတ်လိုက်ပြီ

၁၉၈၉ ခုနှစ် စက်တင်ဘာ (၁၈)နေ့တွင် တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့သော လူထုအုံကြွတွင် ပါဝင်ခဲ့သည့် နိုင်ငံရေးသမားများ ၊ ကျောင်းသားများ ၊ စာပေ ဂီတ အနုပညာရှင်များနှင့် တက်ကြွစွာလှုပ်ရှားခဲ့သူများကို လိုက်လံဖမ်းဆီးနေပြီဖြစ်သည်။

ကျောင်းသား၊ကျောင်းသူ တော်တော်များများသည် လက်နက်ကိုင် တော်လှန်ရန်အတွက် တောထဲသို့ ဝင်ရောက်သွားကြသည်။တောခိုသွား ကြခြင်းဖြစ်သည်။နိုင်ငံရေးသမား တချို့လည်း ပြည်ပနိုင်ငံများသို့ တိမ်းရှောင်ကာ နိုင်ငံရေးခိုလှုံကြသည်။

၁၉၈၈ ပြည်သူ့အရေးတော်ပုံတွင် ရှေ့ဆုံးမှ ဦးဆောင်ကာ တက်ကြွလှုပ်ရှားခဲ့သော ၊ ရဲရဲတောက်နိုင်ငံရေးတရားများ ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတရားများ ဖော်ခဲ့သော ပါတီ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ပြုတ်ကျရေးတရားများ ဟောခဲ့သော ဆရာမင်းသိမ်ခ် ကိုလည်း ဖမ်းဝရမ်းထုတ်လိုက်ပြီ ဖြစ်သည်။ အသေမိမိ၊ အရှင်မိမိ ပစ်မိန့်ပါ ကျပြီးသား ဖြစ်သည်။

ထို့ကြောင့်ဆရာမင်းသိမ်ခ်သည် ရန်ကုန်မြို့တွင်း၌ပင် လှည့်လည် တိမ်းရှောင် ပုန်းခိုနေခဲ့ရသည်။ ဆရာမင်းသိမ်ခ်၏ မိသားစုနေအိမ် (အဘဘိုးတော်မှဲ့၏ အိမ်ကိုအတုယူကာ သူကိုယ်တိုင် ပုံစံထုတ် ဆောက်လုပ်ပေးခဲ့သော အိမ်) ၏ မျက်နှာကျက် အပေါ်ထပ် အခန်းတွင်၄င်း၊ ၂၉ လမ်းနှင့် ဗိုလ်ချုပ်လမ်းဒေါင့်ရှိ ဇနီးဖြစ်သူ ဒေါ်အေးအေးရွှေ အခန်းတွင်၄င်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ် အတွင်း၌သော်၄င်း၊ အင်းစိန် လမ်းပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ အပေါ်ထပ်အခန်းတွင်း၌သော်၄င်း၊ ယုံကြည်စိတ်ချသည့် ဦးစိုး (ဦးမြတ်စိုး) ဟု ခေါ်သောမိတ်ဆွေ တစ်ဦး၏ အိမ်တွင်၄င်း ပုန်းခိုခဲ့သည်။

ရန်ကုန်မြို့တွင်း၌ လနှင့်ချီပြီး လှည့်လည်ပုန်းခို နေထိုင်နေခဲ့သည်။

အလွန်အင်မတန် အန္တရာယ်များသော အချိန်ကာလပင် ဖြစ်သည်။ထောက်လှမ်းရေးများ တွေ့ရှိသွားပါက အဖမ်းခံရမည် ဖြစ်သည်။ ပစ်မိန့် ပါပြီးသား ဖြစ်၍ ခုခံပါက တစ်ခါတည်း ပစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်ခံရမည်။ မခုခံသော်လည်း ခုခံသည်ဟု အကြောင်းပြကာ အပြတ်ရှင်း လိုက်သည်ကိုလည်း ခံရနိုင်ပေသည်။ ဘာမဆိုဖြစ် လာနိုင်သည်။ နောက်ဆုံးတွင်တော့ ဆရာမင်းသိခ်သည် အဖမ်းခံရန် ဆုံးဖြတ်လိုက်သည်။

အဖမ်းခံသည် ဆိုရာ၌လည်း အန္တရာယ်က ရှိနေတုန်းပင်ဖြစ်သည်။ လူမသိသူမသိ အဖမ်းခံလိုက်ပါက ခုခံသည် သေနတ်လုသည် ဟု အကြောင်းပြကာ တခါတည်း ပစ်သတ်ခံရနိုင်သည်။ အပြတ်ရှင်းခံရနိုင်သည်။တောင်အမေရိကတိုက် ဘိုလီးဗီးယားနိုင်ငံတွင် တော်လှန်ရေးခေါင်းဆောင် " ချေဂွေဗားယား " ကို အရှင်ဖမ်းမိသော်လည်း သေနတ်ဖြင့် ပစ်သတ်ပြီး အသေဖမ်းမိသည်ဟု ကြေညာခဲ့သည်။နောက်ပိုင်းတွင်မှ ဘူး ပေါ်သလိုပေါ်ခဲ့ရသည်။သမိုင်းတွင် ထိုကဲ့သို့ သာဓက ရှိနေခဲ့သည် မဟုတ်ပါလော ။ထို့ကြောင့် ဆရာမင်းသိခ်သည် အဖမ်းခံမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း မည်သို့ မည်ပုံ အဖမ်းခံမည်ကို စဉ်းစားနေရလေသည်။

နောက်ဆုံးတွင်တော့ ဆရာမင်းသိခ်သည် လူအသွားအလာများသော နေ့ခင်းဘက်တွင် အဖမ်းခံရန် ဆုံးဖြတ်လိုက်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံမည့်နေရာ ၊ အဖမ်းခံမည့်အချိန်ကို သတင်းသမား အချို့နှင့် အာဏာပိုင်အချို့ကို ကြိုတင်သတင်းပေးလိုက်သည်။

ထို့နောက် အမှတ် (၃၈၃) ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ၂၉ လမ်းထိပ်ရှိ နေအိမ်တွင် ဇနီးဖြစ်သူ နှင့် ညီအစ်ကို မောင်နှမများ၊ မိတ်ဆွေများရှေ့တွင် အဖမ်းခံလိုက် ပါသည်။

ထောက်လှမ်းရေးအချို့၊ သတင်းထောက်အချို့ကလည်း အသင့်စောင့်ဆိုင်းနေကြသည်။ ထို့နောက်အသင့်စောင့်ဆိုင်းနေသော အစိုးရထောက်လှမ်းရေးများက ဆရာမင်းသိခ်အား လက်ထိပ်ခပ် ၊ မျက်နှာကို အဝတ်ဖြင့် အုပ်လိုက်ပြီးနောက် လေးဘီးကားဖြင့် တင်ဆောင်ကာ ဖမ်းဆီးခေါ်ဆောင်သွားပါလေ တော့သည်။

မည်သို့ပင်ဖြစ်စေကာမူ " အသေဖမ်းဆီးရမိ "ဟူသည့် အန္တရာယ်မှတော့ လွတ်မြောက်ခဲ့ပြီဖြစ်သည်။ဆရာမင်းသိခ်အား လိုအပ်သည်များကို မေးမြန်း စစ်ကြောပြီးနောက် အင်းစိန်ထောင်ကြီးသို့ ပို့လိုက်ကြပါလေတော့သည်။

အမှန်တရားကို ချစ်သော ၊တရားမျှတမှုကို မြတ်နိုးသော လူတွေကို ချစ်သော ၊ မြန်မာပြည်သူများနှင့်အတူ တစ်သွေးတသားတည်း ရပ်တည်ခဲ့သော ၊ သတ္တဝါများကို ကယ်တယ်ကူညီသော ဆရာမင်းသိခ်သည် အင်းစိန်တောရသို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ထောင်တစ်သက်တစ်ကျွန်း

ဒုတိယအကြိမ် အင်းစိန်ထောင်သို့ တကျော့ပြန် ရောက်ရှိလာသည့် ဆရာမင်းသိခ်အား စစ်ကြောမေးမြန်းပြီးနောက် ထောင်တွင်း အထူးခုံရုံးမှနေ (၁၉၈၉ )ခုနှစ် နိုဝင်ဘာ (၁၃ )ရက်နေ့တွင်ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်ပါလေတော့သည်။

ထောင်သွင်းအကျဉ်းချခံထားရသော အချိန်တွင် ဖခင်ဖြစ်သူ ဦးစံရှိန် ကွယ်လွန်ခဲ့သည်။ ဖခင်ဖြစ်သူ၏ နောက်ဆုံးခရီးကိုလည်း လိုက်ပါပို့ဆောင်ပေးခွင့် မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကာလမှစ၍ မင်းသိခ်၏အမည်၊ ရုပ်ပုံ၊ ပုံတူပန်းချီ၊ ရေးသားပြီး ထုတ်ဝေပြီးစာပေများလည်း ထုတ်လုပ်ဖြန့်ချိခြင်း လုံးဝခွင့်မပြုတော့ပေ။ မိသားစုဝင်များ နေထိုင်ရာ နေရာများ၌ နေ့စဉ် စောင့်ကြည့်ခံနေရပြီး စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်ခွင့်မရအောင် ပိတ်ဆို့ခံနေကြရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



( ထောင်သွင်းအကျဉ်းချခံနေရသော အချိန်တွင် ထောင်ဝင်စာ လာတွေ့သော မိခင်အိုကြီးနှင့် မျက်သက်၍ ကြေကွဲဆို့နင့်စွာ ခံစားခဲ့ရပုံများကို အဘ မင်းသိင်္ခ ကိုယ်တိုင်ရေးသားခဲ့သော " မင်းပြော တဲ့ အမေအကြောင်း " ဆောင်းပါးထဲမှနေ အကြောင်းအရာ တစ်ချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်)

" အမေ "

အဘွားအိုကြီးတစ်ယောက်ဟာ ကြွပ်ကြွပ်အိတ် နဲ့ ထည့်ထားတဲ့ အထုပ်ကြီးတစ်ထုပ်ကို ဆွဲပြီး ထောင်ဗူးဝနားမှာ . . . တုန်ချီ တုန်ချီ နဲ့ သွားနေတယ် . . . ။ နေကလည်း ခြစ်ခြစ်တောက် ပူနေတယ် . . . ။ အဘွားကြီးဟာ ပူရကောင်းမှန်းမသိဘူး . . . ။ သူ့ရင်ထဲက အပူက နေအပူရှိန်ထက် ပူပြင်းတောက်လောင်နေဟန်တူတယ် . . . ။ သူ့ပါးစပ် ကလည်း တွေ့တဲ့လူတိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



" ထောင်ဝင်စာ ဘယ်လိုပေးရတာလဲ . . . ထောင်ဝင်စာ ဘယ်လိုပေးရတာလဲလို့ . . . "

တဖွဖွ မေးနေရှာတယ် . . .။ အဲဒီတော့ တခြားထောင်ဝင်စာ သမားတွေက

" ဒီမှာ တန်းစီရမယ်လို့ ပြောတယ် . . . "

အဲဒီတော့ အဘွားအိုကြီးက ဝင်ပြီးတန်းစီလိုက်တယ် . .။ အဲဒီမှာ မျက်နှာပေါက်ဆိုးဆိုး ထောင်ဝါဒါတစ်ယောက် အဘွားကြီးနား ရောက်လာတယ် . . .။အဘွားကြီးကို မျက်လုံးပြူကြီးနဲ့ ကြည့်လိုက်တယ် . . .။

" ခင်ဗျားကို ဒီနေရာမှာ ဘယ်သူက စီ ခိုင်းလို့ . . . ခင်ဗျားက တန်းစီရတာလဲ . . . ဖယ် . . ဖယ် . . . " လို့ အဘွားအိုကြီးကို အော်ပြောလိုက်တယ် . . .။အဲဒီအခါမှာ အဘွားအိုကြီး က

" မ . . မ . . မသိလို့ပါ သားရယ် . . . "

တောင်းပန်ပြီး ဘေးကို ဖယ်ပေးတယ် . . .။ အဲဒီအခါမှာ ထောင်ဝါဒါက

" မလုပ်ပါနဲ့ အမေကြီးရယ် . . . အမေကြီး သားနဲ့တော့ မနှိုင်းပါနဲ့ . . . စောစောစီးစီး လွဲပါစေ . . . ဖယ်ပါစေ . . . ကျနော့မှာက မိန်းမနဲ့ ကလေးနဲ့ ထောင်ကျလို့ မဖြစ်ဘူး . . "

လို့ ပြန်ပြီး ထိပ်ပြာတဲ့ အမူအယာနဲ့ ပြောလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ။ အဲဒီအခါမှာ သူ့ အနားကို ရောက်လာတဲ့ အကျဉ်းထောင် ဝန်ထမ်းတစ်ဦးက

“ ကိုသန်းရယ် . . . အဘွားကြီးကို သနားပါတယ် . . . မဟုတ်ကဟုတ်ကတွေ မပြောပါနဲ့ဗျာ . . . ”

လို့ ဝင်ပြီး ပြောလိုက်တယ် . . . ။ အဲဒီအခါမှာ ကိုသန်း လို့ အခေါ်ခံရတဲ့ ထောင်ဝါဒါက

“ ထောင်ဝင်စာပို့တဲ့ . . . အဘွားကြီးတွေက ငါ့ကို သား လို့ခေါ်တိုင်း ငါ့ရဲ့ ကျောထဲမှာ . . စိမ့်စိမ့် သွားတယ် . . . ဒါနဲ့ နေပါဦးမြင့်အောင် . . . မနေ့ညက မင်း ဖဲနိုင်တယ်ဆို . . . ငါ့ ကိုလက်ဖက်ရည်တိုက်ကွာ . . . ”

လို့ပြောပြီး သူ့ကိုလာပြောတဲ့ ဝန်ထမ်းနဲ့ လိုက်သွားတယ် . . . ။ အဘွားကြီးကတော့ တန်းဝင်ပြီး မစီရတော့ဘူး ဆိုတော့ ကြွပ်ကြွပ်အိတ်ကလေးကို ကိုင်ပြီး ရပ်နေတယ် . . . ။အဲဒီကြွပ် ကြွပ်အိတ်ထဲမှာကလည်း သူ့သား သိပ်ကြိုက်တဲ့ ပဲကုလားဟင်း တွေ ထည့်ထားတယ် . . . ။အဘွားကြီးဟာ နေပူထဲမှာ ရပ်နေရ တယ် . . . ။သူ့ရဲ့ရင်ထဲက အပူဟာ ဘယ်လောက်ကို ကြီးနေသလဲ မသိဘူး . . . ။နေပူကို သူ လုံးဝ ဂရုမစိုက်ဘူး . . . ။

အဲဒီအချိန်မှာပဲ ထောင်ဝင်စာက စပြီးခေါ်နေပြီ ဖြစ် လေတော့ ထောင်ဝင်စာ လာတဲ့ လူတွေဟာ အထုပ်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး တန်းစီ ဝင်သွားကြတယ် . . .။ အဘွားအိုကြီး တစ်ယောက် တည်း ကျန်ရစ်ခဲ့တယ် . . .။ အဘွားအိုကြီးနောက် မှ ရောက်လာ တဲ့ ထောင်ဝင်စာသမား မြောက်များစွာဟာ အထဲ ကိုဝင်သွားပြီ ဖြစ်တယ် . . .။

အဘွားအိုကြီးဟာ နေပူထဲမှာ ရပ်မြဲ ရပ်နေရရှာတယ် . . .။ထောင်ဝင်စာသမားတွေ ကုန်သွားတဲ့ အခါကျတော့ ဦးသန်း ဆိုတဲ့လူ ပြန်ရောက်လာတယ် . . .။အဘွားကြီးကိုလည်း မြင်ရော

" အဘွားကြီး ဒီမှာ ဘာလုပ်နေတာလဲ "

လို့မေးလိုက်တယ် . . .။

" ထောင်ဝင်စာ ပို့ချင်လို့ပါကွယ် "

လို့ အဘွားကြီးက ပြန်ပြီးဖြေလိုက်တယ် . . .။

" အော် . . . ခက်တော့တာပဲ . . . ထောင်ဝင်စာပို့ချင်ရင် တန်းစီရတယ်လို့ ပြောလိုက်တယ် . . . "

အဲဒီအခါမှာ အဘွားကြီးက

" စောစောကအမေကြီး တန်းစီနေတာပဲ . . . မောင်ရင် က ထွက်ပေးရမယ်ဆိုလို့ . . . အမေကြီး ထွက်ပေးလိုက်ရတာ လေ . . . "

လို့ ပြန်ပြောလိုက်တယ် ဆိုရင်ပဲ ဦးသန်းဆိုသူက

" အော် ခက်တော့တာပဲ . . . ဒီတန်းထဲမှာ မစီရဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . ဟိုးဘက်မှာ တွေ့လား . . . အမေကြီးမျက်နှာကို မြင်လိုက်ကတည်းက ဘယ်သူ့ အမေဆိုတာ . . . ကျုပ် ကောင်းကောင်းသိပါတယ် . . . ခင်ဗျားတို့ သားအမိက . . . ရုပ်ချင်း တယ်ပြီးဆင်တာကိုး . . . သွား သွား သွား . . မြန်မြန်လေးရောက်အောင်သွားပေတော့ ဟိုမှာ လူကုန်တော့မယ် . . . အမေကြီးသားအမှုမျိုးတွေ ထောင်ဝင်စာပို့ရတာက . . . ဟောဟိုဘက်မှ တန်းမှာ နောက်လည်း မှတ်ထား . . . "

လို့ ပြောလိုက်တယ်ဆိုရင်ပဲ . . . ။အဘွားကြီးဟာ မောရပန်းရမှန်း မသိရှာဘူး . . . ။နေပူကြီးထဲမှာ ပြေးတော့တာပဲ . . . ။တစ်နေရာမှာ အဘွားကြီးဟာ အုတ်ခဲစောင်း နဲ့ တိုက်မိလို့ ဒယိမ်းဒယိုင် ဖြစ်သွားတယ် . . . ။သူ့လက်ထဲက ကြွပ်ကြွပ်အိတ်ကလေးဟာ မြေကြီးပေးကို ဖုတ် ခနဲ လွတ်ကျသွားတယ် . . . ။မြေကြီးပေါ် လည်း ရောက်ရော အိတ်ကလေးဟာ ဂွမ်း ခနဲ ပွင့်ထွက်သွားတယ် . . . ။ ပဲကုလားဟင်းတွေဟာ ပျံ့ကျဲ ထွက်ကုန်တယ် . . . ။အဘွားကြီးဟာ ထောင်ထဲက သူ့သားအတွက် ပေးစရာမရှိတော့လို့ ကြေကွဲသွားတယ် . . . ။ဝမ်းနည်းသွားတယ် . . . ။ပြီးတော့မြေကြီးပေါ် က ပဲကုလားဟင်းတွေကို ကြည့်လိုက်တယ် . . . ။ဒါပေမယ့် ကြာကြာမကြည့်နိုင်ပါဘူး . . . ။တန်းစီတဲ့နေရာကို ရောက်အောင် အဘွားကြီးဟာ ပြေးသွားရရှာတယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြစ်အပျက်တွေဟာ ထောင်ထဲမှာရှိတဲ့ သူ့သားဆီကို လက်ဆင့်ကမ်းပြီး ရောက်သွားတယ် . . .။သူ့သားဟာ သူ့ရဲ့ မိခင်ကြီးအတွက် စိတ်မကောင်းဖြစ်သွားရတယ် . . .။အဲဒီတော့ သူ့သားက

" ငါ မစားရရင် နေပါစေ . . . အမေ့ကို ဒုက္ခပေးလို့ မဖြစ်တော့ဘူး . . . အမေ့ကို ထောင်ဝင်စာမပို့နဲ့လို့ ပြောရမှာပဲ"

လို့ စဉ်းစားလိုက်တယ် . . .။အမှန်ကလည်း ဒီအဘွားကြီးဟာ ထောင်ဝင်စာ ပို့ရမှာ မဟုတ်ဘူး . . .။သူ့သားရဲ့ မိန်းမက ထောင်ဝင်စာ ပို့ရမှာ . . .။ ဒါဟာ ထုံးစံပဲ . . .။လင် ထောင်ကျရင် မယားက ထောင်ဝင်စာ ပို့ရမယ် . . .။ဒါပေမယ့် အဘွားကြီးရဲ့ သားဟာ အချုပ်ကနေထုတ်ပြီး ထောင်ကျသွားတဲ့နေ့မှာပဲ သူ့မိန်းမဟာ . . . နောက်လင်ယူသွားတယ် . . . ဒါကြောင့် အဘွားကြီးဟာ သူဟာ မိခင်ဖြစ်ကြောင်း သူ့သားမှာ ထောင်ဝင်စာပို့မယ် ဇနီးသားမယား မရှိကြောင်း သက်ဆိုင်ရာမှာ လျှောက်ထားပြီး သူကိုယ်တိုင် ထောင်ဝင်စာ လာပို့နေရရှာတာ ဖြစ်တယ် . . .။

အထက်ကအဖြစ်အပျက်တွေ ဖြစ်ပြီး များမကြာခင်မှာပဲ အဘွားကြီးနဲ့ သူ့သားဟာ ခြင်လုံဇကာ ကာထားတဲ့ ထောင်ဝင်





www.burmeseclassic.com

www.burmeseclassic.com



စာအပေါက်မှာ မျက်နှာချင်းဆိုင် တွေ့ခွင့်ရကြတယ် . . .။တွေ့ရင်တွေ့ချင်းပဲ အဘွားကြီးက

" မင်းအတွက် အမေ ကုလားဟင်းတွေ ယူလာတယ် . . . ဒါပေမယ့် . . . မှောက်ကျကုန်လို့ . . . ပေးစရာမရှိဘူး . . . နောက်အပတ်ကျတော့ စားပေါ့ကွယ် . . ."

လို့ နှစ်သိမ့်လိုက်တယ် . . .။

" ပင်ပန်းပါတယ် အမေရယ် . . . အမေ ထောင်ဝင်စာ မပို့ပါနဲ့တော့ "

လို့ သူ့သားကပြောလိုက်တယ် . . .။

" အမေမပို့ရင် . . . မင်းကို ဘယ်သူ ပို့မလဲ . . ."

လို့ အဘွားကြီးက ပြန်ပြီးမေးလိုက်တယ် . . .။အဲဒီအခါမှာ သူ့သားက . . .

" ဒီမိန်းမ သိပ်ပြီး ရက်စက်တယ် . . ."

လို့ အသံကျယ်ကျယ် နဲ့ ပြောလိုက်တယ် . . .။

" သူက အမေမှ မဟုတ်ပဲကွယ် . . ."

လို့ အဘွားကြီးက ပြန်ပြီးပြောလိုက်တယ် . . .။အဲဒီအခါမှာ သူ့သားဟာ သဘောပေါက်သွားတယ် . . .။ အမေ ဆိုတာကို သဘောပေါက်သွားတယ် . . .။ အမေဆိုတာကို နားလည်သွားတယ် . . .။ သူ့သားရဲ့ မျက်နှာဟာ ကြည်လင်သွားတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



လတ်ဆတ်သွားတယ် . . .။ သူ့ရဲ့ အမေကို ပြုံးပြလိုက်တယ် . . .။

သူ့ရဲ့ အပြုံးဟာ သူ့ရဲ့ အမေကိုသာ ပြုံးပြလိုက်ခြင်း မဟုတ်ဘူး ။ အမေ ဆိုတဲ့ သဘာဝမိခင်ကြီးကို ပြုံးပြလိုက်ခြင်းသာ ဖြစ်ချင် ဖြစ်နေမယ် . . .။ ဒါမှမဟုတ် သူ့ရဲ့အပြုံးဟာ အမိပါယ် တစ်မျိုးတည်းကို မသက်ရောက်စေပဲ . . . အဓိပါယ်အမျိုးပေါင်း . . . အရာအထောင်ကို သက်ရောက်သွားစေတယ် . . .။

အဲဒီအပြုံးဟာ သံဝေဂ . . .။ အဲဒီအပြုံးဟာ မေ့ . . .။ အဲဒီအပြုံးဟာ အသံမဲ့ဂီတ . . .။ အဲဒီအပြုံးဟာ စုတ်ချက်မဲ့ ဆေးရောင်မဲ့ ပန်းချီကား . . .။ အဲဒီအပြုံးဟာ သူ့မိခင်ကြီးရော သူပါ နက်နက်နဲနဲ ခံစားလိုက်ရတဲ့ ကဗျာ . . . .။

စိုးမြင့်အောင်ရေ . . .။

တစ်ခုထပ်ပြီး ပြောစရာရှိသေးတယ် . . .။အဲဒါက ဘာလဲဆိုတော့ . . .။အဲဒီအဘွားကြီးဟာ . . . ငါ့ အမေ ကွ . . .။ဒါကြောင့် မင်း ငါ့ဆီမှာ တောင်းတဲ့ အမေကဗျာ နဲ့ ပက် သက်တဲ့ စာကလေးတစ်ပုဒ်လောက် ရေးမပေးနိုင်တာကို ခွင့်လွှတ် ပါကွာ . . .။

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



## " မိခင်ဖြစ်သူ၏ အားပေးစကား "

နိုင်ငံရေးစည်းရုံးလှုပ်ရှား ဟောပြောမှုများကြောင့် ထောင်ဒဏ် တစ်သက်တကျွန်းချမှတ်ခံရပြီး အင်းစိန်ထောင်ကြီး၌ အကျဉ်းကျ ခံနေရစဉ် ကာလအတွင်း မိခင်အိုကြီးဖြစ်သူ ဒေါ်တင်မှ ထောင် ဝင်စာလာတွေ့သည်။

မိခင်အိုကြီးသည် သားဖြစ်သူ ကြိုက်နှစ်သက်သော ပဲကုလားဟင်း ကို သူကိုယ်တိုင်ချက်ပြုပြီး အပင်ပန်းခံကာ ယူလာပေးသည်။ သား ဖြစ်သူ ဆရာမင်းသိန်ခ်နှင့် တွေ့သောအခါ " ဟဲ့ . . . အောင်ထွန်း . . . ထောင်တစ်သက်တစ်ကျွန်း ကျတာ ချင်းအတူတူ . . . တစ်ချို့ကျောင်းသားလေးတွေခမျာ . . . ဘုမသိ ဘမသိ . . . နာမည်စာရင်းလေးပါသွားယုံနဲ့ . . . ထောင်တစ် သက်တစ်ကျွန်းကျတယ် . . . . ။



www.burmeseclassic.com

www.burmeseclassic.com



“ နင်ကတော့ . . . နင်ပြောချင်တာတွေ . . . တစ်ဝကြီး ပြော လိုက်ရတယ် . . . .”

“ ထောင်တစ်သက်တစ်ကျွန်း ကျတာချင်းအတူတူ . . . နင် ကျတာ တန်တယ် . . .”

ဟု အားပေးစကား ပြောခဲ့သည်။

ထောင်ဝင်စာ လာတွေ့သော မိခင်အိုကြီးဖြစ်သူ ဒေါ်တင်၏ အားပေးစကားလေး တစ်ခွန်းသည်လည်း အဘ မင်းသိခ်၏ ဘဝစာမျက် နှာများတွင် အမှတ်တရအဖြစ် ၊ လွမ်းမော ဖွယ်ရာ အတိဖြင့် ကျန် ရစ်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ‘ ဥမ် ’

ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခံလိုက်ရပြီး နောက် တခြားသော အကျဉ်းသားများဖြင့် ရောနှောထားခြင်း မရှိပဲ တိုက်အမှတ် (၁၃)တွင် တိုက်ပိတ် ထားခဲ့သည်။ (၁၃)ရက် နေ့တွင်၁+၃=၄ ဂဏန်းသည် ဆရာမင်းသိခ်ကို ကောင်းစွာ ဒုက္ခပေးခဲ့သည်။

တစ်ခုသော ဒီဇင်ဘာလ (၂၅)ရက် ခရစ်စမတ်နေ့တွင် ဆရာမင်းသိခ်သည် အကျဉ်းထောင်အမိုး သွပ်ပေါက်ထဲမှနေ မြင် နေရသော ကြာသပတေးကြယ်လေးကို ကြည့်ရှုနေလေသည်။ ခေါင်း လိပ်သောက်ရင်း အတွေးတွေ နယ်ချဲ့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ သူ၏ရင်ခေါင်း အတွင်းမှနေ "ဥမ်" ဆိုသည့် အသံ တစ်သံကို ကြားခဲ့ရသည်။ မိမိ၏ ဗီဇမန္တာန်ဟု ယူဆလိုက်ပြီး နောက် ထောင်မှမလွတ်မချင်း ထမင်းစားချိန် ၊ အိပ်ချိန်မှ လွဲပြီး "ဥမ်"ဂါထာကို စွဲစွဲမြဲမြဲ ရွတ်တော့မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။

အဓိဋ္ဌာန်ပြုသည့်အတိုင်း စွဲစွဲမြဲမြဲ ရွတ်ခဲ့သည်။ ချက်တိုင်တွင်တည်၍ အသံရှည်စွဲကာ ရင်ခေါင်းသံဖြင့် ကျကျနန ရွတ်သည်။ နေ့စဉ်ရက်ဆက်ဆိုသလို ၊ အချိန်တိုင်းလိုလို ဆရာမင်းသိခ်၏ တိုက်ဆီမှနေ " ဥမ်"ရွတ်သံများကို ကြားနေရသည်။

နောက်မှရောက်လာသော အကျဉ်းသားအချို့က ဖားအော်သံ အောင်းမေ့ပြီး " စားဖား အသံကွ " " ဖားခုံညှင်း အသံကွ . . . " စသည့်ဖြင့် စကားများသည်အထိ ငြင်းခုန်ကြရသည်ဟုလည်းဆိုသည်။

တာဝန်ကျထောင်မှူးကြီးတစ်ဦးက

" ဆရာခ တိုးတိုးရွတ်ပါဗျ . . . ထောင်ကြီးလည်း ပွင့်သွားဦးမယ် . . . "

ဟု နောက်ပြောင်၍ပြောရာ ဆရာမင်းသိခ်က

" ထောင်ကြီးပွင့်သွားတော့ ကောင်းတာပေါ့ဗျ . . . ငြိုကျသွားတဲ့ ထောင်နံရံတွေပေါ်ကို ဆေးလိပ်လေးဖွာရင်း လမ်းလျှောက်ထွက်သွားမယ်ဗျာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြန်ပြောလိုက်လေသည်။ ထောင်မှူးကြီးက

" ထောင်နံ့ရံ့တွေ ပြိုသွားလို့ မဖြစ်သေးဘူး . . . ထောင်နံရံတွေ ပြိုကျသွားရင် ကျုပ်အလုပ်ပြုတ်လိမ့်မယ် . . . ကျုပ်ကလေး ကျောင်းမပြီးသေးဘူး ဗျ . . . "

ဟု ပြန်လည်နောက်ပြောင် ပြောဆိုလေသည်။

ဤသို့ဖြင့် အမိဌာန်ပြု၍ " ဥုမ် "ဂါထာကို တစိုက်မတ်မတ် ရွတ်လာခဲ့ရာ သုံးနှစ်ကျော်ခန့် အကြာ (၁၉၉၂)ခုနှစ် မေလ (၄)ရက် နေ့လည် (၁၃)နာရီအချိန် (ဥုမ် အမိဌာန်စတင်ပြီး ရက်ပေါင်း (၁၃၀)တိတိပြည့်သောနေ့) တွင် ထောင်မှနေ လွှတ်ငြိမ်းသက်သာဖြင့် လွှတ်မြောက် လာခဲ့သည်။၏

" ဒီတစ်ခါတော့ ဆယ့်သုံးဂဏန်းက ငါ့ကို . . . အကျိုးပေးပြန်ပြီဟေ့ . . . "

ဟု ကြုံးဝါးခဲ့သည်။

ပုဒ်မ (၄၀၁) လွှတ်ငြိမ်းသက်သာဖြင့် လွှတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ လွှတ်ငြိမ်းချမ်းသာ မဟုတ်ပေ။ လွှတ်ငြိမ်းချမ်းသာဆိုသည်မှာ ထောင်မှနေ အပြီးလွှတ် လိုက်ခြင်းဖြစ်သည်။

( မှတ်ချက် ။ ။ လွှတ်ငြိမ်းသက်သာဆိုသည်မှာ နာမည်စာရင်းကတော့ ထောင်တွင် ရှိနေဆဲ ဖြစ်သည်။ မိမိအိမ်သို့

www.burmeseclassic.com

www.burmeseclassic.com



မိမိပြန်နေခိုင်းခြင်း ဖြစ်သည်။ အချိန်မရွေး အစစ်အဆေးအမေး အမြန်းမရှိ ထောင်ထဲသို့ ပြန်ထည့်ထားနိုင်သည်။)

ဆရာမင်းသိမ်ိ ထောင်မှနေ လွတ်မြောက်လာသောအခါ မိသားစုများ ၊တပည့်ပရိတ်သတ်များက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြသည်။အစိုးရသတင်းစာများ ၊အစိုးရရုပ်မြင်သံကြား။ ပြည်ပသတင်းဌာနများကလည်း အထူးတလည် ဖော်ပြခဲ့ကြသည်။

မည်သို့ပင် ဖြစ်စေကာမူ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခြင်း ခံခဲ့ရသော ၊ ထောင်ထဲတွင် နှစ်ပေါင်း (၂၀ )ခန့် နေထိုင်ရမည့် ဆရာမင်းသိမ်ိသည် (၃)နှစ်ကျော်အကြာတွင် ထောင်မှနေ လွတ်မြောက်လာခဲ့ပါလေတော့သတည်း။. . . ။



www.burmeseclassic.com

www.burmeseclassic.com



## မင်းသိခ် နိုင်ငံရေးတရား မဟောတော့ဘူး

အဘာမင်းသိခ် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးနောက်တွင်လည်း အဖက်ဖက်မှ စောင့်ကြည့်ခြင်းကို ခံခဲ့ရသည်။

ထောက်လှမ်းရေးမှ တပ်ကြပ်ကြီးအဆင့်တစ်ဦးသည် အဘာထံသို့ မကြာမကြာရောက်လာပြီး သတင်းယူလေ့ရှိလေ၏။ အဘာထံသို့ ညွှဲအဝင်အထွက်မှတ်တမ်း ၊ ကားအဝင်အထွက်မှတ်တမ်း ၊ ထူးခြားဖြစ်စဉ်တို့ကို သတင်းပြန် ပို့ရလေ၏။ အဘာသောက်နေသော ဆေးဝါးများ ၊ အစားအသောက်များကအစ ထိုပုဂ္ဂိုလ်က သတင်းယူလေ၏။

တစ်ခါတွင်မူ အဘာသည် စိတ်ပေါက်ပေါက်ဖြင့် အောက်ပါအတိုင်း ပြောလိုက်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



" မင်းတို့ လူကြီးတွေကို တစ်ခါတည်း ပြောထားလိုက်ကွာ . . .။

မင်းတို့လူကြီးတွေက . . . မင်းသိမ်း နိုင်ငံရေးထဲ ပြန်ပါလာမှာကို တအားကြောက်နေကြတယ် . . .။ တစ်ခါတည်း ပြောထားလိုက် . . .။

ဒီတစ်ခါ တိုင်းပြည်မှာ တစ်ခုခုဖြစ်ရင် . . . မင်းသိမ်း နိုင်ငံရေးတရား မဟောတော့ဘူးဆိုတာ . . . ကတိပေးတယ် လို့ ပြောလိုက် . . .။

ဘာလို့လဲဆိုတော့ . . . ပါးစပ်လေးနဲ့ တရားဟောတာကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချခံရတယ် . . .။

ဂိုထောင်ဖောက် ပစ္စည်းလုတဲ့သူတွေက . . . ငါးလောက် ဖြစ်ဒဏ်မကြီးဘူး . . .။

အဲဒီတော့ . . . ဒီတစ်ခါ တိုင်းပြည်မှာ တစ်ခုခုဖြစ်ရင် . . . မင်းသိမ်း နိုင်ငံရေးတရား မဟောတော့ပါဘူး . . . တပည့်တွေနဲ့ ဂိုထောင်ဖောက်ပြီး ပစ္စည်းတွေ လုမယ့် အလုပ်တွေပဲ . . . လုပ်တော့မှာပါလို့ . . . ပြောလိုက်ကွာ . . .။

အဲဒါကမှ . . . အမှုလည်းသေး သေးတယ် . . .။ ဆွေမျိုးသားချင်းတွေလည်း စီးပွားဖြစ်ဦးမယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်အောင်ဆန်းစုကြည် နှင့်ပက်သက်ရှေ့ အဘမင်းသိင်္ခ၏ အမြင် သဘောထား

(၈၈) အရေးအခင်းပြီး နောက်ပိုင်းတွင် တပ်မတော်က အာဏာသိမ်းထားပြီးသည့်နောက် တိုင်းပြည်၏ အခြေအနေမှာ အဖက်ဖက်မှ တင်းမာနေလေတော့၏။

၂၀၀၃ ခုနှစ် ဒီပဲယင်း အရေးအခင်းကြီး ပြီးလောက်တွင် ရပ်ရွာထဲ၌ လူတိုင်းနီးပါး တိုင်းပြည်အခြေအနေ နိုင်ငံရေး အကြောင်း ပြောဆိုနေကြသဖြင့် ကျွန်တော်က

"အဘရယ် . . . ကျနော်တို့ တိုင်းပြည်ရဲ့ အခြေအနေတွေ က . . . ဘယ်လိုတွေ ဖြစ်လာနိုင်သတုန်း . . . အဘ စဉ်းစားမိ တာလေး ပြောပြပါလား . . ."



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးကြည့်ကြသောအခါ အဘမင်းသိင်္ခက

"လက်ရှိ အုပ်ချုပ်နေတဲ့ အစိုးရကလဲ . . . ဘာများခက်နေတာလဲကွာ . . .။

သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားတယ် . . .။ ဒီလိုနဲ့ပဲ ပြဿနာက ပြီးမှာကို မဟုတ်တော့ဘူး . . .။

တကယ်ကတော့ . . . ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက် . . .။ပြီးတော့ ဒီမိုကရေစီမိခင်ကြီးပါဆိုပြီး . . . ဂုဏ်ထူးဆောင်ဘွဲ့ ပေးလိုက် . . .။

လူတွေလည်း ကျေနပ်သွားကြမယ် . . .။သူတို့အတွက်လည်း အသက်ရှူချောင်သွားမယ် . . .။ထွက်ပေါက်ရသွားမယ် . . . .။

ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထဲကို အလှူခံဖလား ခပ်ကြီးကြီးထဲ့ပြီး . . . ကမ္ဘာပတ်ပြီး အလှူခံခိုင်းလိုက် . . . အားလုံး အဆင်ပြေသွားပြီပေါ့ကွာ . . .။

တိုင်းပြည်လည်း ဟိုပိတ် ဒီဆို့ ဆိုတာတွေကနေ လွတ်သွားမယ် . . .။အထောက်အပံ့တွေလည်း ပေါ်လာမယ် . . .။

ဘာများခက်နေတာလဲကွာ . . .။



www.burmeseclassic.com

www.burmeseclassic.com



## အစိုးရရဲ့ မကောင်းကြောင်းကို မပြောပါဘူး

အဘမင်းသိခ်အနေနှင့် ကျန်းမာရေးအထူးညံ့လာသည့်တိုင်အောင် ကျဉ်းထဲကြပ်ထဲပေါင်းများစွာဖြင့် နေသွားခဲ့ရရှာသည်။ စာမျက်နှာများပေါ်တွင် အဘ၏ ဓါတ်ပုံကို လုံးဝ တင်ခွင့်မရခဲ့ခြင်း၊ ရုပ်မြင်သံကြားဖန်သားပြင်ထက်တွင် အတင်မခံခြင်း စသောအပိတ်အဆို့များနှင့် နေခဲ့ရသည်။(မနောမယဂျာနယ်မှာပင် အဘ၏ပုံကို ပန်းချီပုံဖြင့်သာ သုံးခွင့်ရခဲ့သည်။ ဓါတ်ပုံဆိုရွေ့ လက်သဲခွံမျှပင် ထည့်ခွင့်မရခဲ့ပါချေ . . .။ နောက်ပိုင်းကာလတွင် 2"x2" ပတ်ထက်မကြီးသောပုံများထဲ့ခွင့်ပေးပါသည်။

အဘမင်းသိခ် ကျန်မြေကမ္ဘာမှ ထွက်ခွာသွားသောအချိန် နာရေးသတင်းများ ထည့်သွင်းချိန် ကျမှသာလျှင် အစေးတအဘ၏ ပရိတ်သတ်များအနေနှင့် အဘ၏ဓါတ်ပုံ အစစ်ကို မြင်ဖူးကြရရှာလေ၏)



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ကိစ္စတွင်မဆို ထောက်လှမ်းရေးနှင့် အုပ်ချုပ်သူတို့၏ အထင်အမြင်လွဲမှားမည်ကို စိုးတရွံ့ရွံ့နှင့် နေသွားခဲ့ရရှာသည်။

"ငါတို့ကို ထောင်ကလွှတ်တော့ . . . ဒီအတိုင်းလွှတ်လိုက်တာ မဟုတ်ဘူးကွ . . . ဖိုးအိုဝမ်း (၄၀၁)ဆိုတဲ့ . . . ပုဒ်မ နဲ့ လွှတ်လိုက်တာ . . . လွှတ်ငြိမ်းချမ်းသာ ဆိုတဲ့ သဘောမဟုတ်ဘူး . . . ထောင်သားတော့ ထောင်သားပဲ . . . ကိုယ့်အိမ်မှာကိုယ် ကောင်းကောင်းမွန်မွန် ပြန်နေကြ . . . တခုခု ရှုပ်ရှုပ်ဆိုရင်တော့ . . . ထောင်ထဲကို ပြန်လာထားပဲ . . . လွှတ်ငြိမ်းသက်သာလို့ ခေါ်တယ်ကွ . . . မထင်ရင် မထင်သလို ထောင်ထဲကို . . . အချိန်မရွေး ပြန်ထည့်နိုင်တယ် . . ."

ဟုလည်း ရှင်းပြလေ၏။အဆိုပါပုဒ်မ (၄၀၁ )နှင့် လွှတ်ပေးခဲ့သည်ဆိုသော အဘမင်းသိင်္ခ၏ ထောင်လွှတ်ဝရမ်းစာရွက်ကလေးကိုလည်း ဗဟုသုတ အလို့ငှာ အမှတ်တရ ဖော်ပြပေးလိုက်ပါသည်။)

၂၀၀၈ခုနှစ် ဇွန်လ ၂၅ ရက်သည် အဘမင်းသိင်္ခ၏ (၇၀)နှစ်မြောက် မွေးနေ့ဖြစ်လေ၏။အဘ၏ ကျန်းမာရေးမှာလည်း အဆိုးဝါးဆုံး အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်လေ၏။ထိုမွေး



www.burmeseclassic.com

www.burmeseclassic.com



နေ့ပွဲတွင် အဘပြောခဲ့သော စကားစလေးတစ်ခွန်းမှာလည်း အမှတ်ရစရာ ရယ်စရာဖြစ်နေပါလေတော့၏။

“. . . အပြင်မှာ ပြောနေကြတယ် . . . မင်းသိမ်ကြီးက အစိုးရ မကောင်းကြောင်းကို ပြောသတဲ့ . . .။

အစိုးရဘာဖြစ်တော့မှာ . . . ညာဖြစ်တော့မှာ လို့ . . . ဗေဒင်တွေ ဟောသတဲ့ . . .။တကယ်ကတော့ အဲဒါတွေ ကိုယ် မပြောပါဘူးကွာ . . .။

ကိုယ့်ကျန်းမာရေးနဲ့ ကိုယ်တောင် . . . မနည်းအသက် ရှင်အောင် ကြိုးပမ်းနေရတာ . . .။

ငယ်ငယ်တုန်းကတော့ ကိစ္စမရှိဘူးပေါ့ကွာ . . .။ကိုယ် ယုံကြည်ရာ ကိုယ်လုပ်မယ် . . .။ ဖမ်းမလား ဖမ်းလိုက် . . .။ ထောင်ချမလား ချလိုက် . . .။ သတ္တိရှိခဲ့တယ် . . .။

အခုတော့ ကျန်းမာရေးကြောင့် အဲဒီသတ္တိမျိုးတွေ မရှိ တော့ပါဘူး . . .။ဆေးတွေကို မပြတ်သောက်နေရတယ် . . .။ ဆရာဝန်တွေနဲ့ မပြတ် ပြနေရတယ် . . .။ဆေးရုံကို ထပ်ကာတလဲလဲ တက်နေရတယ် . . .။(၃)နာရီလောက် အောက်ဆီဂျင်တွေ ဆေးတွေ ပြတ်သွားရင်တောင် ကိုယ့်မှာ အသက်ရှင်ဖို့ မလွယ်ဘူး . . .။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ (၃)နာရီလောက်တောင် အဖမ်းမခံဝံ့တော့ပါဘူး . . .။ဒါကြောင့် ပြောလိုက်ကြပါကွာ . . .။

မင်းသိမ်ကြီးဟာလေ . . . အစိုးရရဲ့ မကောင်းကြောင်းတို လုံးဝ မပြောပါဘူးလို့ . . . ပြောလိုက်ကြပါကွာ . . .။

အေး . . တခုရှိတယ် . . .။ဒါဖြင့် အစိုးရရဲ့ ကောင်းကြောင်းကိုရော ပြောသလားလို့ မေးလာရင်လည်း . . . ပြောလိုက်ကြပါ . . .။

အကောင်းပြောစရာ တစ်ကွက်မှ မရှိလို့ . . . အဲဒါလည်း မပြောပါဘူးလို့ . . .။ ပြောလိုက်ကြပါကွာ . . .။

(ဆရာဇင်ယော်နီ၏ "မင်းသိမ်နှင့် ရှစ်လေးလုံးလည်ပြန်" ဆောင်းပါးထဲမှ ကောက်နုတ် ဖော်ပြချက်ဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

## ထောင်မှ လွတ်လာပြီးနောက်

ဆရာမင်းသိခ်သည် ၁၉၉၂ ခုနှစ်၊ မေလ (၄) ရက်နေ့ ထောင်မှလွတ်လာပြီးနောက် ဗေဒင်ဟောပြောခြင်း မပြုလုပ်လုပ်တော့ပဲ အခက်အခဲ ဒုက္ခရောက်နေသူများကို ယတြာ ပေးသည့် အလုပ်ကိုသာ လုပ်ဆောင်ခဲ့သည်။ စာရေးခြင်း အလုပ်များကို ပြန်လည် လုပ်ကိုင်ခဲ့သည်။ သုဝဏ္ဏမြို့နယ် ၊ ၂၄ ရပ်ကွက် ၊ မာကျူရီလမ်း ၊ တိုက် ၂၂ အခန်း ၆ ၊ ရေနံ့သာဈေးအနီး ရှိနေအိမ်တွင် နေထိုင်ရင်း စာရေးခြင်း ၊ ယတြာချေပေးခြင်း၊ ကလေး အမည်များရွေးချယ် ပေးခြင်း ၊ ဗေဒင်သင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လပြည့်ဝန်းမဂ္ဂဇင်း ၊ ရောင်ပြန်မဂ္ဂဇင်း၊ စာရုပ်စုံမဂ္ဂဇင်း ရွှေမျက်လုံးဂျာနယ်များကို ဦးစီးထုတ်ဝေခဲ့သည်။ ရိပ်သာဆောင်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



တရားစခန်းဝင်ခြင်း ၊ ဂမ္ဘီရအဓိဋ္ဌာန် ကျင့်စဥ်များပြုလုပ်ခြင်း ပုတီးစိပ်ခြင်း စသည်တို့ကိုလည်း ဆက်လက်ပြုလုပ်ခဲ့သည်။

ထောင်မှနေထွက်လာပြီးနောက် ပထမဆုံးရေးသားခဲ့သော " မဟာမြိုင်ခရီးသည် " ဝတ္ထုကြီး (၁၉၉၃ ခုနှစ်တွင် ဉာဏ်ဝင်းစာပေမှ ထုတ်ဝေခဲ့သည်) သည် မြန်မာစာပေလောကတွင် စံချိန်တင်လောက်အောင် အောင်မြင်ခဲ့သည်။ပရိတ်သတ်များကြားတွင် ရေပန်းစားနှစ်ခြိုက်စွဲလမ်းခြင်းခံခဲ့ရသော ဝတ္ထုကြီးတစ်ပုဒ်ဖြစ်ခဲ့သည်။ မြန်မာစာပေလောက၌ ဝတ္ထုကြီးကို လူကြိုက်များရာတွင် စံချိန်ချိုးနိုင်ခဲ့ရုံမျှ မကပဲ ၊ စာမူခ ငွေကြေး ရရှိမှုတွင်လည်း စံချိန်ချိုးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာမင်းသိင်္ခ မှ ဆရာကြီးမင်းသိင်္ခ သို့
## ဆရာကြီး မင်းသိင်္ခမှ အဘဆရာကြီး မင်းသိင်္ခသို့

ဆရာမင်းသိင်္ခသည် ၁၉၉၂ ခုနှစ် ထောင်မှထွက်လာပြီး နောက်ပိုင်းတွင် ယခင်ကထက် ပိုမိုပြီး နာမည်ကြီးထင်ရှား လူသိများလာခဲ့သည်။ ပရိတ်သတ်များ ကြိုက်နှစ်သက်စွဲလန်း ရူးသွပ်စေသည့် ဂန္ထဝင်မြောက် ဝတ္ထုကြီးများကိုလည်း ရေးသား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်သင်တန်းများဖွင့်လှစ်ကာ ဗေဒင်ဆရာ၊ ဆရာမ တပည့်များကို လည်း မွေးထုတ်နိုင်ခဲ့သည်။ အသက်အရွယ်မှာ လည်း (၅၀)ကျော်တန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

ဗေဒင်ပရိတ်သတ် ၊ စာဖတ်ပရိတ်သတ် အများစုက ကြည်ညိုလေးစားသောအားဖြင့် ဆရာမင်းသိခ် ဟု မခေါ်ကြတော့ပဲ " ဆရာကြီးမင်းသိခ် " ဟုခေါ်ဆိုကြပါလေတော့သည်။ ငယ်ရွယ်သူ တပည့်ပရိတ်သတ်များကတော့ " အဘ" ဟုခေါ်ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆင်းရဲသောမိသားစုဘဝမှ ပေါက်ဖွားလာခဲ့သော မောင်အောင်ထွန်းသည် ခက်ခဲကြမ်းတမ်း ရက်စက်သော လောကဓံများကို ရင်ဆိုင်အံတုရင်း ၊ ဘဝ၏ စိန်ခေါ်မှုများကို တွန်းလှန်ရင် ၊ ဖွဲ့လုံ့လဝီရိယကြီးမားစွာဖြင့် အပတ်တကုတ်ကြိုးစားရင်း နောက်ဆုံးတွင်တော့ ဗေဒင်လောက တွင် တစ်ခေတ်တွင် တစ်ယောက်ထွန်းသော ၊ စာရေးဆရာ လောကတွင်လည်း စံချိန်တင်အောင် အောင်မြင်သော "ဆရာကြီး မင်းသိခ်" ဖြစ်လာခဲ့ပြီ ဖြစ်သည်။အောင်မြင်သော လူသားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် လောကဓာတ်ခုံတွင် ကပြ ဖျော်ဖြေခွင့် ရရှိနေပြီ ဖြစ်သည်။

နာကျည်းမှုများ ၊ ရက်စက်မှုများ ၊ကြေကွဲမှုများ၊ ၊ မခံချင်စိတ်များ စသည်တို့ကို အရင်းတည်ကာ တည်ဆောက် ခဲ့ရသော ဘဝ၏ အောင်ပွဲဖြစ်သည်။

ပရိတ်သတ်အများစု ၊ မိတ်ဆွေအများစုက ဆရာကြီးမင်းသိင်္ခအား ဗေဒင်လောက၌ တစ်ခေတ်တွင် တစ်ယောက်ထွန်းသည့် ပုဂ္ဂိုလ်ကြီး ဟူ၍၎င်း ၊ စာပေလောက၌လည်း တစ်ခေတ်တွင် တစ်ယောက်သာထွန်းသည့် ပုဂ္ဂိုလ်ကြီး ဟူ၍၎င်း သတ်မှတ်ကြလေသည်။

ကျွန်ုပ်အဖို့ကတော့ တစ်ခေတ်တွင်တစ်ယောက်ထွန်းသည့် ပုဂ္ဂိုလ်ကြီးဟု မသတ်မှတ်လိုပါ ။

ဆယ်ခေတ်တွင် တစ်ယောက်သာထွန်းသည့် ပုဂ္ဂိုလ်ကြီးဟုသာ သတ်မှတ်လိုက်ချင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် . . ။ယခုဤစာအုပ်ရေးသားနေသောအချိန်တွင် ဆရာကြီးမင်းသိမ်ခ် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာသွားခဲ့သည်မှာ (၆)နှစ် ကျော်သွားပြီဖြစ်သော်လည်း ဇေဒင်လင်္ကာလောက၌၎င်း၊ စာရေးဆရာလောက၌၎င်း " ဆရာကြီးမင်းသိမ်ခ် " ကဲ့သို့ ပုဂ္ဂိုလ်မျိုးပေါ်ထွက်လာခဲ့ခြင်း မရှိသေးသောကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





မဟာဂန္ဓာရုံထွက်မယ့်ည မိခင်ကြီးကို ကန်တော့ခန်း (၂၅-၃-၉၇)



မဟာဂန္ဓာရုံထွက်ရန် သစ္စာဆိုခဲ့စဉ် (၁၉၉၇ ၃)




မဟာဂန္ဓာရုံသို့ထိုးဖော် ပါဝဲဖို

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



## မဟာဂန္ဓာရီ စရိုးသည်ကြီး

ဆရာကြီးမင်းသိခ်သည် စာမူခငွေကြေးများ ၊ ကျကျနန ရရှိနေပြီဖြစ်သည်။ စာပေထုတ်ဝေရေး လုပ်ငန်း ၊ သူကိုယ်တိုင် ကြီးကြပ်ထုတ်ဝေနေသော ဂျာနယ်မဂ္ဂဇင်းများသည်လည်း ကျကျနန အောင်မြင်နေပြီဖြစ်သည်။ငွေကြေးအရာတွင်လည်း အတော်အတန်ချမ်းသာ ကြွယ်ဝနေပြီလည်းဖြစ်သည်။

ထိုအချိန်တွင် ဆရာကြီးမင်းသိခ်သည် တစ်နိုင်ငံလုံး အံ့ဩသွားစေမည့် သာမန်လူသားများ လုပ်နိုင်ခဲသော အလုပ် တစ်ခုကို လုပ်ခဲ့သည်။

အောင်မြင်နေသောဘဝ ၊ အောင်မြင်နေသော ဂျာနယ် မဂ္ဂဇင်းများ ၊ အောင်မြင်နေသောစာအုပ်ထုတ်ဝေရေး လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



များ ၊ ပိုင်ဆိုင်နေသောစည်းစိမ်ဥစ္စာများ ၊ တိုက်ခြံများကို စွန့်လွှတ်ပြီး မဟာန္တာရီအမိဌာန် (၃)နှစ်ခရီးထွက်ခဲ့ပါသည်။

၁၉၉၇ ခုနှစ် မတ်လ (၂၅)ရက်နေ့တွင် ဖြစ်သည်။

ဆရာကြီးမင်းသိန်ထံသို့ လက်ဆောင်ပစ္စည်းနှစ်ခု ရောက်လာခဲ့သည်။ကြိုးများကိုထုံး၍ ပုတီးလုံးကလေးများ ပြုလုပ်ထားသည့် ပုတီးလေး တစ်ကုံးနှင့် တရားစာအုပ် တစ်အုပ်ဖြစ်သည်။

၄င်းပစ္စည်းနှစ်ခုရောက်လာသည်နှင့် အဘမင်းသိန် သည် မဟာဂန္တာရီအမိဌာန်ခရီးထွက်ရန် ဆုံးဖြတ်လိုက် သည်။ထို သို့ ဆုံးဖြတ်ချက် ချလိုက်ကြောင်းကို အတူနေ နေသည့် တပည့်ရင်း များပင် မသိလိုက်ကြပါ။

ထို့နေ့တွင် အဘမင်းသိန်၏ တပည့်တစ်ဦးဖြစ်သော ဗေဒင်ဆရာမ၊ စာရေးဆရာမ ရွှေယမင်းဦး ရောက်လာသည်။ ဆရာမ ရွှေယမင်းဦး ကို ဈေးဝယ်ခိုင်းပြီးနောက် ဆိတ်သားဟင်းနှင့် ထောပတ်ထမင်းချက်ခိုင်းသည်။

ထို့နေ့ညတွင် အဘမင်းသိန်နှင့် တပည့်များသည် ညစာ အဖြစ် ဆိတ်သားဟင်းနှင့် ထောပတ်ထမင်းကို မြိန်ရှက်စွာ ပျော်ရွှင်စွာ ဝိုင်းဖွဲ့စားသောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သားဟင်းနှင့် ထောပတ်ထမင်း ညစာသည် နောက်ဆုံးညစာ ဖြစ်သည်ကို အဘမင်းသိခ် ကောင်းစွာသိရှိပြီးဖြစ်နေသော်လည်း တပည့်ရင်းများကတော့ မည်သူတစ်ဦးတစ်ယောက်မှ သိရှိခဲ့ကြခြင်း၊ ရိပ်မိခဲ့ကြခြင်း မရှိပါ။

ဤသို့ဖြင့် ညသန်းခေါင်ကျော်အချိန်တွင် အဘ မင်းသိခ်က သူ၏အသုံးအဆောင်ပစ္စည်းအချို့ကို သူစီးနေကျကား ဖြစ်သော ပါဂျဲရိုးကားပေါ် သို့ တင်ခိုင်းလေသည်။

ထို့နောက် ရှတ်တရက်ကြီးဆိုသလို ပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး တောတောင်များ၊ တန်ခိုးကြီးဘုရားများတွင် လှည့်လည်၍ အလုံးစုံသော ထာဝရအေးချမ်းခြင်းနှင့် ထာဝရ မပြောင်းလဲနိုင်သော အမှန်တရားများကို ရှာဖွေရန်အတွက် မဟာဂန္ဓာရီ အမိဌာန်ခရီးကို စတင်ထွက်ခွာခဲ့ပါသည်။

အလွန်အင်မတန် အန္တရာယ်များသော၊ ဘဝပျက်သွားနိုင်သော၊ အသက်ပင်ဆုံးရှုံးနိုင်သော ဖွဲလုံ့လဝီရိယကြီးမားသော ယောကျ်ားကောင်းများသာ အားထုတ်လေ့ရှိသော ခရီးမျိုးပင်ဖြစ်သည်။

ခရီးဖော်များအဖြစ် ဆရာဖြိုးဟန်ကျော်နှင့် ဦးဖြူဝင်းတို့ နှစ်ဦးကို ခေါ်ဆောင် သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်ရင်းများ၊ ပရိတ်သတ်များကတော့ အဘ မင်းသိခ်ကို နောက်ဆုံးနှုတ်ဆက်ရင်း ဝမ်းနည်းပူဆွေးငိုကြွေးကာ ကျန်ရစ်နေခဲ့ကြပါလေတော့သည်။

## မိခင်အိုကြီး၏ ဆုံးမစကား

အဘမင်းသိခ်သည် ထိုနေ့ညတွင် သုဝဏ္ဏာနေအိမ်မှ ထွက်လာခဲ့ပြီးနောက် ကျောက်မြောင်းရှိ မိခင်အိုကြီးအား ဝင်ရောက်နှုတ်ဆက် ကန်တော့သည်။ မခင်အိုကြီးဖြစ်သူ ဒေါ်တင်က အဘမင်းသိခ် အား

"ဟဲ့ အောင်ထွန်း . . . နင့်ကို ဘယ်သူမှ ခိုင်းတာ မဟုတ်ဘူး . . . နင်လုပ်ချင်လို့ လုပ်တာ . . . ပြီးဆုံးအောင်လုပ် . . ."

ဟု ပြောဆိုဆုံးမခဲ့သည်။ အဘမင်းသိခ်၏ ဘဝတွင် အမှတ်ရအောင့်မေ့ဖွယ်ရာကောင်းသော ဆုံးမစကား တစ်ခွန်းဖြစ်ခဲ့သည်။အဘမင်းသိခ် အတွက်သာမက လူတိုင်းအတွက် မှတ်ထားသင့်သော၊ အလေးအနက်ထားသင့်သော စကားတစ်ခွန်းပင် မဟုတ်ပါလော . . .။



www.burmeseclassic.com

www.burmeseclassic.com



## မဟာဂန္ဓာရုံစရီးအစ

(၁၉၉၇)ခုနှစ် မတ်လ (၂၅)ရက်နေ့ည သန်းခေါင်ယံ အချိန်တွင် မဟာဂန္ဓရီ အဓိဋ္ဌာန်ခရီး စတင် ထွက်လာခဲ့သည်။ မဟာဂန္ဓာရုံခရီးဖော်ဖြစ်သော အဘမင်းသိမ်စီးသော ပါဂျဲရိုးကား နှင့်အတူ နှုတ်ဆက်ပို့ဆောင်ကြသော ကားများပါဝင်သည့် ကား တန်းကြီးသည် [illegible]မြို့နေအိမ်မှ စတင်ထွက်ခွာလာခဲ့ကြပြီး နောက် ကျောင်းမြောင်းရှိ မိခင်အိုကြီးအား ဝင်ရောက်နှုတ်ဆက် ကန်တော့သည်။

ထိုမှနေတဆင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ လိုက်ပါ နှုတ်ဆက်ပို့ဆောင်ကြသောကားများသည် ရန်ကုန်မြို့ပြင်ထိ လိုက် ပါပို့ဆောင် နှုတ်ဆက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂန္ဓာရီခရီးသည်များဖြစ်ကြသော အဘ မင်းသိမ် ၊ ခရီးဖော်များဖြစ်ကြသော ကားမောင်းသူ ဆရာ ဦးဖြူဝင်း ၊ ဆရာဖြိုးဟန် ကျော်တို့သည် ရန်ကုန်မြို့မှနေ စတင် ထွက်ခွာလာခဲ့ကြပါလေတော့သည်။

ရန်ကုန်မှနေ ဦးစွာပထမ ရွှေစက်တော်ဘုရားသို့ သွား သည်။ ပုပ္ပါး၊ မဟာမြိုင်တော ဖြူးမြို့အနီး စည်ကြီးတင်ရွာ ပဲခူး ဒေးစွန်းပါဘုရားသို့ မဟာဂန္ဓာရီ ခရီးအစီဌာန် ထွက်ခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအလယ်ပိုင်း ပုပ္ပါးတောင်မြတ် တောင်ကလပ်တွင် နေထိုင်ပြီး အဓိဌာန်ကျင့်စဉ်များကို ဆက်လက် ကျင့်ကြံအားထုတ်ခဲ့သည်။

ပုပ္ပါးတောင်တွင် အဓိဌာန်များဝင်နေစဉ်အတွင်း တောင် တွင်းကြီးတွင် ဗေဒင်ဟောပြောအောင်မြင်နေသည့် ဆရာဇင်ယော် နီ နှင့် မကွေးမြို့တွင် ဗေဒင်ဟောပြောအောင်မြင်နေသည့် ဆရာ အာကာမင်း တို့ကို ထပ်မံ ဆင့်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခမ်းနားနှင့် အနှင်းမြင်ပြီ

မဟာဂန္ဓာရီခရီးထွက်လာခဲ့ပြီးနောက်ပိုင်းတွင် အဏာပိုင်များက အဘမင်းသိန်းအား “ စာရေးသားခွင့် ” ပိတ်ပင်ခဲ့ပါသည်။ လုံးချင်းဝတ္ထုများအပါအဝင်၊ မည်သည့်ဂျာနယ် မဂ္ဂဇင်းတွင်မှ စာရေးသားခွင့် မပြုတော့ပါ။

စာရေးသားခွင့် ပိတ်ပင်ခံရယုံတင်မျှမကပဲ “မင်းသိန်း” ဆိုသည့် နာမည်ကို မည်သည့်ဂျာနယ် မဂ္ဂဇင်းတွင်မှ ပုံနှိပ်ဖော်ပြခွင့် မရတော့ပါချေ။

“ မင်းသိန်း ” ဆိုသည့် နာမည်ကိုသာမက အဘမင်းသိန်း၏ ဓါတ်ပုံများကိုလည်း မည်သည့် ဂျာနယ်မဂ္ဂဇင်းတွင်မှ ဖော်ပြခွင့် မရတော့ပါ။

(၂၀၀၁ ခုနှစ်တွင် စာရေးသားခွင့် ပြန်လည်ရရှိခဲ့သော်လည်း အဘမင်းသိန်း ဓါတ်ပုံများကိုတော့ မည်သည့် ဂျာနယ်၊မဂ္ဂဇင်းတွင်မှ ဖော်ပြခွင့် မရခဲ့ပါ။ထို့ကြောင့် ပန်းချီပုံများဖြင့် သာလျှင် ဖော်ပြခဲ့ရပါသည်။

အဘမင်းသိန်း ဓါတ်ပုံများကို ကွယ်လွန်ချိန် နှင့် ကွယ်လွန်ပြီးနောက်ပိုင်းကျမှသာလျှင် ဂျာနယ်၊ မဂ္ဂဇင်းများတွင်ဖော်ပြခွင့် ပြန်လည်ရရှိခဲ့ခြင်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# စည်ကြီးတင် မဟာဂန္ဓာရီစခန်း

ပုပ္ပါးတောင်မြတ် တောင်ကလပ်တွင် ဂမ္ဘီရအဓိဋ္ဌာန်ကျင့်စဉ် များကို(၂)လကျော်ခန့်ကြာအောင် ကျင့်ကြံအားထုတ်ပြီးသည့်နောက် တောင်ကြီးမြို့တွင် ဗေဒင်စတင်ဟောပြောစဉ်အခါကတည်းက မိသားစုကဲ့သို့ ခင်မင်ရင်းနှီးခဲ့သည့် ရွှေရင်ကျော်ဆရာကြီး ဦးမြတ်ထွန်းနှင့် ချိတ်ဆက်ကာ တောင်ငူမြို့နှင့်ဖြူးမြို့အကြား ကျွဲပွဲရွာအနီး မိုင်တိုင်(၁၅၄) စည်ကြီးတင်စေတီကြီးအနီးတွင် တဲဝိုင်းကြီးတစ်လုံးထိုး၍ မဟာဂန္ဓာရီအဓိဋ္ဌာန်ကျင့်စဉ်များကို ဆက်လက်၍ကျင့် ကြံအားထုတ်ခဲ့သည်။

စည်ကြီးတင် မဟာဂန္ဓာရီစခန်းသည် ဖြူးမြို့နယ်အတွင်း ပဲခူးရိုးမ တောင်ခြေတွင် တည်ရှိကာ တောရိပ်တောင်ရိပ်ထူထပ်ပြီး ကြမ်းတမ်းသော ရာသီဥတုရှိသည်။ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်း လုပ်ကြံခံရသောနေရာ မြရာပင်တောနှင့် နီးကပ်စွာ တည်ရှိ နေပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်များကို ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခဲ့မှုများကြောင့်သော်၎င်း၊ ဆိုးရွားသော ရာသီဥတုဒဏ်များကြောင့်သော်၎င်း၊ အသက်အရွယ်ကြီးရင့်လာခဲ့မှုကြောင့်သော်၎င်း



www.burmeseclassic.com

www.burmeseclassic.com



စည်ကြီးတင်စခန်းတွင် အစိဌာန်ဝင်နေရင်း အဘမင်းသိမ်သည် အဆုတ်ရောဂါဝေဒနာကို သောလုမျှောပါး ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါသည်။

မစားနိုင် မသောက်နိုင်ဖြစ်ကာ ဝဖိုင့်ဖိုင့်ဖြစ်နေသော ခန္ဓာကိုယ်ကြီးသည် အရိုးပေါ်အရေတင် ဖြစ်ခဲ့သည်။အထူးကု ဆရာဝန်ကြီးများကပင် လက်လျှော့မတတ် ဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် အဘမင်းသိမ်၏ အာရုံထဲတွင် အလိုလို ပေါ်လာခဲ့သော ယတြာနည်းကို ချက်ချင်းစီရင် ပြုလုပ်ခဲ့ရာ ကျန်းမာရေးပြန်လည် ကောင်းမွန်လာကာ အသက်ဘေးမှ လွတ် မြောက်ခဲ့ရသည်။

၎င်းယတြာနည်းမှာ " သဘော်သီးကြက်လျှာ " ယတြာနည်းဖြစ်သည်။နောက်ပိုင်းတွင် လူပေါင်းများစွာ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သော၊ လူပေါင်းများစွာ၏ ရောဂါဝေဒနာများကို ကင်းစင်ပပျောက်စေခဲ့သည့် ယတြာနည်း တစ်ခုဖြစ် ခဲ့သည်။

( ၎င်းယတြာနည်းအပြည့်အစုံမှာ . . . ။ဘုရားတွင် လှူသည့် ကြက်လျှာလေး (၉)ချောင်းကို ရောင်စုံရအောင် ရှာရသည်။၎င်းကြက်လျှာများပေါ်တွင် ရောဂါဝေဒနာခံစားနေသည့် လူနာ၏ နာမည်၊ နေ့သား၊ ဖြစ်ချင်တာများကို ရေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သဘော်သီးအစိမ်းတစ်လုံး၏ အညှာပတ်ပတ်လည်တွင် ကြက်လျှာ (၉)ချောင်းစလုံးကို စိုက်ရသည်။သဘော်သီးအညှာပေါ်တွင် ဖယောင်းတိုင်ထွန်းကာ ဘုရားလှူ ဆုတောင်းရသော ယတြာနည်းပင် ဖြစ်ပါသည်။

သဘော်သီး မမှည့်မချင်း ဖယောင်းတိုင်ကို တစ်နေ့လျှင် အနည်းဆုံး တစ်တိုင် ထွန်းပေးရပါသည်။သဘော်သီး လဲကျမသွားစေရန် သဘော်သီးကို ကြွေပန်းကန်တစ်လုံးထဲတွင် ထည့်ပြီးလုပ်နိုင်ပါသည်။)

## ဒေးစွန်ပါ တောင်ခြေသို့

စည်ကြီးတင် မဟာဂန္ဓာရီစခန်းတွင် (၆)လခန့် နေထိုင်ပြီး အဓိဋ္ဌာန်ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ပြီးနောက် ပဲခူးမြို့အနီး ဒေးစွန်ပါတောင်ခြေသို့ ပြောင်းရွှေ့ခဲ့သည်။

ဒေးစွန်ပါသို့ အရောက်တွင် အဘမင်းသိခ်၏ ပဌမဦးတပည့်ဖြစ်ခဲ့သည့် ဆရာမြင့်စိုးအောင်မှ မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခဲ့သည်။ (မင်းသိခ် မဖြစ်ခင် အလုပ်လက်မဲ့ ခြေသလုံးအိမ်တိုင် ကိုအောင်ထွန်းဘဝ ကတည်းက ကြိုးပင်စရုံ

www.burmeseclassic.com



ရိုက်ပြီး တပည့်ခံခဲ့သူ ဖြစ်ကြောင်း ရှေ့တွင် ဖော်ပြထားပြီး ဖြစ်သည်။ ထိုအချိန်က ဆရာ မြင့်စိုးအောင်သည် ဗေဒင်ဆရာတစ်ဦး ဖြစ်နေသော်လည်း ယခုအချိန်တွင်တော့ ပဲခူး ဘုရားကြီးမြို့တွင် အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်နေသလို ဆေးဆရာကြီး အဖြစ်လဲ ဆေးကုပေးနေပါသည်။

ဆရာမြင့်စိုးအောင်၏ သားငယ်သည် ယခုအခါ Point လွှတ်ရည်ဆိုင်ကို ပဲခူးဘုရားကြီးလမ်းဆုံတွင် ဖွင့်လှစ်ထားပါသည်) အဘမင်းသိခ်သည် ဆရာမြင့်စိုးအောင် အား သား အဖြစ် မွေးစားခဲ့သည်။ ဆရာမြင့်စိုးအောင်ကလည်း အဘမင်းသိခ် ကို အဖေ အဖြစ်မွေးစားလိုက်သည်။ ဆရာတပည့်မှသည် သားအဖ ဖြစ်သွားကြပါလေတော့သည်။

ထိုအချိန်မှစ၍ ဆရာမြင့်စိုးအောင်သည် အဘမင်းသိခ် ကို အဖေ ဟုခေါ်၍ သူ၏သားသမီးကများ အဘမင်းသိခ်ကို အဘိုး ဟုခေါ်ကြလေသည်။

အဘမင်းသိခ်သည် ဒေးစွန်ပါတောင်ခြေတွင် အခိုင်အမာ စခန်းတည်ဆောက်ပြီး အခြေချရန် စီစဉ်ခဲ့သည်။အဘမင်းသိခ် နေထိုင်ရန်အတွက် အဆောက်အဦးများ၊ အဘမင်းသိခ်ထံ လာရောက်ကြသည့် ဧည့်သည်များ နားနေရန်အတွက် ဓမ္မာရုံများကို လည်း ဆရာမြင့်စိုးအောင်မှပင် အဓိကကူညီ ဆောက်လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ဒေးစွန်ပါတောင်ခြေတွင် " တတိယမျက်လုံး ဓမ္မသာလာ" ဓမ္မာရုံကြီးကို (၇)ရက်သားသမီးများ ကောင်းမှုဖြင့် တည်ဆောက်နိုင်ခဲ့သည်။

ဒေးစွန်ပါတွင် အဓိဋ္ဌာန်ဝင်နေရင်း တင်ပါးတွင်အဖုအကျိတ်ပေါက်၍ ရန်ကုန်မြို့ရှိ " မဟာမြိုင် အထူးကု ဆေးခန်း " သို့ တက်ကာ ခွဲစိတ်ခဲ့ရသည်။ထို့သို့ ဆေးရုံတက်နေစဉ်ကာလအတွင်း အဘမင်းသိခ် ကိုယ်တိုင် တီထွင်ခဲ့သော " ဇေယျာကရဏ " ဗေဒင်ပညာကို စနစ်တကျ မှတ်တမ်းတင်ထားသော " ဇေယျာ ဗျာကရဏ " ဗေဒင်ကျမ်းကြီးကို ပြန်လည်မှတ်တမ်းတင်ပြုစုခဲ့သည်။

ဒေးစွန်ပါတောင်ခြေရှိ " တတိယမျက်လုံး ဓမ္မသာလာ" မဟာဂန္ဓာရီအဓိဋ္ဌာန်စခန်းတွင် အခြေချရန် စီစဉ်ခဲ့သော်လည်း အာဏာပိုင်များ၏ အမျိုးမျိုးဖိအားပေးမှုကြောင့် ထိုစခန်းမှ (၁၉၉၈)ခုနှစ်တွင် စွန့်ခွာလာခဲ့ရ ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မရမ်းတလင်းခြံ









www.burmeseclassic.com

www.burmeseclassic.com

# မရမ်းတလင်းခြံ



[illegible]



မော်ဘီရောက်ခဲ့စဉ် မင်းသိင်္ခ (၁၉၉၈)



www.burmeseclassic.com

www.burmeseclassic.com



## မရမ်းတလင်းတောသို့

ဒေးစွန်ပါတောင်ခြေရှိ " တတိယမျက်လုံး " မဟာဂန္ဓာရီ အဓိဋ္ဌာန်စခန်းမှနေ စွန့်ခွာလာခဲ့ရပြီးနောက် မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ မိတ်ဆွေဖြစ်သူ ဗိုလ်ကြီး(ငြိမ်း)အေးမြင့် + ရုပ်ရှင် မင်းသမီး အကယ်ဒမီ ဒေါ်အေးအေးသင်း ခြံကြီးထဲတွင် မှီခိုကာ နေထိုင်ခဲ့ရသည်။ ၎င်း တို့နှင့်လည်း ယခင်ကတည်းက မိသားစုကဲ့သို့ ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ အဘထံမှ ဗေဒင်ပညာ ဆည်းပူးသင်ကြားခဲ့ဖူးသည့် ရုပ်ရှင်မင်းသမီး ဒေါ်အေးအေးသင်း သည် ယခု အခါ အဘ မင်းသိင်္ခ်ခြံအနီးရှိ "နန္ဒာအေးရိပ်သာ" ဟူသော ခြံကြီးအတွင်း ဗေဒင်ဟောပြောရင်း တရားမွေ့ကျင့်ကြံရင်း နေထိုင်လျက် ရှိပါသည်။ (၎င်းခြံသို့ သွားရန် လမ်းမှာ မော်ဘီ စုပေါင်းရုံးအနီး ဆင်နှစ်ကောင်ရုပ်ထုရှိသော လမ်းမှ သွားလျှင် ဘယ်ဖက်ခြမ်း တွင်တည်ရှိပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံကြီးတွင် နေထိုင်ရင်း နှစ်ပေါင်းများစွာ မရိုက်မဖြတ်ပဲ ထားခဲ့သော ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများကို စွန့်ပယ်၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ သိပ်မကြာသော အချိန်တွင် လူဘဝသို့ ပြန်ထွက်လာခဲ့သည်။

အကယ်ဒမီဒေါ်အေးအေးသင်း လက်ရှိနေထိုင်ရာ ခြံနှင့် မနီးမဝေးတွင်ရှိသော သုံးဧကခန့် ကျယ်ဝန်းသည့် မရမ်းတလင်းတော ခြံကြီးကို ဝယ်ယူပြီးနောက် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုခြံကြီးကို " အယူတော်မင်္ဂလာခြံ" ဟု အမည်ပေးခဲ့သည်။

**"အရမ်းသတင်းကြီးသည့် မရမ်းတလင်းတောကြီးမှ အတိတ်ကောင်း၊ နိမိတ်ကောင်းတွေ ယူပြီးတော့ပြန် "အယူတော် မင်္ဂလာခြံ" ဖြစ်လာခဲ့သည်။**

၁၉၉၉ ခုနှစ် နှစ်စပိုင်းတွင် အယူတော်မင်္ဂလာခြံကြီးထဲ၌ "အာရုံဦး" ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးဇော်ဝင်း က အဘမင်းသိခ် နေထိုင်ရန်အတွက် ရေကန်ပါသော နှစ်ထပ် အဆောက်အဦးတစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့သည်။အဘမင်းသိခ်သည် ထိုအဆောက်အဦးကို " တတိယမျက်လုံး ဓမ္မသာလာ "ဟု ပင်အမည်ပေးခဲ့သည်။ တတိယမျက်လုံး ဓမ္မသာလာတွင် နေထိုင်ရင်း ဂမ္ဘီရအမိဋ္ဌာန်ကျင့်စဉ်များကို ဆက်လက် ကျင့်ကြံအားထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ်များအနက်မှ တစ်ခုအပါအဝင်ဖြစ်သော (၇)ရက်သားသမီးများကို ကူညီကယ်တင်သည့် “ ပါရမီဖြည့် အမိဌာန် ” ကျင့်စဉ်အရ အားကိုးတကြီး လာရောက်ကြသည့် (၇)ရက်သားသမီးများကို အယုတ် ၊ အလတ်၊ အမြတ်မရွေး ၊ ဆင်းရဲချမ်းသာ ဆူကြုံနိမ့်မြင့်မရွေး ၊ ရာထူးကြီးငယ် အဆင့် အတန်းမရွေး ၊ အားလုံးကို တပြေးညီသော စေတနာ မေတ္တာ များထားကာ အဘမင်းသိမ်် တတ်ကျွမ်းသော ယတြာပညာများဖြင့် ကူညီခဲ့သည်။ ယတြာတွေ ချေပေးခဲ့သည်။ ကလေးများ အတွက်လည်း ဘဝတွင် သေချာပေါက်ထွန်းပေါက် အောင်မြင် စေမည့် နာမည်များကို မေတ္တာဖြင့် ရွေးချယ်မှည့်ခေါ် ပေးခဲ့သည်။

“ မနုစာရီ ” ဟုအမည်ပေးထားသည့် သင်တန်းဆောင် တစ်ခုဆောက်လုပ်ပြီး လစဉ် (၂၄)ရက်နေ့တိုင်းတွင် ဗေဒင်လက္ခ ဏာပညာများကို ထမင်းကျွေး လက်ဖက်ရည်တိုက်ကာ အခမဲ့ပ ညာသင်ကြားပေးသည့် “ ဗေဒင်သင်တန်း ”များလည်း ဖွင့်လှစ် ကာ ဗေဒင်ဆရာ ၊ဆရာမ များကို မွေးထုတ်ခဲ့သည်။

(၁၉၉၉ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလ (၃၁)နေ့ည နှစ်သစ်ကူးပွဲတော်တွင် အချိန်ခါသမယတွင် . . . ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်၌ ဘဝမျိုးစုံ စရိုက်မျိုးစုံဖြင့် ကျင်လည်လေလွင့် ပျက်စီးနေသည့် မောင်အောင်မျိုးထွန်း ဆိုသည့် လူငယ်လေး တစ်ဦး ရောက်ရှိလာခဲ့သည်။

၎င်းလူငယ်လေးကို တပည့်အဖြစ်လက်ခံလိုက်ပြီးနောက် အဘမင်းသိခ်ကိုယ်တိုင်ပင် ဗေဒင်ဆရာ၊ စာရေးဆရာ နာမည်ကို ရွေးချယ်ပေးခဲ့သည်။ ၂၁ ရာစု မင်းသိမ်းခိုင် ဟုနာမည်ပေးခဲ့သည်။

ထိုလူငယ်လေးသည် ယခင်က ၂၁ရာစု မင်းသိမ်းခိုင် (မရမ်းတလင်း) ဆိုသည့် နာမည်ဖြင့်၎င်း ၊ ယခုအခါတွင် မင်းသိမ်းခိုင် (ရွှေရမ်းထူးလင်း ) ဆိုသည့် ကလောင်နာမည်ဖြင့်၎င်း ဆောင်းပါးများ ၊ဝတ္ထုတိုများ ၊ လုံးချင်းစာအုပ်များ ရေးသားခြင်း ဗေဒင်ဟောခြင်း ၊ ယတြာပေးခြင်း ၊ကလေးအမည်ပေးခြင်း စသည့် အလုပ်များကို မင်းလမ်း၊ ဂွတ္တာလစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တွင် နေထိုင် လုပ်ကိုင်ရင်း အဘမင်းသိခ်၏ အလုပ်တာဝန်များကို ထမ်းဆောင် လျှက်ရှိနေပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



## အရမ်းသတင်းကြီးသည့် မရမ်းတလင်းမြို့
## (သို့မဟုတ်)
## အတိတ်ကောင်း၊ နိမိတ်ကောင်းတွေ ယူပြီး တော့မြန်
## အယူတော်မင်္ဂလာမြို့

မော်ဘီမြို့၊ မြို့မ(၁)ရပ်ကွက် ပေါ်တော်မူလမ်း၊ မရမ်းတလင်းတောရှိ အယူတော်မင်္ဂလာခြံကြီးကို စတင်တည်ထောင်ကာစတွင် သုံးကေခန့်သာ ကျယ်ဝန်းပြီး အဆောက်အဦး အနည်းငယ်သာရှိခဲ့ သည်။

အဘာမင်းသိခ်သည် စတင်ပြောင်းရွှေ့လာကာစတွင် (၉) ပေပတ်လည်ခန့်သာရှိသော ၊ ရေနံချေးများပိတ်နေအောင်သုတ်ထားသည့် သစ်သားနှစ်ထပ်အိမ်လေးထဲတွင် နေထိုင်ပြီး အမိဋ္ဌာန်ကျင့်စဉ်များကို ဆက်လက်ပြီး ကျင့်ကြံအားထုတ်ခဲ့သည်။

၎င်းအိမ်လေးသည် စာအုပ်များထဲတွင်ပါလေ့ရှိသော သူတော်စင်များမွေ့လျော်ရာ ရှန်ဘဲလား(မဟာမြိုင်)မှ အိမ်လေးများပုံစံဖော်ကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ခေါင်းမိုးချွန်ချွန်လေးနှင့် အပေါ်ထပ်တွင် ဝရန်တာ ပတ်ပတ်လည်ပါသော နေချင်စဖွယ် ချစ်စရာကောင်းသော အိမ်ပုံစံလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင်တော့ အာရုဏ်ဦး ဆောက်လုပ်ရေး ကုမဏီမှ ဆောက်လုပ်ပေးသော ရေကူးကန်ပါသည့် နှစ်ထပ် အဆောက်အဦးတွင် နေထိုင်ခဲ့သည်။

ဧည့်သည်များ နားနေရန်အတွက် " ယတြာ "ဟုရေးထားသည့် ဝါးတဲကြီးတစ်လုံး (ဧည့်ဆောင် (သို့)ယတြာဆောင် ) လည်း ရှိသည်။

ဖိုကြီးဟုခေါ်သည့် ထမင်းချက်သည့် ၊ ထမင်းစားသည့် တဲကြီး တစ်လုံးလည်းရှိသည်။

ခြံကြီး၏ ထောင့်ကျကျတွင် " ဝက်တဲ " ဟုခေါ်သော တဲငယ်လေး တစ်လုံးလည်း ရှိသည်။

**"ဝက်တဲ"**

ဝက်တဲဆိုသည်မှာ . . . ။

အဃူတော်မင်္ဂလာခြံကြီးတွင် ယခင်က နေထိုင်သွားသောသူများ ၊ ပတ်ဝက်ကျင်တွင် နေထိုင် ကြသောလူများက ခြံကြီးထဲတွင် "မြရည်သီတာ"အမည်ရသည့် ဥစ္စာစောင့် သိုက်နန်းရှင် တစ်ဦး နေထိုင်ကြောင်း ၊ ၎င်းသိုက်နန်းရှင်သည် ကုလားမဖြစ်၍ ၎င်းခြံအတွင်းသို့ ဝက်သားယူဆောင်၍မရကြောင်း ဆိုကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝက်သားအင်မတန်ကြိုက်သော အဘမင်းသိင်္ခသည် သိုက်နန်းရှင်နေသော သရက်ပင်နှင့် အဝေးဆုံးနေရာတွင် တဲငယ်တစ်လုံးထိုးကာ ထားလေသည်။ဝက်သားဟင်းလာပို့သူများသည် ဝက်သားကို ခြံတွင်းသို့ ယူဆောင်လာ စရာမလိုပဲ ခြံအပြင် ဘက်မှာနေ ၄င်းတဲသို့ ပို့ရသည်။ ဝက်သားစားမည့်သူများကလည်း ၄င်းတဲတွင်သာ စားရသည်။ ဝက်သားချက်လျှင်လည်း ၄င်းတဲတွင် သာချက်ရသည်။

ထို့ကြောင့် ၄င်းတဲငယ်ကို " ဝက်တဲ " ဟုခေါ် ဆိုကြခြင်းဖြစ်သည်။

ဉစ္စာစောင့် သိုက်နန်းရှင်နေသော သရက်ပင်အောက်တွင်လည်း အမတော်သိုက်နန်းရှင် " မြရည်သီတာ " ရုပ်တုကို ထုလုပ်ကာ ထားပေးလေသည်။ နောက်ပိုင်းတွင် အစိမ်းရောင်ရှိသည့် နန်းကြီးတစ်ခုကို တည်ဆောက်ပေးခဲ့ပါသည်။

နောက်ပိုင်းတွင်တော့ အဘမင်းသိင်္ခနှင့်အမတော်သိုက်နန်းရှင်တို့သည် မည်သို့မည်ပုံ အပေးအယူ လုပ်လိုက်ကြသည်မသိပါ။အယူတော်မင်္ဂလာခြံကြီးထဲတွင် ဝက်သားကို လွတ်လပ်စွာ ယူဆောင်ခွင့် လွတ်လပ်စွာချက်ပြုတ် စားသောက်ခွင့် ရရှိခဲ့ပါသည်။ အမတော်သိုက်နန်းရှင် " မြရည်သီတာ " ၏ နာမည်ကိုလည်း အမတော် " မြနန်းနွယ် " ဟုပြောင်းလဲ မှည့်ခေါ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မဟာဂန္ဓာရီအစီအရင်အောင်မြင်ပြီ

မဟာဂန္ဓာရီအစီအရင် သုံးနှစ်ခရီးပြည့်မြောက်ရန် ရက်ပိုင်းအလို (၂၀၀၀)ပြည့်နှစ် မတ်လ (၂၅)ရက်မတိုင်မီတွင် ဖြစ်သည်။

အဘမင်းသိခ်သည် မဟာဂန္ဓာရီ အစီအရင်ကျင့်စဉ်များအနက်မှ " မီးခဲပြာဖုံး " အစီအရင်တစ်ခုကို ပြုလုပ်ခဲ့သည်။အစီအရင်ပြုကာ သစ်သားတုံးတစ်တုံးကို မီးရှို့သည်။မီးငြိမ်းသွားပြီး အချိန်အတော်ကြာသောအခါတွင်မှ ၄င်းသစ်သားတုံး၏ လက်ကျန်မီးသွေးအချို့နှင့် ပြာအချို့မှနေ မီး ထတောက်ခဲ့သည်။

ထို့နောက် အဘမင်းသိခ်က သူ၏ မဟာဂန္ဓာရီ အစီအရင်များ အောင်မြင်သွားပြီဟု တပည့်ရင်းများအား ကြေငြာခဲ့သည်။

အစီအရင်များအောင်မြင်ပြီးနောက် ဆံပင်ညှပ်သည်။ ဗရဗျစ် ဖြစ်နေသော နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများကို ရိတ်သည်။ ဝတ်လေ့ဝတ်ထ မရှိသော တိုက်ပုံအကျီဝတ်သည်။ပိုးပုဆိုးဝတ်သည်။ ကတ္တီပါ ဖိနပ်စီးသည်။ထို့နောက် ရွှေတိဂုံဘုရား အပါအဝင် တန်ခိုးကြီးဘုရားများကို လှည့်လည်၍ ဖူးမျှော်ကာ ဆုတောင်း အစီအရင်များကို ဆက်လက်ပြုလုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## စာရေးခွင့် ပြန်ရပြီ

မဟာဂန္ဓာရီအဓိဋ္ဌာန်အောင်ပြီး သိပ်မကြာသော ရက်ပိုင်းအတွင်းတွင် သက်ဆိုင်ရာက အဘမင်းသိခ်အား စာရေးခွင့်ပြန်ပေးခဲ့သည်။စာရေးခွင့်ရရှိခဲ့သော်လည်း အဘ၏ ဓါတ်ပုံများကိုတော့ ဂျာနယ် ၊ မဂ္ဂဇင်း ၊ရုပ်သံများတွင် ဖော်ပြခွင့်မရခဲ့ပါ။

စာရေးခွင့် ရပြီးနောက် ၂၀၀၁ ခုနှစ်၊ ဧပြီလတွင် "မနောမယ" လက်ဆောင် ပေါင်းချုပ်စာအုပ်ကို လာဘ်မိုးရွှေ စာပေမှနေ စတင်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

ထို့နောက် တောင်တွင်းကြီးတွင် ဗေဒင်ဟောနေသော ဆရာဇင်ယော်နီကို ပြန်ခေါ်ကာ အယ်ဒီတာလုပ်ခိုင်းပြီး အဘကိုယ်တိုင်ဦးစီး ကြီးကြပ်ကာ " မနောမယ" ဂမ္ဘီရဂျာနယ်ကို စတင်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ မနောမ ယဂျာနယ်တွင် အပတ်စဉ်ဖော်ပြခဲ့သော အဘမင်းသိခ် " မနော မယ ထမင်းဝိုင်း " သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြိုက်နှစ်သက်စွဲလန်းခဲ့ရသည်။

မနောမယဂျာနယ်နှင့်အတူ စာရေးဆရာ " ဇင်ယော်နီ" စာရေးဆရာမ " ရွှေယမင်းဦး" တို့ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြံတွင်းနေ သန္တေများ ထဲမှလည်း စာရေးဆရာအများ အပြားကို မွေးထုတ်ပေးနိုင်ခဲ့ သည်။

မနောမယဂျာနယ် သည် စံချိန်တင်လောက်အောင် ပေါက်မြောက်အောင်မြင်ပြီးနောက် " မနောကြာဖြူ " မဂ္ဂဇင်း ကို ဆက်လက်ထုတ်ဝေရာ အောင်မြင်ခဲ့ပြန်သည်။ထို့နောက် ဆက် တိုက်ဆိုသလို " မဟာမြိုင် " မဂ္ဂဇင်း ၊ " မြရည်သီတာ "မဂ္ဂဇင်း " မနုစာရီ " မဂ္ဂဇင်း၊ "ဝေဒ" မဂ္ဂဇင်းများကို ဆက်တိုက်ဆိုသလို ထုတ်ဝေခဲ့ပါသည်။

## တူမှုရာ

ယကြာပေးလေ့ရှိတဲ့ ညှော်ဆောင်ခန်းမနှင့် ရာဇဂြိုဟ် စာအုပ်ဆိုင်ကြားရှိ မရမ်းတလင်းခြံလမ်းမရှေ့ရှိ မြေပြင်တွင် မနက် မိုးသောက်ချိန်ရောက်တိုင်း အောင်စည် အောင်မောင်း တီးပြီဆိုလျှင် ခြံအတွင်းနေ သန္တေတပည့် အကုန် လူစုဝေးရ လေ့ရှိ၏။ လူစုံစေ့ပြီဆိုလျှင် မနက်စားမိန်စာ မုန့်နှင့် လ္ဘက်ရည် တိုက်ကျွေးပြီး အဘဆရာကြီး မင်းသိခ်မှ ဗေဒင် နှင့် လောကီ ရေးရာ အတတ်ပညာများကို သင်ကြားပေးလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်သင်ခန်းစာပြီးလျှင် မိမိတို့ တာဝန်ကျ နေရာ အသီးသီးသို့ တစ်နေ့တာ လုပ်ဆောင်၍ ကိစ္စများ လူစုခွဲ တာဝန်ယူပြီး သွားရလေ့ရှိပါသည်။ ထိုနေရာ၌ မနက်တိုင်း စိတ်ဓာတ် အမူအရာ တူညီသူများစုဝေးရလေ့ရှိ၍ "တူမူရာ" မြေပြင် အဖြစ် အဘမှ သတ်မှတ် ခေါ်ဝေါ် စေခဲ့ခြင်းဖြစ် ပါသည်။

## လူတွေ ကျက်ပျံ့မကျစည်လာပြီ

အဘမင်းသိင်္ခ စာရေးခွင့်မရသေးခင် အဘနှင့်တွေ့ရန် လာရောက်ကြသူများသည် တစ်နေ့လျှင် နှစ်ဆယ် သုံးဆယ်ခန့် သာ ရှိခဲ့သည်။

ဂျာနယ်၊ မဂ္ဂဇင်းများ ထုတ်ဝေပြီးနောက် အဘနှင့်တွေ့ရန် လာရောက်ကြသူများသည် တစ်နေ့လျှင် လေးငါးခြောက်ရာအထိ ရှိလာခဲ့သည်။ တစ်ချို့နေ့များတွင် တစ်ထောင်ကျော်လောက်ရှိ ပါသည်။

ခြံတွင်းနေ သန္တေတပည့်များလည်း ယခင်က (၁၀) ဦး ခန့်သာ ရှိသော်လည်း (၅၀)ဝန်းကျင်ခန့်ရှိလာနေပြီဖြစ်သည်။

နေ့စဉ်နှင့်အမျှ အဘမင်းသိင်္ခနှင့်တွေ့ရန်ရောက်ရှိလာကြ သူများကို မနိုင်မနင်းဆောင်ရွက်ပေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၅)ပေပတ်လည်ခန့်သာ ရှိသော အောင်မြေကိုလည်း ပေ (၃၀)ခန့်အထိ တိုးချဲ့ကာ ပတ်ပတ်လည်တွင် ဂမုန်းပင်များကို စိုက်ပျိုးထားကာ " ဂမုန်းအောင်မြေ" ဟု ခေါ်ဆိုကြသည်။နေ့စဉ် နံနက်တိုင်း အောင်မြေနင်းကာ ပြုလုပ်ရသည့် ယတြာအစီအရင်များကို ပြုလုပ်ပေးခဲ့သည်။

နေ့စဉ်နှင့်အမျှ ယတြာချေသူများသည် ယခင်က တစ်နေ့လျှင် လေးငါးခြောက်ဦးသာ ရှိခဲ့သော်လည်း ယခုအခါတွင်တော့ လေးငါးခြောက်ဆယ် ရှိလာပြီဖြစ်သည်။

ထမင်းကျွေး၊လက်ဖက်ရည်တိုက်ကာ အခမဲ့ လစဉ် ဖွင့်လှစ် သင်ကြားပေးနေသော ဗေဒင်သင်တန်းမှာလည်း ယခင်က တစ်လလျှင် လေးငါးဆယ်သာ ရှိခဲ့သော်လည်း ယခုအချိန်တွင်တော့ တစ်လလျှင် (၂၀၀)ခန့် ဖြစ်နေပေပြီ။ထို့ကြောင့် "မနုစာရီ" သင်တန်းခန်းမဆောင်နှင့် မဆံ့တော့သဖြင့် တိုးချဲ့ကာ တည်ဆောက်ရလေသည်။ သင်တင်းခန်းမဆောင်၏ နာမည်ကိုလည်း " ပုဏ္ဏားဘကွန်း " ဆောင်ဟု နာမည်ပေးခဲ့သည်။

(နောက်ပိုင်းတွင် သင်တန်းခန်းမဆောင်ကို တတိယအကြိမ် ထပ်မံတိုးချဲ့ပြီး "သုံးတန်ပေါ်နိစ် " ဆောင်ဟူ၍၄င်း၊လေးကြိမ်မြောက် တိုးချဲ့ပြီးသောအခါ " ရာဇဂြိုဟ် " ခန်းမဆောင်ဟူ၍၄င်း၊ နောက်တစ်ကြိမ် မွမ်းမံပြုပြင်ပြီးသောအခါ " နာလန္ဒာ" ခန်းမဆောင်ဟူ၍၄င်း အဆင့်ဆင့်ပြောင်းလဲ မှည့်ခေါ် ခဲ့ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



## ဂန္ဓာရီခရီးများ

မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ် အယူတော်မင်္ဂလာခြံကြီးကို စတင်တည်ထောင်ပြီးနောက် ပြည်တွင်း ပြည်ပ ဂန္ဓာရီခရီးများကိုလည်း လှည့်လည်သွားလာခဲ့ပါသည်။

ပြည်ပခရီးစဉ်များအဖြစ်

၂၀၀၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နှင့် နီပေါ နိုင်ငံရှိ ဗုဒ္ဓ သမိုင်းဝင်နေရာများသို့၄င်း ၊

၂၀၀၂ခုနှစ် တွင် အိန္ဒိယနိုင်ငံရှိ သူတော်စင်ကြီး စိုင်းဘာဘာ ထံသို့၄င်း ၊ ကမ္ဘာ ကျော် တွေးခေါ် ပညာရှင်ကြီး " ဘဂဝမ်ရာဂျနိ (ခ) အိုရှိုး " တည်ထောင် ထားသည့် " အိုရှိုး တရားရိပ်သာ " များသို့၄င်း၊ ကမ္ဘာကျော် " နဒီ " ဗေဒင်ရှိရာသို့၄င်း သွားရောက်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံ ၊ တိဘက် ဒေသရှိ " ရှန်ဂရီလာ " သို့၄င်း သွားရောက်ခဲ့ပါသည်။

၄င်းခရီး စဉ်များတွင် အဘမင်းသိမ်းနှင့်တကွ တပည့်ရင်းများဖြစ်ကြသော ဆရာစောရန်နိုင် ၊ ဆရာကျော်ဆုသွေး ၊ ဆရာ သိဒ္ဓိဆန်း ၊ ဆရာဇင်ယော်နီ ၊ ဆရာမရွှေယမင်းဦး ၊ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



စောယုနွယ်၊ ဦးညွန့်ဝေ ( ပြုံး ပန်းတစ်ရာ ) စာပေ ၊ ကိုကိုသန်းငွေ (ပြုံးပန်းတစ်ရာ)၊ ဦးငွေး (ရွှေတံခါးပေါက်တယ်) အဘ မင်းသိခ်၏ မိသားစုဝင်ထဲမှ ညီအရင်း ဖြစ်သူဦးဝင်းဇော် (သစ်တော)၊ ညီမ အရင်းဖြစ်သူ ဒေါ်သန်းနုအောင် (မီးမီးလေး) တို့ လိုက်ပါခဲ့ကြ ပါသည်။

## မစနော်မယာ ထမင်းစကျွေးမြီ

တစ်နေ့သ၌ အဘမင်းသိခ်သည် ခြံတွင်းနေသနွေများ အား ခေါ်ယူ၍

" ဒီခြံကို လာတဲ့ ဧည့်သည်တွေက . . . မနက်အစောက တည်းက လာပြီး စောင့်နေရတာ . . . ငါနဲ့ကလည်း နေ့လည် (၂) နာရီကျမှ တွေ့ရတာ . . . . တစ်နေကုန်နီးပါးထိုင်စောင့် နေရတယ် . . . ငါတို့ဘက်က ဧည့်ဝတ်ကြေပြွန်အောင် ထမင်း ကျွေးချင်တယ် . . . ရေခဲရေအေးအေးလေး တိုက်ချင်တယ် . . . လက်ဖက်ရည်တိုက်ချင်တယ် . . . ဒါပေမယ့် . . . နေ့စဉ်နဲ့ အမျှ လူ (၂၀၀)ကျော်လောက်ကို ထမင်းကျွေးနိုင်ဖို့ဆိုတာ . . . တော် တော်မလွယ်ကူတဲ့ ကိစ္စပဲ . . . စိတ်ကူးယဉ် ဆန်လွန်းတယ် . . . ဒါပေမယ့် ငါတို့ ကြိုးစားကြတာပေါ့ကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။ ခြံတွင်နေသခွေတပည့်များကလည်း (၂၀၀)ဝန်းကျင်ခန့်ရှိနေပြီဖြစ်သည်။လစဉ်ဗေဒင်သင်တန်းလာတက်ကြသူများကလည်း တစ်လလျှင် (၂၀၀)ဝန်းကျင်ခန့် ရှိသည်။ နေ့စဉ်နှင့်အမျှ လာရောက်ကြသည့် ဧည့်သည်များကလည်း (၂၀၀) ကျော်ခန့်ရှိသည်။သင်တန်းဖွင့်သည့်ကာလဆိုလျှင် တစ်နေ့လျှင် လူပါင်း (၆၀၀)ကျော်ခန့်ကို ထမင်းကျွေးရမည်ဖြစ်သည်။ ထမင်းတစ်နပ်အတွက်တောင် မနည်း ရုန်းကန်နေရသော ခေတ်ကြီးတွင် တစ်နေ့လျှင် လူပေါင်း (၆၀၀)ကျော်ခန့်ကို ထမင်းကျွေးလက်ဖက်ရည်တိုက်ဖို့ ဆိုသည်မှာ အဘပြောသကဲ့သို့ အတော်ပင် မလွယ်ကူသော ၊စိတ်ကူးယဉ် ဆန်သော အလုပ်မျိုးဖြစ်သည်။ အဘမင်းသိင်္ခက ဆက်၍ပြောသည်။

“ ငါတို့ကြိုးစားကြတာပေါ့ကွာ . . . တစ်ခုတော့ရှိတယ် . . . ထမင်း စကျွေးပြီဆိုရင်တော့ . . . ရပ်လို့ မရတော့ဘူး . . . နဂိုကတည်းက မကျွေးရင် မကျွေးနဲ့ . . . ကျွေးပြီးရင်တော့ ရပ်လို့ မရတော့ဘူး . . . ” ဟုပြောလေသည်။

ထို့နောက်တွင်တော့ အဘမင်းသိင်္ခသည် အဓိဋ္ဌာန်အချို့ကို ပြုလုပ်သည်။သစ္စာဆို ဆုတောင်းသည်။ရက်အနည်းငယ်ကြာသောအခါ ခြံတွင်းနေ သခွေတပည့်များအားလုံးကို ခေါ်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



" ငါတို့ခြံကို လာတဲ့ ဧည့်သည်တွေကို . . . ဒီနေ့ ထမင်း စကျွေးမယ်ကွာ . . . အသားဟင်းကျွေးရင် . . . ခြေလေးချောင်း မစားဘူးဆိုတဲ့သူတွေ . . . ခြေနှစ်ချောင်းမစားဘူးဆိုတဲ့သူတွေ ရှိနိုင်တယ် . . . ဒီတော့ အားလုံးစားလို့ရအောင် . . . ငါတို့ ဂေါ်သ ဗေဒင်ပညာ ရဲ့ မူပိုင်ဟင်းဖြစ်တဲ့ သီးစုံကုလားဟင်း နဲ့ ကျွေးမယ် ကွာ . . . သူချည်းကျတော့လည်း စားလို့မကောင်းဘူး . . . ငံပြာ ရည်ကြော်လေးနဲ့ တွဲပြီး ကျွေးမယ် . . . ရေခဲရည် အေးအေးလေး တိုက်မယ် . . . အစပ်ပြေအောင် လက်ဖက်ရည်ချိုချိုလေး တိုက် မယ် . . . "

ဟုဆိုကာ စမ်းသပ်သည့်သဘောမျိုးဖြင့် စတင်ဧည့်ခံ ကျွေးမွေးပါသည်။မှတ်မှတ်ရရ (၂၀၀၃)ခုနှစ် အစောပိုင်းက ဖြစ် သည်။ထို့နေ့မှ စ၍ အဘမင်းသိခ်၏ နောက်ဆုံးအချိန် (၁. ၈. ၂၀၀၈) အထိ နေ့စဉ်နှင့်အမျှ ရောက်လာကြသော ဧည့်သည်များကို ထမင်းကျွေး လက်ဖက်ရည်တိုက်ကာ ဧည့်ခံနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ပွဲကျောင်းသား " မှ "မြန်မာပြည်သား"

" ငါတို့ မြန်မာတွေဆိုတာ . . . ဘယ်တော့မှ အလစ် အငိုက်ကိုချောင်းပြီး မလုပ်တတ်ဘူး . . . တဖက်သားရဲ့ အားနည်း ချက်ကို ရွေးပြီး မလုပ်ကြဘူး . . . ဖြောင်း ဖြောင်း ဆို . . . လက် ခမောင်းခတ်ပြီး ဒဲ့ စိန်ခေါ်တယ် . . . ပြီးမှ နှစ်ဦးသဘောတူ တိုက်ခိုက်တယ် . . . အဲဒီလို ဂုဏ်ယူစရာကောင်းတဲ့ စိတ်ဓါတ် မြန်မာလူငယ်တွေမှာ ပျောက်ဆုံးနေတာဟာ . . . သိပ်ပြီးတော့ ဝမ်းနည်းဖို့ ကောင်းတယ် . . . "

ဟု ဆိုကာ မြန်မာလူငယ်များတွင် ပျောက်ဆုံးနေသည့် မြန်မာ့စိတ်ဓါတ်များကို ပြန်လည်ဖော်ထုတ်ရန်အတွက် စဉ်းစား တွေးတော ကြံစည်နေလေသည်။

နောက်ဆုံးတွင်တော့ မြန်မာတို့၏ လေးစားချစ်ခင်ဖွယ် စိတ်ဓါတ်၊ သတ္တိများကို မြန်မာ့ရိုးရာလက်ဝှေ့တွင် သွားတွေ့လေ သည်။

" မြန်မာတို့ရဲ့ လေးစားဂုဏ်ယူဖွယ်ရာ . . . စိတ်ဓါတ်တွေ . . . သတ္တိတွေဟာ . . . ရိုးရာလက်ဝှေ့မှာ ကျန်ရှိနေတုန်းပဲ . . . "

ထို့နောက် မြန်မာနိုင်ငံ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နာယက လက်ဝှေ့ကျော်ဟောင်းကြီး ဗိုကင်းမြန် အဘဦးဘိုစိန်ကို ပင့်ဖိတ် ပြီးနောက် မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံမှစ၍ သင်ကြားစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။တစ်ခြံလုံး ကလေး လူကြီး ကျားမ မရွေး မသင်မနေရ သင်ခိုင်းသည်။

ထိုထဲတွင်မှ ဆုကြေးစား ရိုးရာလက်ဝှေ့သမားအဖြစ် ယှဉ်ပြိုင် ထိုးသတ်လိုသူများကို ရွေးထုတ်ပြီး "ပွဲကျောင်းသား" မြန်မာ့ရိုးရာလက်ဝှေ့ကလပ်အသင်းကို တည်ထောင်ခဲ့သည်။ သက်ဆိုင်ရာသို့ တရားဝင်တင်ပြပြီး တရားဝင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

နည်းပြချုပ် ပီကင်းပြန် အဘဦးဘိုစိန် ၊ လက်ထောက်နည်းပြ ဘိုခြသေ့် ၊ ဥက္ကဌ သတိုးဆွေ (တောင်တွင်း)၊မန်နေဂျာ ဇင်ယော်နီ တို့ဖြင့်စနစ်တကျဖွဲ့စည်းကာ မြန်မာနိုင်ငံအနှံ့တွင် ပြုလုပ်နေသော ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ထိုးသတ်စေသည်။

အဘမင်းသိခ်၏ တွေးခေါ် စဉ်းစား လုပ်ကိုင်ပုံ မှန်ကန်ခဲ့သည်။ရိုးရာလက်ဝှေ့သင်ကြားပြီးသည့်နောက် အချင်းချင်း စကားများရန်ဖြစ်ကြရာတွင် ချောင်း၍တိုက်ခိုက်ခြင်း ၊အလစ်အငိုက်တွင် တိုက်ခိုက်ခြင်းများ မရှိသလောက် နည်းပါသွားခဲ့ရပါသည်။ မြန်မာလူငယ်များထံတွင် ပျောက်ဆုံးနေသော မြန်မာတို့၏ စိတ်ဓါတ်များ ၊ သတ္တိများကို ရိုးရာလက်ဝှေ့ဖြင့် ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သက်ဆိုင်ရာအာဏာပိုင် အဖွဲ့များ၏ ဖိအားပေးဖျက်သိမ်းခိုင်းမှုကြောင့် (၂၀၀၃)ခုနှစ် စက်တင်ဘာလ (၉)ရက်နေ့တွင် တရားဝင်ဖျက် သိမ်းလိုက်ရပါလေတော့သည်။

၂၀၀၄ခုနှစ်တွင် နိုင်ငံရေး အခြေအနေအပြောင်း အလဲအချို့ ဖြစ်လာပြီးနောက် ရိုးရာလက်ဝှေ့ကလပ်အသင်း ပြန်လည်တည် ထောင်ခွင့် ရရှိသောအခါ ဦးကျိုးသွားသော "ပွဲကျောင်းသား" နာမည်ကို အသုံးမပြုတော့ပဲ "မြန်မာပြည်သား" မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်အသင်းကို ပြန်လည် တည်ထောင်ကာ လက်ဝှေ့ ပြိုင်ပွဲများကို ယှဉ်ပြိုင်ထိုးသတ်စေရင်း မြန်မာလူငယ်များတွင် တိမ် မြုပ်ပျောက်ကွယ်နေသည့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန် စိတ်ဓါတ်များကို တဖက်တလမ်းမှနေ ဖော်ထုတ်ထိန်းသိမ်းခဲ့ပါ သည်။

(ယခင်က အဘမင်းသိခ်ကို နယ်မြေခံထောက်လှမ်းရေးများက အနီးကပ်စောင့်ကြည့်နေပြီး၊ နေထိုင်သွားလာလှုပ်ရှားမှုများကို အထက်သို့ သတင်းပို့တင်ပြနေရသည်ဟုဆိုသည်။ ထိုကြောင့် အဘ သွားမည့်နေရာများအား ၄င်းတို့ကို သတင်းပို့ပြီးမှ သွားလာရပါသည်။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ အနောက်ပိုင်းတွင်တော့ မည်သူ့ကိုမှ သတင်းပို့ရခြင်း မရှိတော့ပဲ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ရရှိခဲ့ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



## " မုဒြာဂါယာ "

အဘမင်းသိမ်ခ်သည် အယူတော်မင်္ဂလာခြံကြီးနှင့် ကပ်လျှက်တွင်ရှိသော (၁၃)ဧကခန့် ကျယ်ဝန်းသည့် ခြံဝန်းကြီးကို ဝယ်ယူပြီးနောက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ လက်ပုံစံမုဒြာများကို ထုလုပ်မှတ်တမ်းတင်သည့် မရမ်းတလင်း မုဒြာဂါယာကြီးကိုလည်း တည်ဆောက်ခဲ့ပါသည်။

(၁၃) ခန့်ကျယ်ဝန်းသည့် မြေကွက်ကြီးထဲတွင် လျှိုမြောင်များ၊တောင်ကုန်းများကို အနုပညာဆန်စွာ ဖောက်လုပ်သည်။သစ်ပင်ဝါးပင်များကို လှပစွာ စိုက်ပျိုးသည်။မျှော်စင်များလည်း တည်ဆောက်သည်။

လှပတင့်တယ်စွာ ပြင်ဆင်မွမ်းမံပြီးသောအခါ လက်ပုံစံမုဒြာအမျိုးမျိုးရှိသည့် ဘုရားဆင်းတုကြီးများကို သပ္ပါယ်စွာ နေရာချထားပေးပါသည်။

သာယာလှပသော ရှုခင်းများ ၊ လျှိုမြောင်များ ၊ တောင်ကုန်းများကြားတွင် လက်ပုံစံအမျိုးမျိုးရှိသည့် ဘုရားဆင်းတုများသည် သပ္ပါယ်စွာဖြင့် တည်ရှိနေပြီး ၊ (၇)ရက်သားသမီးများ ကြည်နူး အေးချမ်းစွာဖြင့် ဖူးမျှော်ခွင့် ရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ဗေဒင်စကျောက်စာများ "

အဘမင်းသိင်္ခ သည် ဗေဒင်ဆရာအများစုက အထင်သေးသော တွက်ရအင်မတန်လွယ်ကူသော သုံးတန်ပေါ်နိစ် ပညာကို ကောင်း စွာ အသုံးချပြီး ဗေဒင်လောကတွင် တစ်ခေတ်တွင် တစ်ယောက် ထွန်း ဆိုသလို " မင်းသိင်္ခ " ဆိုပြီးဖြစ်လာအောင် လုပ်ပြနိုင်ခဲ့ သည်။

နေ့စဉ်နှင့်အမျှ ရာနှင့်ချီပြီးရောက်ရှိလာကြသည့် ဧည့်ပရိတ်သတ်များကို ထမင်းကျွေး ၊လက်ဖက်ရည် တိုက်နိုင်ခဲ့သည်။ လစဉ်လတိုင်း လူ (၂၀၀)ခန့်ကို ထမင်းကျွေး ၊လက်ဖက်ရည်တိုက်ပြီး ဗေဒင်လက္ခဏာပညာများကို အခမဲ့သင်ကြားပေးနိုင်ခဲ့သည်။ ဗေဒင်ပညာဖြင့် အသက်မွေးနိုင်အောင် ထမင်းအိုးများ တည်ပေးနိုင်ခဲ့သည်။

ဗေဒင်ဆရာ ၊ ဆရာမများကို အရေအတွက် သိန်းနှင့်ချီပြီး မွေးထုတ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် " မင်းသိင်္ခ နှင့် သုံးတန်ပေါ်နိစ် " " သုံးတန်ပေါ်နိစ် နှင့် မင်းသိင်္ခ " ခွဲခြား၍မရအောင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဘမင်းသိမ်သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်မှာပင် မရှိသေးသော " ဗေဒင်ကျောက်စာ " များကို လည်း စိုက်ထူးခဲ့ပါသည်။

သုံးတန်ပေါ်နိုပ်ဗေဒင်ကျမ်းစာအုပ်ကို ကျောက်စာအချပ်ပေါင်း (၃၃)ချပ်ဖြင့် စိုက်ထူကာ မှတ်တမ်းတင်ခဲ့ပါသည်။

မရမ်းတလင်း ဗေဒင်ကျောက်စာများသည် အဘမင်းသိမ်၏ တပည့်ပရိတ်သတ်များ၊ ဗေဒင်ပညာရှင်များအတွက် အမှတ်ရအောင့်မေ့ဖွယ်ရာအဖြစ်နှင့် ကမ္ဘာတည်သ၍ ကျန်ရစ်နေဦးမည်သာ . . . . . ။

## " မခနော်ကြွာဖြူ ကျန်းမာရေး အပန်းဖြေရိပ်သာ "

အဘမင်းသိမ်သည် မုဒြာဂါယာနှင့် တစ်ခြံကျော်တွင် သုံးဧကခန့် ကျယ်ဝန်းသော ခြံဝန်းတစ်ခုကို ဝယ်ယူခဲ့ပြီးနောက်" မနောကြွာဖြူ " ကျန်းမာရေး အပန်းဖြေရိပ်သာကိုလည်း တည်ဆောက်ခဲ့ပါသည်။

ဆရာဝန်ပါရဂူကြီးများက ဆေးပညာအရ ကုသရန်အောက် လျော့လိုက်သည့်၊ သေဆုံးကွယ်လွန်ရမည့်နေ့ကို စောင့်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



လူနာများကို ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားမည့် ရိပ်သာဖြစ်သည်။

လူနာများ၏ နောက်ဆုံးနေ့ဝင်ချိန်တွင် စိတ်ချမ်းချမ်းသာသာဖြင့် ၊ လွတ်လပ်ပေါ့ပါးစွာဖြင့် ၊အပူပင်ကြောင့်ကြမဲ့စွာဖြင့် နေထိုင်သွားနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

လူနာ စားချင်သည်များကို ချက်ကျွေးမည်။ သွားလိုသောနေရာများကို လိုက်ပို့ပေးမည်။ လူနာများ စိတ်ချမ်းသာအောင် အစွမ်းကုန် ပြုစုစောင့်ပေးမည့် ရိပ်သာဖြစ်သည်။

တစ်ခန်းလျှင် လူနှစ်ဦး နေထိုင်နိုင်မည့် အဆင့်မြင့်တိုက်အိမ်လေးများကို တည်ဆောက်ခဲ့သည်။ ဘာသာပေါင်းစုံ စုပေါင်းရှိခိုး ဘုရားဝတ်ပြုနိုင်မည့်ဘုရားခန်းကိုလည်း ခြံဝန်း၏ အလယ်တည့်တည့်တွင် တည်ဆောက်သည်။ စိမ်းလန်းစိုပြေအောင် သစ်ပင်ပန်းမန်များကို စနစ်တကျ စိုက်ပျိုးသည်။ လျှောက်လမ်းလေးများဖောက်လုပ်သည်။

(တိုက်အိမ်လေးများ (၁၅) လုံး တည်ဆောက်အပြီးမှာပင် အဘမင်းသိခ်သည် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် " မနောကြာဖြူ " ကျန်းမာရေး အပန်းဖြေစခန်းသည် တို့လို့တန်းလန်းဖြင့်သာ ကျန်ရစ်နေခဲ့ရပါလေတော့သည်)

www.burmeseclassic.com

www.burmeseclassic.com



## " မင်းသိင်္ခ၏ အကောင်းဆုံးအချိန်များ "

၂၀၀၀ပြည့်နှစ် မဟာဂန္ဓာရီအခိဌာန်များ အောင်မြင်ပြီး ချိန်မှစ၍ နောက်ဆုံးအချိန်အထိ . . .။

၎င်းအချိန်ကာလများသည် အဘမင်းသိခ်၏ အကောင်းဆုံး အချိန်ကာလများဟု ယူဆ သုံးသပ်နိုင်ပါသည်။

ဧည့်သည်များနားနေသည့် ယတြာဆောင် (ဧည့်ဆောင်) ဝါးတဲကြီးကိုလည်း အုတ်များ ၊သွပ်များဖြင့် ခိုင်ခိုင်ခန့်ခန့် တည် ဆောက်ခဲ့သည်။

သင်တန်းဆောင်ကြီးကိုလည်း လေးဆင့်မျှ တိုးချဲ့ တည် ဆောက်ခဲ့ရသည်။

ဂျာနယ်မဂ္ဂဇင်းများ ထုတ်လုပ်ရန်အတွက် မြေအောက် ခန်းအပါအဝင် သုံးထပ်ရှိသော " အိမ်ဖြူတော် " အဆောက်အဦး ကို တည်ဆောက်ခဲ့သည်။ (နောက်ပိုင်း ညီဖြစ်သူ ဦးဝင်းဇော် ပိုင်ဆိုင်သော မှော်ဘီမြို့၊ ပြည်လမ်းရှိ အမှတ် (၆၀၂/ခ) ခြံကြီးတွင်လည်း ဂျာနယ် အယ်ဒီတာအဖွဲ့၊ ကွန်ပျူတာစာစီအဖွဲ့ များကို ရုံးထိုင်စေကာ စာပေခြံအဖြစ် လုပ်ကိုင်စေခဲ့သည်။)

ညအိပ်ဧည့်သည်များ ထမင်းသုံးဆောင်ရန်အတွက် မဟာဒွိရင်ပြင်တစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းများချက်ပြုတ်သည့် ခြံတွင်းနေ သန္တေများ စားသောက်ရန်အတွက် ထမင်းစားဖို (ဖိုကြီး)ကိုလည်း အုတ်၊သွပ်များဖြင့် ခိုင်ခန့်စွာ တည်ဆောက်ခဲ့သည်။

သန္တေများနေထိုင်နိုင်ရန်အတွက် မြေအောက်ခန်းပါသည့် " အိမ်မဲ " အဆောက်အဦးတစ်လုံးကိုလည်း ဆောက်လုပ်ခဲ့သည်။

" ဖတ်သမ္ဘ မေ့ပစ်သူ " စာကြည့်တိုက်ကိုလည်း အုတ်၊သွပ်များဖြင့် ခိုင်ခိုင်ခန့်ခန့်တည်ဆောက်ကာ အဖိုးတန်စာအုပ်များကို ထိန်းသိမ်းခဲ့သည်။

ဗေဒင်မေးချင်သူများ ဗေဒင်မေးနိုင်ရန်အတွက် အဘမင်းသိခ်၏ ကိုယ်စားကိုယ်ပွားအဖြစ် ဗေဒင်မေးနိုင်ရန်အတွက် ယခင်က အဘမင်းသိခ် အဓိဋ္ဌာန်ကျင့်စဉ်များပြုလုပ်သော ဂူ ကို " တတိယမျက်လုံး "အဓိဋ္ဌာန်ကြွေဗေဒင် အဆောက်အဦအဖြစ် သစ္စာဆို အဓိဋ္ဌာန်ပြုကာ တည်ဆောက်ပေးခဲ့သည်။

ခြံနှင့်ကပ်လျက်ဘွင်ရှိသော (၁၃)ဧကခန့်ကျယ်ဝန်းသည့် ခြံဝန်းကို ဝယ်ယူကာ " မရမ်းတလင်း "မူဗြာဂါယာကို တည်ဆောက်ခဲ့သည်။

သုံးဧကခန့် ကျယ်ဝန်းသည့် ခြံဝန်းတစ်ခုကို ထပ်မံဝယ်ယူပြီး " မနောကြာဖြူ " ကျန်းမာရေး အပန်းဖြေရိပ်သာကို တည်ဆောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးအတွင်းတွင် ဈေးဆိုင်တန်းများ ဆောက်လုပ်ပေးခဲ့သည်။ လျှပ်မီးများ သွယ်တန်းပေးခဲ့သည်။ ဈေးရောင်းချင်သူများကို မဲဖောက်ပြီး နေရာချထားပေးခဲ့သည်။

ဆိုင်ခန်းလခ တစ်ပြားမှ ပေးစရာမလိုသည့်အပြင် ရေဖိုး၊ မီးဖိုးက အစ အခမဲ့ ရောင်းချ နေထိုင်ခွင့် ပြုခဲ့သည်။ အဘမင်းသိမ်၏ ကြီးမားသော စေတနာမေတ္တာပင်ဖြစ်သည်။

အဘမင်းသိမ်ကို အကြောင်းပြု၍ မရမ်းတလင်း ခြံကြီးသည် စည်ကားသိုက်မြိုက်လာခဲ့သည်။ ခြံပတ်ဝန်းကျင်တွင် နေထိုင်ကြ သူများလည်း အဘမင်းသိမ်ကို အကြောင်းပြု၍ ဝင်ငွေများရလာခဲ့ပြီး စားဝတ်နေရေးကို ကောင်းစွာ အထောက် အကူပြုခဲ့သည်။

ထို့ပြင်တဝ ခြံကြီးအတွင်း၌ ကမ္ဘာ့အကြီးဆုံး ကန်တော့ပွဲကြီးကိုငှင်း၊ ကမ္ဘာ့အကြီးဆုံး ပုတီးကြီးကို ငှင်း၊ ကမ္ဘာ့အကြီးဆုံး မီးအိမ်ကြီးကို ငှင်း၊ ဘီလူးရုပ်ထုကြီးကိုငှင်း တည်ဆောက်ခဲ့သည်။

ပန်းချီကောင်းစံ၏ လက်ရာဖြင့် အဘမင်းသိမ်၏ ပုံတူရုပ်တုကြီးကိုလည်း ခြံ၏ အလယ်တွင် ထုလုပ်ခဲ့ပါသည်။

အဘမင်းသိမ်၏ နာမည်ကြီးဇာတ်ကောင်များဖြစ်သော ဆာပုလင်းနှင်းမောင်၊ စနေမောင်မောင်၊ မိုးသီး၊ ပုဏ္ဏားဘကွန်း

www.burmeseclassic.com

www.burmeseclassic.com



မနုစာရီ ၊ ဦးဂွမ်တီ ၊ မာလိန်မှူးထူးစိန် တို့၏ ရုပ်တုကြီးများကို လည်း မှတ်တမ်းတင် ထုလုပ်ထားခဲ့ပါသည်။

အောင်မြင်သော လူကြိုက်များသော "ပွဲကျောင်းသား" မြန်မာ့ရိုးရာလက်ဝှေ့ကလပ်အသင်း ၊ " မြန်မာပြည်သား" မြန်မာ့ ရိုးရာလက်ဝှေ့ ကလပ်အသင်းများကို တည်ထောင်ခဲ့သည်။

အောင်မြင်သော ၊လူကြိုက်များသော မနော်မယဂမ္ဘီရ ဂျာနယ် ၊ မနောကြာဖြူမဂ္ဂဇင်း ၊ မဟာမြိုင်မဂ္ဂဇင်း ၊ မြရည်သီတာ မဂ္ဂဇင်း ၊ မနုစာရီ မဂ္ဂဇင်း တို့ကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။

နေ့စဉ်နှင့်အမျှ ရောက်ရှိလာကြသည့် ရာနှင့်ချီသည့် ဧည့် ပရိတ်သတ်များကို ထမင်းကျွေးလက်ဖက်ရည်တိုက်ကာ ဧည့်ခံခဲ့ သည်။

လစဉ်လတိုင်း လူ (၂၀၀)ခန့်ကို ခေါ်ထားကာ ထမင်း ကျွေး လက်ဖက်ရည်တိုက်ပြီး ဗေဒင်လက္ခဏာပညာများကို အခ မဲ့ သင်ကြားပေးခဲ့သည်။

လူ (၂၀၀)ခန့်ကိုလည်း သန္တေတပည့်များအဖြစ် အနီးကပ် ခေါ်ထားကာ သားသမီး အရင်းအခြာများကဲ့သို့ စားရေး၊ သောက် ရေး၊ နေရေးထိုင်ရေး ကျန်းမာရေး ပညာရေးကအစ တာဝန်ယူ စောင့် ရှောက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## " နေ့စဉ်နှင့်အမျှ ယတြာအစီအစဉ်များ "

အယူတော်မင်္ဂလာခြံကြီးတွင် ဗုဒ္ဓဟူးနေ့မှ လွဲ၍ နေ့စဉ် ယတြာအစီအရင်များကို ပြုလုပ်ပေးသည်။

နိုင်ငံခြားအမြန်သွားရန် ၊ အလုပ်အမြန်ပြောင်းရန်အတွက် ခုံဖိနပ်စီးကာ ချေရသော ခုံဖိနပ်ယတြာအစီအစဉ် (နေ့စဉ် ၁၀ ယောက်ကျော်ခန့်ရှိ ) ၊ ဂမုန်း အဓိဋ္ဌာန်အောင်မြေတွင် အောင်မြေနင်းကာ ချေရသော "နဝင်း" ယတြာ (နေ့စဉ် လူ၁၀၀ ကျော်ခန့်ရှိ၊ ရှေးဆရာ အစဉ်အဆက် လက်ဆင့်ကမ်း အသုံးပြုခဲ့သည့် " ခေါင်းဆေးမင်္ဂလာ " (နေ့စဉ် လူ၁၀၀ကျော်ခန့်ရှိ ) အစီအစဉ်များကို ပြုလုပ်ပေးခဲ့သည်။

အပတ်စဉ် အင်္ဂါနေ့ညတိုင်းတွင် . . . မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် ရဟန္တာအရှင်သူမြတ်များအား ပင့်ဖိတ်ပြီး ဓါတ်ကြီးလေးပါးဆွမ်း ကပ်ရသည့် " ဓါတ်ကြီးလေးပါးယတြာ " (အပတ်စဉ် လူ ၅၀၀ နီးပါးရှိ ) ကိုငင်း ၊



www.burmeseclassic.com

www.burmeseclassic.com



အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် ခင်ပွန်းကြီး(၁၀)ပါး ပုဂ္ဂိုလ်ကြီးများ ရှိခိုးကန်တော့ တောင်းပန်သည့် ခင်ပွန်းကြီး(၁၀) ပါးယတြာ (အပတ်စဉ် လူ ၄၀၀ နီးပါးရှိ ) ကိုင်း ၊

အပတ်စဉ် အင်္ဂါနေ့တိုင်း ပြုလုပ်ပေးနေသည့် ညောင်ပင်ရှိ ရုက္ခစိုး နတ်မင်းကြီးအား အုန်းသီးဆားသိပ်ဆွမ်း လှူဒါန်းရသည့် " အုန်းသီးဆားသိပ် " ယတြာ ( အပတ်စဉ် လူ ၁၀၀ကျော်ခန့် ) ကိုင်း ၊

အပတ်စဉ် စနေနေ့ညတိုင်းတွင် အဝတ်အစားအဟောင်းများကို ဝတ်အိပ်ပြီးနောက်နေ့ မနက်တွင် စွန့်ရသော " စနေသက်ရောက် ယတြာ " ( လူဦးရေ ပုံမှန်မရှိ)ကိုင်း . . . ။

အထက်ဖော်ပြပါ ယတြာအစီအစဉ်များကို အဘမင်းသိခ် ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲပြီး အပတ်စဉ်ဆောင်ရွက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အယူတော်မင်္ဂလာခြံကြီးတွင် နှစ်စဉ်ပြုလုပ်သော ပွဲလမ်းသဘင်များ

မော်ဘီမြို့အစွန်မရမ်းတလင်းတောစပ် အယူတော်မင်္ဂလာခြံကြီးတွင် အဘမင်းသိခ်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ၍ ပွဲလမ်းသဘင်များကို နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။

### မတ်လ (၂၅)

အဘမင်းသိခ် မဟာဂန္ဓာရီ အဓိဋ္ဌာန်ခရီး ထွက်ခွာခြင်း နှစ်ပတ်လည်အခမ်းအနားကို နှစ်စဉ် မတ်လ(၂၅) ရက်တွင် ကျင်းပပြုလုပ်လေ့ရှိပါသည်။ထိုနေ့တွင် ခြံတွင်းနေတပည့် များ၊ အပြင်မှရောက်ရှိလာကြသောတပည့်များ ၊ပရိတ်သတ်များ ကို ဆိတ်သားဟင်းနှင့် ထောပတ်ထမင်း ချက်ကျွေးပြီး အဘမင်းသိခ်မှ ဂန္ဓာရီအဓိဋ္ဌာန်ကျင့်စဉ်များနှင့်ပက်သက်၍ အမှတ်တရ ဆုံးမ စကားများ ပြောလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဇွန်လ (၂၅)

၁၉၃၉ ခုနှစ် ဇွန်လ (၂၅)ရက်တွင် ဤမြေကမ္ဘာသို့ အလည် အပတ်ရောက်ရှိလာခဲ့သည့် အဘမင်းသိခ်၏ မွေးနေ့ပွဲကို အဘ၏ တပည့်ပရိတ်သတ်များက စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလေ့ရှိပါသည်။

ထိုအခမ်းအနားတွင် နယ်ပယ်စုံမှ အဘ၏တပည့်များ၊ ပရိတ်သတ်များ လာရောက်ဆင်နွှဲလေ့ရှိပါသည်။ အဘ၏ တပည့်ရင်းတစ်ဦးဖြစ်သော မျက်လှည့်ကျော် စက္ကောမမှလည်း သူ၏ မျက်လှည့် ပညာများဖြင့် လာရောက် ဖျော်ဖြေလေ့ရှိပါသည်။

## ဆေးပေါင်းခတဲ့ည

နှစ်စဉ်တန်ဆောင်မုန်းလပြည့်ည ဆေးပေါင်းခသည့်ညတွင် ဆေးခါးမျက်နှာပွင့်လာဘ်ပွင့် ဆေးတော်ကြီး ဖော်သည့်ပွဲကိုလည်း နှစ်စဉ်ပြုလုပ်လေ့ရှိပါသည်။

ထိုညတွင် စီရင်ဖော်စပ်သည့် ဈေးခါးမျက်နှာပွင့်လာဘ်ပွင့်ဆေးတော်ကြီးအား ရောက်ရှိလာကြသည့် ဧည့်ပရိတ်သတ်များကို ဝေငှပေးသည့်အပြင် ကောက်ညှင်းပေါင်း၊ မနောမယလက်ဖက်ရည်များနှင့် ဧည့်ခံခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ဖျော်ဖြေ ဧည့်ခံခြင်း စသည့်အစီအစဉ်များ ပါဝင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့နှစ်များတွင် (၁၃)ကောခန့်ကျယ်ဝန်းသည့် ခြံကြီးထဲတွင် ပြည့်လျှံသွားသည်အထိ ဧည့်ပရိတ်သတ်များ သောင်းနှင့်ချီပြီး လာရောက် အားပေးလေ့ရှိပါသည်။

**ဒီဇင်ဘာ (၂၅)**

အဘမင်းသိခ် အင်းစိန်ထောင်၌ အကျဉ်းကျနေစဉ် ကာလအတွင်း တစ်ခုသော ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် သစ္စာဆို အဓိဋ္ဌာန်ပြုပြီး ဂမ္ဘီရလမ်းခရီးကို စတင်လျှောက်လှမ်းခဲ့သည်။ ဥမ်ဂါထာကို စွဲစွဲရွတ်ဆိုခဲ့သည်။ အဘမင်းသိခ်၏ ဘဝကို ပြောင်းလဲစေခဲ့သည့် အမှတ်ရအောင့်မေ့ဖွယ် နေ့တစ်နေ့ ဖြစ်ခဲ့သည်။

ထို့ကြောင့် နှစ်စဉ် ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် "ဥမ်" ဂါထာရွတ်ဆိုပွဲ အခမ်းအနားကို ကျင်းပလေ့ရှိသည်။

ထို့ညတွင် " ဥမ် " ဂါထာရွတ်ဆိုခြင်း ၊မေတ္တာပို့ခြင်း၊ အဘမင်းသိခ်မှနေ အမှတ်တရ ဆုံးမစကားစများပြောခြင်း ၊ ရောက်ရှိလာကြသည့် တပည့်ပရိတ်သတ်များအား အစားအသောက်များဖြင့် ဧည့်ခံခြင်း စသည့်အစီအစဉ်များ ပါဝင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နှစ်သစ်ကူးပွဲတော်

နှစ်စဉ် ဒီဇင်ဘာလ (၃၁)နေ့ညတွင်လည်း အဘာမင်းသိန်းနှင့် တပည့်ပရိတ်သတ်များ စုပေါင်းပြီး နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလေ့ရှိပါသည်။

ရောက်ရှိလာကြသော တပည့်ပရိတ်သတ်များအား မနော မယထမင်း ညစာဖြင့် ဧည့်ခံခြင်း ၊ကောက်ညှင်းပေါင်း ၊ မနော မယလက်ဖက်ရည်များဖြင့် ဧည့်ခံခြင်း ၊ နှစ်သစ်ကူးအမှတ်တရ လက်ဆောင်များကို ကံစမ်းမဲ ဖောက်ပေးခြင်း စသည့်အစီအစဉ်များပါဝင်ပါသည်။

## အဘာထွက်ပွဲ

(၂၁)ရာစုတွင် အထင်ရှား အကျော်ကြားဆုံးဖြစ်သည့် အဘာအောင်မင်းခေါင် တကျော့ပြန် အပူဇော်ခံပွဲ (သို့ ) အဘာအောင်မင်းခေါင် ထွက်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်ကျော် (၂)ရက်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိပါသည်။

ငှက်ပျော်သီး (၁၀၈)ဖီးဖြင့် ကန်တော့ပွဲကြီး ထိုးကာ တကျော့ပြန် အကန်တော့ခံသည့် အဘာအောင်မင်းခေါင်ကို ပူဇော်ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘာမင်းသိမ်နှင့် တပည့်ပရိတ်သတ်များ စုပေါင်းကျင်းပကြခြင်း ဖြစ်သည်။

ထိုနေ့တွင် ရောက်ရှိလာကြသည့် တပည့်ပရိတ်သတ်များကို မနောမယထမင်း၊ မနောမယလက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ ဘယာကြော်များဖြင့် ဧည့်ခံလေ့ရှိပါသည်။

## ဘေးမဲ့လွှတ်ပွဲ

နှစ်စဉ် မြန်မာနှစ်သစ်ကူးတဲ့ နှစ်ဆန်းတစ်ရက်နေ့ကျရောက်တိုင်း အယူတော်မင်္ဂလာ မရမ်းတလင်းခြံကြီးအတွင်း သတ္တဝါများကို ဘေးမဲ့လွှတ်ပွဲပြုလုပ်ပြီး ကျင်းပပေးလေ့ရှိ ပါသည်။

## ပညာရေးစရိတ် ထောက်ပံ့ပွဲ

ကျောင်းဖွင့်ခါနီးအချိန်များတွင် ခြံအနီးနားပတ်ဝန်းကျင်တွင် နေထိုင်ကြသော ကျောင်းသား ကျောင်းသူများ၏ ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းကို နှစ်စဉ်မဟုတ်သော်လည်း ရံဖန်ရံခါ ဆိုသလို ပြုလုပ်ပေးခဲ့သည်။

ပညာသင်စရိတ် ထောက်ပံ့ငွေများ၊ ပညာရေးသင်ကြားမှုအထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းသည့် အစီအစဉ် ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီ ခရီးစဉ်



မင်းသိန် (၂၀၀၃ စက်တင်ဘာ)



ရှန်ဂရီလာ ဂျူဂျိခန်း (၂၀၀၃ စက်တင်ဘာ)



ရှန်ဂရီလာ ဂျူဂျိခန်း (၂၀၀၃ စက်တင်ဘာ)



နှင်ကျော် နှင်းကျောင်းတော် (အိန္ဒိယ - ၂၀၀၄ စက်တင်ဘာ)

အိန္ဒိယသို့ ခုတိယအခေါက် (၂၀၀၄ စက်တင်ဘာ)






www.burmeseclassic.com

www.burmeseclassic.com




[illegible] Temple Of Fortune



[illegible] (၁၉၉၈)



[illegible] (၁၉၉၇)



[illegible]



www.burmeseclassic.com

www.burmeseclassic.com



# " အဘမင်းသိခ်၏ ကျန်းမာရေး "

အသက်အရွယ်ကြီးရင့်လာပြီး လှုပ်ရှားမှုနည်းလာသော အခါ အဘမင်းသိခ်တွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ စွဲကပ်လာခဲ့သည်။

တိဘက်ဒေသ ရှန်ဂရီလာ မှ ပြန်လာပြီး (၂၀၀၃)ခုနှစ် နိုဝင်ဘာလ (၂၉)ရက်နေ့တွင် အဘမင်းသိခ်၏ သွေးဖိအားသည် " ၀ " အထိ ကျဆင်းသွားခဲ့သည်။

သွေးဖိအားကျနေသော အချိန်တွင် သွေးကျဆေးကို သောက်မိလိုက်ခြင်းဖြစ်သည်။ အစစအရာရာတွင် သတိကြီးကြီးထားပြီး နေထိုင်စားသောက်လေ့ရှိသော အထူးသဖြင့် အစားအသောက်စားရာ၌၄င်း၊ ဆေးသောက်ရာ၌၄င်း သတိပိုထားလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသော အဘမင်းသိန်သည် ဆန်စေ့သာသာခန့်သာရှိသော ဆေးတစ်လုံးကို မှားသောက်မိလိုက်ခြင်းဖြစ်သည်။

သွေးဖိအား "ဝ"အထိကျဆင်းသွားပါက အသက်ပြန်ရှင်လာဖို့ မလွယ်ကူတော့ပါ။

ဆေးမှားသောက်ပြီးသည်နှင့် အဘမင်းသိန်၏ သွေးဖိအားသည် "သုည"အထိ ကျဆင်းသွားခဲ့ပြီး ခေတ္တခဏမျှ သတိလစ်မေ့မျောသွားခဲ့သည်။

မှော်ဘီဆေးရုံသို့ ပို့သည်။မှော်ဘီဆေးရုံမှ မရနိုင်တော့ဘူးဆိုသဖြင့် ရန်ကုန်မြို့ အထူးကုဆေးခန်းသို့ ပို့ရသည်။ထိုအချိန်တွင်တော့ အဘမင်းသိန်သည် သတိပြန်လည်လာနေပြီ ဖြစ်သည်။လာ ရောက်ကြသည့် တပည့်များကို ပြုံးပြနှုတ်ဆက်နေသေးသည်။

အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများက အဘမင်းသိန်ကို စစ်ဆေးကြည့်သည်။မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်သည်။

" ခင်ဗျားတို့ လူနာက . . . စိုးရိမ်ရတယ် . . . လှုပ်ရင်တောင် အသက်ပါသွားနိုင်တယ် . . . ရန်ကုန်ဆေးရုံကြီးကိုသာ အမြန်ပြေးပေတော့ . . . "

ဟု ဆိုသဖြင့် အထူးကုဆေးခန်းမှ ကုတင်ကြီးဖြင့် ၊ အထူးကုဆေးခန်းမှ လူနာတင်ကားဖြင့်ပင် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိ လာခဲ့သည်။ (ရန်ကုန်ဆေးရုံကြီးသမိုင်းတွင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ဖြင့်ကိုယ် ဆေးရုံလာတက်သော လူနာအဖြစ် အဘမင်းသိန်သည် မှတ်တမ်း ဝင်သွားခဲ့ပါသည်)

ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ်လူနာများကို ကုသပေးသည့် အထူးကြပ်မတ်ဆောင်တွင် အဘမင်းသိန်ကို တင်လိုက်ရသည်။ အထူးကုဆရာဝန်ကြီးများက

" ဒီလို အခြေအနေမျိုးရောက်သွားတဲ့ လူနာဟာ . . . အသက် ပြန်ရှင်လာနိုင်ဖို့ ခဲယဉ်းတယ် . . . အသက်ပြန်ရှင်လာနိုင်ဖို့ ရာခိုင်နှုန်း အင်မတန်နည်းတယ် . . . အသက်ပြန်ရှင်လာပြန်ရင်လည်း အကောင်းပကတိပြန်ဖြစ်ဖို့ ခဲယဉ်းတယ် . . . အတိတ်ကိုမေ့သွားပြီး အရုပ်ကြီးလို ဖြစ်နေတတ်တယ် . . . . ဒါပေမယ့် ကျနော်တို့ကြိုးစားပြီး သူ့အသက်ကိုကယ်တင်ပါမယ် . . ."

ဟုဆိုကာ အရေးပေါ်ဆေးကုသမှုများပြုလုပ်သည်။ အကောင်းဆုံး ဆေးဝါးများနှင့် အကောင်းဆုံး ကုသပေးကြသည်။ နှစ်ရက်သုံးရက်ကြာသည်အထိ အဘ၏ အခြေအနေက မထူးခြားသေး . . .။ အားလုံးက စောင့်ကြည့်နေကြရသည်။

တပည့်များကလည်း တတ်သလောက်မှတ်သလောက် ယတြာများ ပြုလုပ်ကြသည်။ကျွန်ုပ်တို့ခြံတွင်း နေတပည့်များ တတော့ စည်ကြီးတင်စခန်းတွင် အဘလုပ်ခဲ့သည့် ၊အယူတော် မင်္ဂလာခြံကြီးတွင်လည်း နေ့စဉ်နှင့်အမျှ ပြုလုပ်ပေးနေသည့်



www.burmeseclassic.com

www.burmeseclassic.com



"သဘော်သီး ကြွက်လျှာ " ယတြာများပြုလုပ်ပြီး အဘအတွက် မေတ္တာပို့ ဆုတောင်း ပေးကြသည်။

ထိုအချိန်တွင် အထူးကုဆရာဝန်ကြီးများမှ စကားတစ်ခွန်းပြောလာသည်။

" ကျနော်တို့ အနေနဲ့ . . . ကျောက်ကပ် အလုပ်လုပ်မလုပ် စောင့် ကြည့်နေပါတယ် . . . . ကျောက်ကပ်အလုပ်လုပ်တယ် ဆိုရင်တော့ ခင်ဗျားတို့ ဆရာကြီး အသက်ပြန်ရှင်လာမယ် . . . ကျောက် ကပ်အလုပ် မလုပ်ဘူးဆိုရင်တော့ ပြီးပြီ . . . ။

ကျောက်ကပ်အလုပ် လုပ်မလုပ် သိဖို့ . . . သူ့ရဲ့ ဆီးထွက်နှုန်းကို စောင့်ကြည့်နေပါတယ် . . . ။ကျနော်တို့ သတ်မှတ်ထားတဲ့ အတိုင်းအတာအထိ ဆီး ထွက်တယ် ဆိုရင်တော့ ကျောက်ကပ်အလုပ် လုပ်တယ် . . . အသက်ပြန်ရှင်နိုင်မယ် . . . "

အဘမင်းသိခ် အသက်ပြန်ရှင်နိုင်ဖို့အတွက် ဆီး သည် အဓိကဖြစ်နေသည်။ အဘ၏ တစ်ကိုယ်လုံးတွင်လည်း ပိုက်တွေကြိုးတွေဖြင့် ရှုပ်ယှက်ခတ်နေအောင် တပ်ထားသည်။ ဆီးပိုက်လည်း တပ်ထားသည်။ ဆီး က တစက်တစက်သာ ကျနေသည်။ အားရစရာမရှိ ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အားလုံးလည်း အဘ ဆီး များများထွက်ရေး ဆုတောင်းနေရသည်။

ညနေခင်းတစ်ခုတွင် ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာ ဦးမောင်မောင်မြင့်အေး ရောက်လာသည်။အဘသည် မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီးနောက်

" မြင့်အေး . . . လိုက်ကာတွေ ခဏဆွဲကာလိုက် . . "

ဟုပြောသည်။ အထူးကြပ်မတ်ဆောင်၏ ခလယ်တည့်တည့် ကောင်တာတွင် ဆရာဝန်ကြီးများက အလှည့်ကျ စောင့်ကြည့်နေကြသည်။ ဦးမောင်မောင်မြင့်အေး ချက်ချင်းတန်းပြီး မလုပ်ရဲ . . .။ အဘက ထပ်ပြောသည်။

" မြင့်အေး . . . လိုက်ကာတွေ ဆွဲကာလိုက် . . . ငါ ထမယ် . . . ငါ့ကို ထူပေး . . . "

အထူးကုဆရာဝန်ကြီးများက ငြိမ်ငြိမ်လေး နေခိုင်းသောလည်း အဘမင်းသိခ်ကို စောဒက မတက်ရဲသော ဦးမောင်မောင်မြင့်အေး နှင့် တပည့်တချို့က အဘထိုင်နိုင်ရန် ဆွဲထူပေးလိုက်သည်။

ထိုင်ပြီးသောအခါ

" မတ်တပ်ရမယ် . . . ကိုင်ပေးထား . . . "

ဟု ဆိုကာ ပိုက်တွေ တို့လို့တန်းလန်းဖြင့် ကုတင်အောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ဆင်းကာ မတ်တပ်ရပ်လိုက်သည်။ အနီးကပ်စောင့်ရှောက်နေ ကိုချဲလေး (ခေါ်) ဆရာသန်းတင့်ဆွေ အား

“ ချဲလေး . . . ထွေးခံပေး . . . ဆီး သွားမယ် . . . ”

ဟု ဆိုကာ ဆီးသွားလေသည်။ ထွေးခံနှင့်တစ်လုံးအပြည့် ဆီး သွားခဲ့သည်။ ဆရာဝန်ကြီးများ သတ်မှတ်သော အရေ အတွက်ထက် အဆမတန် ပိုများခဲ့သည်။ ဦးမောင်မောင်မြင့်အေး အပါအဝင် အနီးကပ် စောင့်နေသူများ အားလုံး၏ မျက်နှာများ သည် ဝင်းခနဲ ဖြစ်သွား ကြသည်။ ဆီးများများသွားလျှင် အဘ မင်းသိမ်း၏ ကျောက်ကပ်သည် အလုပ်လုပ်သည်။ ကျောက်ကပ် အလုပ်လုပ်လျှင် အဘ အသက်ပြန်ရှင်မည် ဆိုသည်ကို ကြိုတင်သိရှိ နေသောကြောင့်ဖြစ်သည်။

အဘမင်းသိမ်း ဆီး သွားသော သတင်းသည် အဘကို အားကိုးသော အဘကိုချစ်ကြသော အဘ၏ တပည့်ပရိတ်သတ် များအတွက် သတင်းကောင်းဖြစ်ခဲ့သည်။ နီးစပ်ရာသို့ ဖုန်းတွေ ဖြင့် တဂွမ်ဂွမ် ဆက်ကြသည်။

“ အဘ ဆီး သွားပြီ . . . အဲဒါ ဖုန်းလှမ်းဆက်တာ . . . . . ”

“ သတင်းကောင်းပြောရဦးမယ် . . . ဆရာကြီး ဆီး သွားတယ် . . . ဒီနေ့ညနေပဲ ဆီး သွားတာ . . . . ”

www.burmeseclassic.com

www.burmeseclassic.com



" ဟေး ဟေး ပျော်လိုက်တာ . . . အဘ ဆီး တွေ အများကြီး ပေါက်ချတယ် . . . တဲ့ . . . . "

ဘုမသိဘမသိ ဘေးမှနေကြားနေရသော သူစိမ်းများအဖို့ မျက်လုံးအပြူးသားဖြင့် နားမလည်နိုင်အောင် ဖြစ်နေကြသည်။ လူတစ်ယောက် ဆီး သွားသည့်သတင်းသည် ဟိုးလေးတကြော် ဖြစ်နေသည်။ ထိုသတင်းသည် မရမ်းတလင်း အယူတော်မင်္ဂလာ ခြံကြီး သို့လည်း ရောက်ရှိသွားသည်။

ခြံကြီးသည် (၁၃) ဧကခန့် ကျယ်ဝန်းပြီး ခြံတွင်းနေ သန္တေ တပည့်များအရေအတွက်မှာလည်း (၂၀၀)ခန့်ရှိနေသဖြင့် တစ်ဦး ချင်းလိုက်ပြောရန် မလွယ်ကူပါ။ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် အသံ ချဲ့စက် စပီကာများ ဖွင့်ပြီး ကြေငြာပေးရသည်။

" ခြံတွင်းနေ သန္တေဆရာ ဆရာမတွေ နားထောင်ပါ . . . အရေးကြီးသတင်းတစ်ခု ကြေငြာစရာ ရှိပါတယ် . . . ပြီးခဲ့တဲ့ တစ်နာရီလောက်တုန်းက . . . ငါတို့အဘ ဆီး တွေ အများကြီး ပေါက်ချခဲ့ပါတယ် . . . "

ထိုသတင်းကြေငြာပြီးသည်နှင့် တစ်ခြံလုံး အုတ်အော် သောင်းနင်းဖြင့် ဆူညံသွားပါလေတော့သည်။

"ဟေး . . . တို့အဘ သေးပေါက်ပြီကွ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဆီးတွေ အများကြီးသွားရင် . . . တို့အဘ မသေ တော့ဘူးကွ . . . "

" တို့အဘ နေကောင်းရင် . . . ခြံကို ပြန်လာတော့မယ်ကွ . . . . "

" ငါတို့ မပြန်ရတော့ဘူးကွ . . . "

ပြန်စရာ အိမ်မရှိသော သူများကတော့ အပျော်ဆုံးပင်ဖြစ်သည်။မည်သို့ပင်ဖြစ်စေကာမူ အဘမင်းသိခ် ဆီး သွားလိုက်ခြင်းသည် တပည့်ပရိတ်သတ်များ အားလုံးအတွက် ဝမ်းသာပျော်ရွှင်စရာ သတင်းကောင်းတစ်ခုဖြစ်ခဲ့သည်။

ထိုအကြောင်းအရာနှင့် ပက်သက်၍ အဘမင်းသိခ်က ယခုကဲ့သို့ ပြောခဲ့သည်။

" ဆေးရုံပေါ် ရောက်ပြီး သတိပြန်လည်လာတော့ . . . ဆေးရုံကို ရောက်နေမှန်း မသိလိုက်ဘူး . . . မေ့ဆေးထိုးပြီး အဖမ်းခံထားလိုက်ရပြီ ထင်နေတာ . . . အဖမ်းခံနေရပြီဆိုတော့ . . . ထွက်ပြေးဖို့ကို စပြီးစဉ်းစားတယ် . . . မိုးရွာတဲ့ အသံကို နား ထောင်ပြီး အပေါက်ရှိမယ့် နေရာကို စဉ်းစားတယ် . . . မိုးရေကျတဲ့အသံကို နားထောင်ပြီး ငါရောက်နေတဲ့ အဆောက်အဦးက ဘယ်လောက်မြင့်မလဲ . . . စဉ်းစားနေတာ . . . "



www.burmeseclassic.com

www.burmeseclassic.com



အသက်ပြန်ရှင်လာပုံနဲ့ ပက်သက်၍လည်း ယခုကဲ့သို့ ပြောခဲ့သည်။

" အိပ်ပျော်သလိုလို . . . မှောနေသလိုလို ဖြစ်နေတဲ့ အချိန်မှာ . . . တိဘက်က လားမားကြီးတွေလိုက်လာတယ် . . . ငါ့ကို လာခေါ်တာလို့ ပြောတယ် . . .။

" လိုက်လို့ ဘယ်ဖြစ်မလဲ . . . ဒီမှာကအလုပ်တွေ ရှိသေးတယ် . . . တွေ့ချင်တဲ့ညီ့သည်တွေကလည်း စောင့်နေတယ် . . . ပြီးတော့ ဒီနေရာက အိမ်မဟုတ်ဘူး . . . ဆေးရုံကြီး စကားကြာကြာပြောလို့မကောင်းဘူး . . . ခင်ဗျားတို့လည်း ပြန်တော့ . . . . "

ဆိုပြီး မောင်းထုတ်လိုက်ရတယ် . . ။သူတို့ပြန်တာနဲ့ သတိ ပြန်လည်လာတယ် . . .။

အဲဒီအချိန်မှာ . . . လိုက်သွားခဲ့မယ်ဆိုရင် တစ်ခါတည်း ပြီး သွားမယ့် သဘောရှိတယ် . . .။

ခုချိန်ဆိုရင် တိဘက်မှာ လူ ပြန်ဖြစ်နေလောက်ပြီ . . .။

တိဘက်မှာက အစားအသောက်မကောင်းဘူး . . .။ မုန်ညှင်းရွက် နဲ့ ဆန်ပြုတ်ပဲ သောက်နေရမှာ . . .။



www.burmeseclassic.com

www.burmeseclassic.com



## “ဆေးရုံကဆင်းပြီ”

အဘာမင်းသိန်သည် သေကံမရောက် အသက်မပျောက် ပဲ ဆေးရုံတွင် တစ်လကျော်ခန့် ဆေးကုသမှုခံယူပြီးနောက် မရမ်း တလင်းအယူတော်မင်္ဂလာခြံကြီးထဲသို့ ပြန်လာခဲ့ပါသည်။

အဘာမင်းသိန်တွင် နှလုံးသွေးကြော သုံးချောင်းရှိသည့် အနက် နှစ်ချောင်း ပိတ်သွားခဲ့သည်။ ကျန်တစ်ချောင်းမှာလည်း အနည်းငယ်သာ ပွင့် တော့သည်။

ကိုယ်လက်လှုပ်ရှားမှုများလျှင် သွေးကြောပေါက်သွားနိုင် သဖြင့် ခြေလှမ်း (၁၅၀ ) ထက်ပိုပြီး လမ်းမလျှောက်ရန်ဆရာ ဝန်များက ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ဆေးရုံမှ ဆင်းလာပြီး နောက် ဘီးခဲ့ ဖြင့်သာ လှုပ်ရှားသွားလာနေရပါတော့သည်။

ဆီးချိုရောဂါ၊သွေးတိုးရောဂါ ကလည်း ရှိနေသည်။နှလုံး သွေးကြောကလည်း ပိတ်နေသဖြင့် ဝက်သား ၊ အဆီအဆိမ့် ၊ အချို မစားရန် ၊ ရေခဲရေမသောက်ရန် ၊ ဆေးလိပ်မသောက် ရန်အတွက်လည်း ဆရာဝန်များက ညွှန်ကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ဆေးရုံကဆင်းပြီ"

အဘမင်းသိမ်သည် သေကံမရောက် အသက်မပျောက် ပဲ ဆေးရုံတွင် တစ်လကျော်ခန့် ဆေးကုသမှုခံယူပြီးနောက် မရမ်း တလင်းအယူတော်မင်္ဂလာခြံကြီးထဲသို့ ပြန်လာခဲ့ပါသည်။

အဘမင်းသိမ်တွင် နှလုံးသွေးကြော သုံးချောင်းရှိသည့် အနက် နှစ်ချောင်း ပိတ်သွားခဲ့သည်။ ကျန်တစ်ချောင်းမှာလည်း အနည်းငယ်သာ ပွင့် တော့သည်။

ကိုယ်လက်လှုပ်ရှားမှုများလျှင် သွေးကြောပေါက်သွားနိုင် သဖြင့် ခြေလှမ်း (၁၅၀ ) ထက်ပိုပြီး လမ်းမလျှောက်ရန်ဆရာ ဝန်များက ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ဆေးရုံမှ ဆင်းလာပြီး နောက် ဝှီးချဲ ဖြင့်သာ လှုပ်ရှားသွားလာနေရပါတော့သည်။

ဆီးချိုရောဂါ၊သွေးတိုးရောဂါ ကလည်း ရှိနေသည်။နှလုံး သွေးကြောကလည်း ပိတ်နေသဖြင့် ဝက်သား ၊ အဆီအဆိမ့် ၊ အချို မစားရန် ၊ ရေခဲရေမသောက်ရန် ၊ ဆေးလိပ်မသောက် ရန်အတွက်လည်း ဆရာဝန်များက ညွှန်ကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဝက်သား အင်မအတန်ကြိုက်သော၊ ရေခဲရေ အင်မတန်ကြိုက်သော၊ ဆေးလိပ်အင်မတန်ကြိုက်သော အဘမင်းသိခ်သည် ဆရာဝန်များ၏ စကားကို လုံးဝ နားထောင်ခဲ့ခြင်း မရှိပါ ။

နောက်ဆုံးအချိန်အထိ ဝက်သားစားသွားခဲ့သည်။ အချိုတွေ စားသွားခဲ့သည်။ စီးကရက်သောက် သွားခဲ့သည်။ ရေခဲရေ သောက်သွားခဲ့သည်။

ထို့ကြောင့် အဘမင်းသိခ် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာသွားသောအခါ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက

" ဆရာကြီးမင်းသိခ် လူ့ဘဝမှာ နေသွားတာ တန်တယ် . . . လူ့ဘဝမှာ နေရတုန်း သခိုက်လေးမှာ . . . သူစားချင်တာတွေ အကုန်စားသွားတယ် . . . သူသောက်ချင်တာတွေ အကုန်သောက်သွားတယ် . . . သူ ပြောချင်တာတွေ အကုန် ပြောသွားခဲ့တယ် . . . တစ်ခုမှ အကြွေး ချန်မထားခဲ့ဘူး . . . "

ဟု ချီးကျူး မှတ်ချက်စကား ပြောခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ဘန်ကောက်သို့ ဆေးသွားကုခြင်း "

အဘမင်းသိခ်တွင် နှလုံးသွေးကြော သုံးချောင်းရှိသည့် အနက် နှစ်ချောင်းမှာ လုံးလုံးပိတ်နေသည်။ကျန်တစ်ချောင်း မှာလည်း တစ်ဝက်ခန့် ပိတ်နေသည်။

၄င်းရောဂါကို ကုသရန်အတွက် ထိုင်းနိုင်ငံ ဘန်ကောက် မြို့သို့ သွားရောက်ပြသခဲ့သည်။

ဆရာဝန်ပါရဂူကြီးများက ခွဲစိတ်ကုသရန်အတွက် ညွှန် ကြားသည်။သို့သော်လည်း အဘမင်းသိခ်က လက်မခံခဲ့ပါ။

" ကျနော်က ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပါတယ် . . . ကံ ကံ ၏ အကျိုးကို ယုံကြည်ပါတယ် . . . ကံ က ပေးတဲ့ ခန္ဓာကိုယ် နဲ့ ကံ ကပေးတဲ့ အသက်အတိုင်းပဲ . . . နေချင်ပါတယ် . . . "

ဟု ဆိုကာ ခွဲစိတ်ကုသခြင်း မပြုတော့ပဲ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ဗေဒင်ယတြာ အလုပ်များ၊ စာပေလုပ်ငန်းများကို ဆက်လုပ်ကိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## " သာသနာစောင့် ဘီလူးကြီး "

အဘမင်းသိခ်သည် ဘန်ကောက်မှ ပြန်လာပြီးနောက် အယူတော်မင်္ဂလာခြံကြီးအတွင်း၌ (၁၇) ပေခန့် အမြင့်ရှိသည့် ဘီလူးရုပ်တုကြီးတစ်ခုကို ကိုယ်တိုင်ကြီးကြပ်ပြီး ထုလုပ်ခဲ့သည်။

အစိမ်းရောင်ရှိသော ဘီလူးရုပ်တုကြီးကို မည်သည့်ရည်ရွယ်ချက်ဖြင့်၊ မည်သည့်အတွက်ကြောင့် ထုလုပ်ရခြင်း ဖြစ်သည်ကိုတော့ မသိရပါ။

၎င်းဘီလူးကြီးကို သာသနာစောင့် ဘီလူးကြီး "မိုက်ကယ်" ဟု နာမည်ပေးထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ကျန်းမာရေး ဆိုးဝါးလာခြင်း "

၂၀၀၈ ခုနှစ်တွင် အဘမင်းသိခ်၏ ကျန်းမာရေး အခြေအနေမှာ တဖြေးဖြေးဆိုးဝါးလာခဲ့သည်။အသက်ရှူမဝသဖြင့် အောက်ဆီဂျင်ပိုက်ကို အမြဲတမ်းလိုလို တပ်ထားခဲ့ရသည်။ဆေးလိပ်ကလည်း သောက်နေဆဲပင်ဖြစ်သည်။ အောက်ဆီဂျင်ပိုက်ကြီးတန်းလန်းဖြင့် ဆေးလိပ်သောက်နေခြင်းဖြစ်သည်။မြင်တွေ့ရခဲသော မြင်ကွင်းမျိုးဖြစ်သည်။

ဆေးရုံကိုလည်း မကြာခဏ တက်နေရသည်။ အဘမင်းသိခ်ကို အနီးကပ်ပြုစုနိုင်မည့် ဆေးပညာကို နားလည်သော၊ အဘမင်းသိခ်၏ကျန်းမာရေးကို နားလည်သော ဆရာဝန်တစ်ဦးကိုလည်း လခပေးကာ ခေါ်ယူထားရသည်။

တစ်ခါတလေတွင် ရုတ်တရက် အသက်ရှူကြပ်သွားလေ့ရှိသဖြင့် အသက်ကယ်ဆေးများကိုပါ အသင့်ဆောင်ထားရလေသည်။

အဘမင်းသိခ်၏ ရောဂါကလည်း ထူးဆန်းသည် အခါရေ ပေါ် အသက်ရှူကြပ်လာသဖြင့် အဘစီးနေကျကားဖြင့် အဘကို



www.burmeseclassic.com

www.burmeseclassic.com

တင်ကာ ရန်ကုန်ရှိ အထူးကုဆေးခန်းများသို့ အပြင်းအထန် မောင်းရသည်။ရန်ကုန်တွင်ရှိနေသော တပည့်များက ဆေးခန်းမှနေ စောင့်ကြိုနေတတ်ကြသည်။

ဆေးခန်း အဝင်ဝသို့ရောက်ရှိပြီး စောင့်ကြိုနေသော တပည့်များနှင့် တွေ့လိုက်ရသည့်အခါ ချက်ချင်းကောင်းသွားတတ်သည်။ဆေးရုံတွင် အေးအေးဆေးဆေး အနားယူပြီးမှ ပြန်ဆင်းလာလေ့ရှိသည်။

တခါတလေ မော်ဘီမြို့မှနေ ထွက်လိုက်သည်နှင့် ကျန်းမာရေးက ကောင်းသွားတတ်သည်။ သို့သော်လည်း တပည့်များက ဆေးခန်းတွင် စောင့်ကြိုနေသဖြင့် နောက်ကြောင်းပြန်မလှည့်တော့ပဲ ဆေးခန်းထိ ရောက်အောင် သွားရသည်များလည်း ရှိသည်။

အဘမင်းသိခ်၏ ကျန်းမာရေးသည် အခုကောင်းလိုက် တော်ကြာမကောင်းလိုက် စသည်ဖြင့် အင်မတန် ခန့်မှန်းရ ခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘာမင်းသိခ် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာခါနီး အချိန်တွင် ရေးသော အလွန်အင်မတန် လွမ်းမော ကြေကွဲဖွယ်ရာ ကောင်းလှသော " ဆရာအို၏ တပည့်များသို့ ပန်ကြားလွှာ " ကိုလည်းဖော်ပြပေးလိုက်ပါသည်။

## ဆရာအို၏ တပည့်များသို့ ပန်ကြားလွှာ

" ငါ အိုသွားပြီ "

ငါအို သွားသောအခါ . . . ငါဟာအရင်က ငါ မဟုတ်တော့ဘူး . . .။ ငါ့ကို နားလည်ပေးကြပါ . . .။ စိတ်ရှည်ရှည်ထားပြီး ဆက်ဆံ ပေးကြပါ . . .။

ချည့်နဲ့နဲ့လက်တွေနဲ့ ထမင်းဟင်းတွေ အကျီပေါ် လောင်းမိတဲ့အခါ ငါ့ကို မရှုံ့ပါနဲ့ . . .။ ဖိနပ်စီးတဲ့ ချွတ်တဲ့အခါ အခက်အခဲဖြစ်နေရင် ငါ့ကို ကူညီပေးကြပါ . . .။ ငယ်ငယ်တုန်းက ငါသင်ပေးခဲ့တာတွေကို ကျေးဇူးပြုပြီး သတိရပေးကြပါ . . .။



www.burmeseclassic.com

www.burmeseclassic.com



အပ်ကြောင်းထပ်မက ပြောဖူးတဲ့ စကားတွေကို . . . ငါ ပြန်ပြောမိတဲ့အခါ . . . စကားမဖြတ်ပဲ ကျေးဇူးပြုပြီး နားထောင်ပေးကြပါ . . .။ငယ်ငယ်တုန်းက အိပ်ယာဝင်တိုင်း တစ်ထောင့်တစ်ညပုံပြင်တွေကို မရိုးနိုင်အောင် ပြောရင်း ငါချော့သိပ်ခဲ့ဖူးတာတွေကို သတိရပေးကြပါ . . .။

မလှုပ်ရှားနိုင်လို့ အပေါ့သွားဖို့ အကူအညီ လိုတဲ့ အခါ ငါ့ကို မငြိုငြင် ပါနဲ့ . . .။ငယ်ငယ်တုန်းက ချော့တစ်ခါ ခြောက်တလှည့် ဆုံးမခဲ့တဲ့ ပုံရိပ်လေးကို မြင်ယောင်ပေးကြပါ . . .။

ခေတ်မီပစ္စည်းတွေကို ငါ မသုံးတတ်ခဲ့ရင် ငါ့ကို မလှောင်ပါနဲ့ . . .။ငယ်ငယ်တုန်းက ဘာကြောင့် . . . ဆိုတဲ့ မေးခွန်းတိုင်းကို စိတ်ရှည်စွာ ငါပြန်ဖြေခဲ့တာကို သတိရပေးကြပါ . . .။

စိတ်သွားတိုင်း ကိုယ်မပါ နွမ်းလျှပြီး လမ်းမလျှောက်နိုင်တဲ့အခါ ခွန်အားပါတဲ့ လက်တစ်စုံနဲ့ ငါ့ကို ကူတွဲပေးကြပါ . . .။ လမ်းလျှောက်သင်စ ကလေးတွေကို ငါက တစ်လှမ်းချင်း တစ်လှမ်းချင်း လမ်းလျှောက်လေ့ကျင့်ပေးခဲ့ဖူးတာတွေ မင်းတို့ ပီတိဖြစ်ခဲ့တယ် မဟုတ်လား . . .။အခုငါ့ကို ပြန်လုပ်ပေးကြပါဦး . . .။

အသက်ကြီးလာလို့ . . . စကားပြောရာမှာ ရှေ့နောက်မညီပဲ အကြောင်းအရာတွေကို ငါမေ့သွားတဲ့အခါ . . . အချိန်ပေးပြီး စဉ်းစားခွင့်ပေးကြပါ . . .။ စကားအကြောင်းအရာတွေက

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် အရေးကြီးပါဘူး . . . ။ဘေးကနေ ငါပြောသမျှကို နား ထောင်ပေးရင် ကျေနပ်ပါပြီ . . . ။

တစ်နေ့ထက်တစ်နေ့ အိုစာသွားတဲ့ ငါ့ကို ကြည့်ပြီး ဝမ်း မနည်းပါနဲ့ . . . ။နားလည်ပေးကြပါ . . . ။အားပေးကြပါ . . . ။ အရင်တုန်းက လူ့ဘဝ တက်လမ်းအတွက် ငါလမ်းညွှန်ခဲ့သလို . . .

အခုအချိန်မှာ ငါ့ဘဝ နောက်ဆုံးအချိန်အတွက် အဖော်ပြုပေးပါ . . . ။မေတ္တာနဲ့ အေးမြမှုတွေကို ငါ ပြုံးပြုံးလေး လက်ခံမှာပါ . . . ။အဲဒီအပြုံးတွေထဲမှာ မအိုသေးတဲ့ ငါ့မေတ္တာတွေ . . . တွေ့ရမှာပါ တပည့်အပေါင်းတို့ . . . ။

အသက်ကြီးလာတဲ့ ငါဟာ ဘာစားစားခံတွင်းမတွေ့ပါ ဘူး . . . ။သွားတွေ မရှိလို့ ဝါးလည်း မဝါးနိုင်ပါဘူး . . . ။အဲဒါ ကြောင့် ဒီဟာမစားနိုင်လို့ ဟိုဟာ စားမယ်လို့ ပြောတဲ့အခါ . . . စေတနာမပျက်ကြပါနဲ့ . . . ။ဒီအဖိုးကြီး ဂျီးများတယ်ကွာ . . မကျွေးတော့ဘူးဆိုပြီး . . . အငတ်မထားကြပါနဲ့ . . . ။မင်း တို့ကျွေးမှ စားရမယ့် အဖိုးအိုကြီးဘဝ ရောက်နေပါပြီ . . . ။

ဒါမကြိုက်ဘူး . . . ဟိုဟာအကြိုက်ဘူးလို့ . . . ပြောမိ တဲ့အခါတိုင်း . . ဂျီးများတယ်လို့ . . မထင်ကြပါနဲ့ . . . ။ ငါ့ စိတ်နဲ့ ငါ့ကိုယ် ဟာမိုနီ မဖြစ်တာပါ . . ။ ဘယ်သူ့ကိုမှ ဂျီတိုက်တာ မဟုတ်ပါဘူး . . ။အဲဒီလို နားလည်ပြီး ခွင့်လွှတ်ပေးကြပါ . . . ။

www.burmeseclassic.com



အရင်က မင်းတို့မလာရင် ငါလိုက်လာနိုင်တယ် . . .။ အခု ငါ မလိုက်နိုင်တော့ဘူး . . .။မင်းတို့လာမှ တွေ့ရမှာ . . .။ လာကြပါတပည့်တို့ . . .။

မျက်ရည်စတွေ နဲ့ ဖိတ်ခေါ်ပါတယ် . . .။ အခုအချိန်မှာ ငါလိုတာ ငွေလည်း မဟုတ်ဘူး . . .။အောင်မြင်မှုလည်း မဟုတ်ဘူး . . .။ကုန်ကုန်ပြောမယ်ကွာ . . . တရားဓမ္မလည်း မဟုတ်ဘူး . . .။လူတွေဆီက မေတ္တာတရားနဲ့ ကြင်နာမှုပဲလို ချင်တယ် . . .။

အဲဒီတော့ . . . ဆရာအိုကြီးကို အကြင်နာလေး ပေး သနားကြပါ . . .။

မင်းတို့ကို ဆူခဲ့ ဆဲခဲ့ ရိုက်ခဲ့တာတွေဟာ စေတနာတွေ လို့ နားလည်ပေးကြပါ . . .။နှိပ်စက်တယ်ထင်ပြီး အငြိုးမဖွဲ့ကြ ပါနဲ့ . . .။ မင်းတို့ကျွေးတဲ့ တစ်လုတ် တစ်ဆုပ် လေးဟာ ငါ့ အသက်ရှင်ရေးအတွက် အားဆေးတွေပါပဲ . . .။

ငါအိုသွားပြီ . . .။ဒါပေမယ့် ငါအားမငယ်ဘူး . . .။ မင်းတို့ ရှိတာကိုး . . .။

တပည့်အပေါင်း ငါ့ဆီလာကြဖို့ ရှိုးရှိုးလက်နဲ့ ခေါ်မရရင် ရွှေလက် နဲ့ ခေါ်ပါ့မယ် တပည့်တို့ . . .။

မင်းသိင်္ခ

www.burmeseclassic.com

www.burmeseclassic.com



## " အဘာမင်းသိန်း၏ နောက်ဆုံးအချိန်များ "

အဘာမင်းသိန် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခါနီး (၂) ပတ်ခန့်အလိုတွင်ဖြစ်သည်။

တယောကိုတင်ရီ တီးခတ်သီဆိုထားသော " သားချော့တေး " သီချင်းကိုသာ မပြတ်ဖွင့်ခိုင်းသည်။ သူလည်း အသေအချာ နားထောင်သည်။ အထပ်ထပ်အခါခါ ဖွင့်ခိုင်းသည်။သီချင်းစာသား များ၏ အဓိပါယ်များကိုလည်း အသေးစိတ်ရှင်းပြသည်။တစ်ခါတရံ သူကိုယ်တိုင် လိုက်ဆိုသည်။

တစ်နေ့တည်းမဟုတ်။တစ်ရက်တည်းမဟုတ်။နေ့စဉ်ရက် ဆက်ဆိုသလိုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာချိန်တွင် သူ့အင်မတန်ချစ်သော သံယောဇဉ်ကြီးသော တပည့်ပရိသတ်များကို ချော့နေသကဲ့သို့ ရှိနေပါသည်။ သားချော့တေး သီချင်းကို နားထောင်နေရင်း ၊ ရှင်းပြနေရင်း ၊လိုက် ဆိုနေရင်း အဘ၏ မျက်လုံးအိမ်များတွင်လည်း မျက်ရည်များ ဝဲ နေလေ့ရှိပါသည်။

ကျွန်ုပ်တို့ကတော့ သဘောပေါက်ခဲ့ခြင်း ၊ ရိပ်မိခဲ့ခြင်း မရှိခဲ့ပါချေ . . .။

( အဘမင်းသိန်း ဤမြေကမ္ဘာမှ ပြန် လည်ထွက်ခွာသွားပြီးနောက်ပိုင်းတွင် သားသမီးကဲ့သို့ အတူနေထိုင်ခဲ့ကြသည့် သန္ဓေတပည့်များသည် ထိုသီချင်းကို ကြားရတိုင်း မျက်ရည်များဝဲလာသည်အထိ အဘမင်းသိန်းကို သတိရလွမ်းဆွတ်မိကြပါသည်)



www.burmeseclassic.com

215 A
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



## " နိမိတ်ပြမြီ "

အဘမင်းသိခ်သည် မဟာဂန္ဓာရီအဓိဌာန်ခရီး ထွက်စဉ် အခါက ထမင်းစားလေ့ရှိသော ငွေ အစစ်ဖြင့်ပြုလုပ်ထားသည့် ငွေလင်ဗန်း တစ်ချပ်ကိုလည်း တပါတည်းယူဆောင်လာခဲ့ပါသည်။

ငွေလင်ဗန်း၏ အလယ်တည့်တည့်တွင် " မင်းသိခ် " ဟု စာလုံးထွင်းကာ ခပ်ကြီးကြီးရေးထားပါသည်။

" မင်းသိခ် " စာလုံး၏ ပတ်ပတ်လည်တွင်တော့

" ၁၉၃၉ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ဤမြေကမ္ဘာ သို့ ခေတ္တ အလည်အပတ် ရောက်ရှိလာခဲ့သည် "

ဟုရေးထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာဂန္ဓာရီခရီးထွက်လာစဉ်အခါက ထိုငွေလင်ဗန်းလေးကို ကိုင်ရင်း

" ဒီခရီးက အောင်မြင်မလား . . . မအောင်မြင်မလား မသိဘူး . . . မအောင်မြင်ဘူးဆိုရင်တော့ . . . ဒီလင်ဗန်းလေးကို ကိုင်ပြီး . . . တောင်းစားရမှာပဲ . . . တကယ်လို့ ငတ်ပြတ်ပြီး လမ်းမှာ သေနေရင်တောင် . . . တွေ့တဲ့သူတွေက . . . လင်ဗန်းမှာ ရေးထားတဲ့ စာတွေကို ဖတ်ကြည့်လိုက်တာနဲ့ . . . မင်းသိခ် ဆိုတာ သိသွားမယ် . . . အဲဒီအခါကျရင် . . . ဒီလင်ဗန်းလေးကို ရောင်းပြီး . . . သပိတ်သွပ်ပေးလို့ ရတာပေါ့ . . . "

ဟု ပြောဆိုခဲ့သည်။အဘာမင်းသိခ်၏ဘဝတွင်သော်၎င်း၊ အဘာမင်း သိခ်၏ မဟာဂန္ဓာရီစခန်း လမ်းခရီးတွင်သော်၎င်း သမိုင်းဝင်သော၊ အဘာ မင်းသိခ်၏ ကိုယ်စားကိုယ်ပွား ဖြစ်သော လင်ဗန်းလေးပင် ဖြစ်သည်။

၎င်းလင်ဗန်းလေးသည် အဘာမင်းသိခ် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာခါနီး (၁၀)ရက်ခန့် အလိုတွင် ပျောက်ဆုံးသွားခဲ့သည်။

ထိုလင်ဗန်း ပျောက်သွားသည် ဆိုသည်နှင့် ကျွန်ုပ်တို့လည်း အဘာကို အသိမပေးသေးပဲ တရားခံကို ကျိတ်ပြီး ရှာဖွေ

www.burmeseclassic.com



ရလေသည်။ မရတဲ့အဆုံး ရဲစခန်းအမှုဖွင့်ပြီး လူကြီးများ အသိပေးကာ ရှာဖွေကြရလေတော့သည်။

အဘ၏ ကျန်းမာရေးသည် အတော်ပင် ဆိုးဝါး နေချိန် ဖြစ်ဖြစ်သည်။ လင်ဗန်းပျောက် သွားသည့်ကိစ္စကို အဘသာ သိသွားခဲ့ပါလျှင် စိတ်ထိခိုက်ပြီး တစ်ခါတည်း အသက်ရှူ ရပ်သွား နိုင်သည်။

ကျွန်ုပ်တို့လည်း နည်းလမ်းမျိုးစုံသုံးပြီး ရှာဖွေခဲ့ရာ လေး ငါးရက်အကြာတွင် လင်ဗန်းခိုးသူ တရားခံကို မိအောင်ဖမ်းနိုင်ခဲ့ လေသည်။

သို့သော်လည်း လင်ဗန်းကို ဝယ်ယူထားသူက လိုးဖြတ် ဖျက်ဆီးကာ အရည်ကြိုပစ်လိုက်ပြီဖြစ်သည်။လုပ်ရက်လိုက် ကြလေခြင်း . . .။ လင်ဗန်းတွင်ရေးထားသည့် စာကို မဖတ်တတ်လေသလား . . .။ မဖတ်မိတာလား . . .။ ရေး ထားသည့်စာများကို ဖတ်ရှုပြီး အနည်းငယ်တော့ စဉ်းစား သင့်သည် မဟုတ်ပါလော . . .။

နောက်ပိုင်းတွင် တရားခံမိသောအခါ လင်ဗန်းကို ဝယ် ယူပြီး အရည်ကြိုပစ်လိုက်ကြသူများက အဘမင်းသိခ်ကို အသေ အချာဝန်ချတောင်းပန်ပြီး လင်ဗန်းအသစ်ပြန်လုပ်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ယခင်လင်ဗန်းနှင့် ပုံစံတွေ ဒီဇိုင်းတွေ အနေအထား တွေ အဓိပါယ်တွေ ၊ သမိုင်းတန်ဖိုးတွေ များစွာ ကွာခြား သွားခဲ့ပြီ မဟုတ်ပါလော . . .။

ပို့ပြီး ဝမ်းနည်းစရာကောင်းလှသည်မှာ ထိုလင်ဗန်းကို ခိုးယူ ရောင်းစားပစ်လိုက်သူသည် သားသမီးကဲ့သို့ ခေါ်ယူ ပြုစုစောင့်ရှောက်ထားပြီး ပညာသင်ကြားပေးထားသည့် ခြံတွင်း နေ သန္ဓေတပည့်တစ်ဦး ဖြစ်နေခြင်းပင်ဖြစ်သည်။ခြံသို့ ရောက်လာသည်မှာ မကြာသေးသောသူ ဖြစ်သည်။

တရားခံကို မိသောအခါ အဘမင်းသိခ်၏ ရှေ့သို့ ခေါ်ဆောင်လာခဲ့သည်။ ခြံထဲတွင် နေထိုင်ကြသူများ ၊ ခြိပတ်ဝန်းကျင် ရှိ လူများပါ အဘအနီးသို့ ရောက်နေကြသည်။

ကျွန်ုပ်သည် မျက်ရည်များ စီးကျနေရင်း ၊ အသားတွေ တဆတ်ဆတ်တုန်နေရင်း လင်ဗန်းခိုးသူ၏ မျက်နှာကို ဝေါင်တောင် တောင်ကြီးဖြင့် စိုက်ကြည့်နေမိသည်။

ကျွန်ုပ်တွင် ပြောစရာ စကားလုံး ရှာမရခဲ့ပါ။ကျွန်ုပ်ဘာ ပြောရမည်နည်း။ ကျွန်ုပ်ဘာလုပ်ရမည်နည်း။

အဘရှေ့မှာတင် သတ်ပစ်ရမည်လော။ထိုကဲ့သို့ သတ်ပစ် လိုက်ယုံနှင့် အဘ၏ကိုယ်စားကိုယ်ပွားဖြစ်သော လင်ဗန်းပျောက် သည့်ကိစ္စ ကို ဖြေဆို နိုင်ပါမည်လော. . . ။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဘဝတင်မကပဲ (၁၀ ) ဘဝ တိုင်တိုင် ငှင်းတရားခံကို သတ်ဖြတ်ပစ်လိုက်ယုံနှင့် လင်ဗန်းပျက်စီးသွားသည့် ကိစ္စကို ဖြေဆို နိုင်ပါမည်လော . . . ။

အဘပြောလေ့ရှိသော ကံ ကံ၏အကျိုးဖြင့်သာ ဖြေသိမ့်ခဲ့ရသည်။ခိုးယူသူ လူငယ်မှာလည်း ယခုလောက်တန်ဖိုးရှိမှန်းမသိ၊ သမိုင်း တန်ဖိုးကြီးမားမှန်း မသိ၍သာ ကျူးလွန်ခဲ့ဟန်ရှိသည်။

မည်သို့ပင်ဖြစ်စေကာမူ အဘမင်းသိခ် နှင့် တပည့်ပရိတ်သတ်အတွက် တန်ဖိုး မဖြတ်နိုင်သော အရာတစ်ခု ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

ကျွန်ုပ်သည် မျက်ရည်များ စီးကျနေရင်း ၊ အသားတွေ တဆတ်ဆတ်တုန်နေရင်းဖြင့်သာ လင်ဗန်းခိုးသူကို စိုက်ကြည့်နေမိသည်။ပြောစရာ စကားလုံး ရှာမတွေ့သဖြင့် တစ်လုံးမှ မပြောဖြစ်ခဲ့ပါ . . . .။ သတ်ပစ်ချင်လောက်အောင် ခံစားနေရသော်လည်း လက်ဖျားနှင့်ပင် မထိခဲ့ပါ . . . ။

အဘမင်းသိခ်နှင့်တကွ ဘေးနားတွင်ရှိနေသော သူများပါ မျက်ရည်တွေ ကျခဲ့ရသည်။အဘမင်းသိခ်သည် မျက်ရည်များ ကျနေရင်း ငှင်းလူငယ်၏ မျက်နှာကို တည့်တည့်ကြည့်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



" ဒီအချိန်မှာ . . . ရွှေအစစ်နဲ့လုပ်ပြီး ပတ္တမြားတွေ စီထားတဲ့ လင်ဗန်းပြန်ပေးရင်တောင် . . . ငါ့အတွက် အစားထိုးလို့မရတော့ဘူး . . . ငါ့အတွက် အချိန်တွေ ပြန်မရနိုင်တော့ဘူးလေကွာ . ဒါ ငါ့ . . အတွက် အချိန်မရှိတော့တဲ့ နိမိတ်ပဲ . . . "

ဟု ပြောနေရင်းမှာပင် အသက် (၇၀)ခန့် အဖိုးကြီးအရွယ်ဖြစ်နေသော အဘမင်းသိမ်၏အသံသည် တိမ်ဝင်သွားပါလေ တော့သည်။အဘ၏ မျက်လုံးအိမ်တွင်လည်း မျက်ရည်များဝဲလျှက် . . .။

အဘမင်းသိမ်နှင့် တပည့်ပရိတ်သတ်များ၏ မျက်လုံးအိမ်များတွင် မျက်ရည်များဝေခဲ့ရသည့် ၊ အဘမင်းသိမ်၏ ဘဝစာမျက်နှာများတွင် မေ့ပျောက်၍ မရနိုင်သည့် ဝမ်းနည်းကြေကွဲဝမ်းနည်း လွမ်းဆွတ်စရာ နေ့တစ်နေ့ ဖြစ်ခဲ့ရပါသည်။

အထက်ပါ အဖြစ်အပျက်များများ မှတ်မှတ်ရရ ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ ညနေ (၅) နာရီ . . . .။

အဘမင်းသိမ် ဤမြေကမ္ဘာမှ ပြန်လည် မထွက်ခွာခင် (၁၀) ရက်အလို . . . .။



www.burmeseclassic.com

www.burmeseclassic.com



## " ဗေဒင်ပညာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့ "

၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်မှ ဗေဒင်ပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ Ph.D (Traditional Astralogy) ကို အဘမင်းသိခ်အား ချီးမြှင့် ခဲ့သည်။

" မြန်မာမင်း ၁၂၂ ပါးတို့၏ ကံကြမ္မာကျမ်း " ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းပါရဂူဘွဲ့ကို အဘမင်းသိခ်ကိုယ်တိုင် လက်ခံရယူသွားခဲ့ရခြင်းမရှိပါ ။ပါရဂူဘွဲ့ လက်ခံရယူခါနီး လပိုင်းအလိုတွင် ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

အဘမင်းသိခ်၏ ဒေါက်တာဘွဲ့ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် တပည့်ရင်းတစ်ဦးဖြစ်သော ဆရာ ဇင်ယော်နီ မှ အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး လက်ခံရယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## " ဉာဏ်အက်ခြေထောက် သွေးကြောပိတ်ခြင်း "

အဘမင်းသိင်္ခ ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာခါနီး ရက် ပိုင်းအလိုတွင် အဘမင်းသိင်္ခ၏ ဉာဏ်အက်ခြေထောက်သည် သွေး ကြောပိတ်သကဲ့သို့ ဖြစ်သွားခဲ့သည်။

သွေးကြောများ ပြန်လည်ပြီး ပွင့်မလာပါက ခြေထောက် ကို ဖြတ်ပစ်ရနိုင်သည်။

ခြေထောက်ဖြတ်ပစ်ပြန်လျှင်လည်း ဆီးချိုရောဂါက ရှိ နေသဖြင့် အသက်အန္တရာယ်ကို စိုးရိမ်ရသည်။

မဖြတ်ပဲ ဒီအတိုင်းထားပြန်လျှင်လည်း အသက်အန္တရာယ် ကို စိုးရိမ်ရပြန်သည်။

တစ်ခုတော့ ရှိသည်။

အဘမင်းသိင်္ခ လျှောက်လှမ်းနေသော ၊ လျှောက်လှမ်းခဲ့ သော လမ်းခရီးသည် မဟာဂန္ဓာရီ ဝိဇ္ဇာလမ်း ဖြစ်သည်။ ထိုလမ်း တွင် လျှောက်လှမ်းနေသူများအဖို့ သေသွားခဲ့လျှင်တောင် ခန္ဓာ ကိုယ်ကို လှီးဖြတ်ခွဲစိတ်ခွင့် မရှိပါ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ရှေးတွင် သာမကေပေါင်း မြောက်များစွာ ရှိခဲ့သည်။မကွယ်လွန်ခင်အချိန်များတွင် ဆရာဖြစ်သူတို့က တပည့်ဖြစ်သူများကို အသေအချာမှာထားခဲ့လေ့ရှိသည်။ ၄င်းတို့ကွယ်လွန်သွားပါက ၄င်းတို့၏ ကိုယ်ခန္ဓာများကို ခွဲစိတ်ခြင်း မပြုရန် ၊ လှီးဖြတ်ခြင်း မပြုရန် ၊ မီးသဂြိုဟ်ခြင်း မပြုရန် မှာထားလေ့ရှိခဲ့ကြသည်။

တပည့်ဖြစ်သူများက ဆရာသမား၏ စကားကို နားမထောင်ပဲ ခွဲစိတ်ခြင်း၊ မီးသဂြိုဟ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။တပည့်ဖြစ်သူများ ဆရာ့စကားကို နားမထောင် မလိုက်နာခဲ့ကြသဖြင့် ဆရာသမား၏ တစ်ဘဝလုံးစာ ကျင့်ကြံအားထုတ်ခဲ့ရသော လမ်းစဉ်များ ပျက်စီးခဲ့ရသည်။

ထို့ကြောင့် အဘမင်းသိခ်၏ ညာဘက်ခြေထောက် အခြေအနေသည် သာမန်လူများအဖို့ မပြောပလောက်သော်လည်း အဘကဲ့သို့ မဟာဂန္ဓာရီဝိဇ္ဇာလမ်းခရီးကို လျှောက်လှမ်းနေသူအဖို့တော့ ကြီးစွာသော စိန်ခေါ်မှုတစ်ခု ဖြစ်ခဲ့သည်။

ခြေထောက်အဖြတ်ခံပြီး တစ်ဘဝလုံးစာ ကျင့်ကြံအားထုတ်ခဲ့သော ခရီးလမ်းကို အပျက်စီးခံမည်လော . . . ။သို့တည်းမဟုတ် . . . . ။

www.burmeseclassic.com



ထို့ကဲ့သို့ အဘာမင်းသိမ်း၏ ဘဝတွင် ကြီးမားသော စိန်ခေါ်မှုကြီးတစ်ခုနှင့် ရင်ဆိုင်နေရချိန် ....။

၂၀၀၈ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့ ...။ နေကြတ်သောနေ့ ...။ နံနက် (၆ း ၂၀)နာရီ အချိန်တွင် ...။

အဘာ အင်မတန်ချစ်လှစွာသော ၊ အဘာ အင်မတန် သံယောဇဉ်ကြီးလှစွာသော မိသားစုဆွေမျိုးများ၊ မိတ်ဆွေများ၊ တပည့်များ၊ ပရိတ်သတ်များကို ချန်ထားခဲ့ပြီးနောက် ဤမြေကမ္ဘာမှနေ ပြန်လည်ထွက်ခွာသွားခဲ့ပါလေတော့သည်။ ....။



www.burmeseclassic.com

www.burmeseclassic.com



## " ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာခြင်း "

အဘာမင်းသိခ် ဤမြေကမ္ဘာမှ ပြန်ထွက်ခွာသွားသည့် အချိန်၌ ကျွန်ုပ်သည် မရမ်းတလင်း အယူတော်မင်္ဂလာခြံကြီးထဲ၌ပင်ရှိနေခဲ့ပါသည်။သတင်းကြားရသည်နှင့် တပြိုင်နက် တစ်ခြံလုံး ငိုကြွေးခဲ့ရပါသည်။ ခြံတွင်းနေ သန္တေများသာမကပဲ အဘာမင်းသိခ်ကို မှီခိုရပ်တည်နေကြသည့် ခြံပတ်ဝန်းကျင်ရှိ လူများပါ စိတ်မကောင်းခြင်းများစွာဖြင့် ဝမ်းနည်းပူဆွေး ငိုကြွေးကြပါသည်။

www.burmeseclassic.com



ကျွန်ုပ်သည် ဝမ်းနည်းပူဆွေးစွာဖြင့် မျက်ရည်များကျနေရင်းမှနေ မြေဖြူတစ်ချောင်းကို ယူလိုက်ပြီးနောက် ခြံအဝင်ဝတွင် ထားလေ့ရှိသော ကြော်ငြာသင်ပုန်းတွင် အဘမင်းသိမ် ကွယ်လွန်သည့် သတင်းကို ရေးလိုက်လေသည်။

ဦးစွာပထမ "ကွယ်လွန်သည်" ဟုရေးသည်။ကျွန်ုပ် အင်မတန်ချစ်သော ၊ ကျွန်ုပ်အင်မတန်ကြည်ညိုလေးစားသော ၊ ကျွန်ုပ်အင်မတန် တန်ဖိုးထားသော ၊ ကျွန်ုပ်၏ မိဘများထက်ပိုချစ်ရသော ၊ အဘ ကို သာမန်လူများကဲ့သို့ "ကွယ်လွန်သည်" ဟု မရေးချင်ခဲ့ပါ ။ မရေးရက်ခဲ့ပါ။ ပြန်ဖျက်လိုက်ပါသည်။

ထို့ကြောင့် "ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်" ဟု ပြောင်းရေးလိုက်ပြန်သည်။ ကျွန်ုပ်၏ အဘကို သာမန်လူများကဲ့သို့ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည် ဟုလည်း မရေးချင်ပါ။မရေးရက်ခဲ့ပါ။ပြန်ဖျက်လိုက်ပြန်သည်။

ငွေလင်ပန်းတွင် အဘ ရေးထားသော စာသားလေးကို ပြေးမြင်မိလိုက်ပါသည်။ ဤမြေကမ္ဘာသို့ ခေတ္တအလည်အပါတ် ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်တော့ ကျွန်ုပ်သည် မျက်ရည်များစီးကျနေရင်း . . .။ တုန်ရီနေသော လက်များဖြင့် . . .

" အဘမင်းသိခ်သည် (၁. ၈. ၂၀၀၈) ရက်နေ့ . . . နံနက် (၆း၂၀)နာရီတွင် . . . . ဤမြေကမ္ဘာမှ ပြန်လည်ထွက်ခွာသွားပါသည် "

ဟု ရေးလိုက်ပါလေတော့သတည်း။ . . . . ။

**အဘမင်းသိခ်ဆိုတာ**

**ဘယ်တော့မှ မမွေးခဲ့**

**ဘယ်တော့မှ မသေတဲ့**

**ဤမြေကမ္ဘာသို့ ခေတ္တအလည်အပတ်ရောက်ရှိခဲ့တဲ့ သူတစ်ဦး။**



www.burmeseclassic.com

www.burmeseclassic.com



## နံပါတ် (၂၅)

အဘာမင်းသိခ်သည် သူ၏ရုပ်ခန္ဓာကြီးကို ခွဲစိတ်ဖြတ်တောက်ခြင်း ၊ မီးသဂြိုဟ်ခြင်းမပြုပဲ မရမ်းတာလင်း အယူတော်မင်္ဂလာခြုံကြီးထဲတွင် ဂူသွင်းထားရန်. . .။

သူ၏ဂူတွင် အပေါက်လေးဖောက်ပေးထားပြီး ၎င်းအပေါက်လေးတွင် မီးခိုးခေါင်းတိုင်လေးကဲ့သို့ ပိုက်ကလေး တပ်ပေးထားရန် ၊ ၎င်းပိုက်လေးထဲသို့ မိုးရေမဝင်ရန် သူသောက်နေကျ ကော်ဖီခွက်အဖုံးလေးဖြင့် ဖုံးပေးထားရန် ၊ ဂူပေါ်သို့ ကလေးများတက်မဆော့နိုင်ရန် ၊ လူများတက်ပြီး မထိုင်နိုင်ရန်အတွက် ပြုလုပ်ထားပေးရန်း . . . . . .

စသည့်ဖြင့် အသေအချာ ကျကျနန မှာကြားထားခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ရေဝေးသုသာန်ရှိ ဂူအမှတ် (၂၅)တွင်သာ လဲလျောင်း အနားယူခွင့်ရရှိခဲ့ပါသည်။

အဘာမင်းသိခ် မှာကြားချက် ကက်ဆက်ခွေကို နီးစပ်ရာ တပည့်များထံတွင် တောင်းယူနားဆင်နိုင်ကြပါသည်။

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေကာမူ ၄နှစ် (၂၅)ရက် နေ့တွင် ဤမြေကမ္ဘာသို့ ခေတ္တ အလည်အပတ်ရောက်ရှိလာခဲ့သော အဘမင်းသိမ်၏ ရုပ်ခန္ဓာကြီးသည် ဂူအမှတ် (၂၅ )တွင် လဲလျောင်းအနားယူနေရင်း . . . .။

(၂၅)ဂဏန်းဖြင့် ဝင်ရောက်လာပြီး (၂၅) ဂဏန်းဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သလို . . .။

BURMESE CLASSIC

အဘမင်းသိမ်၏ စိတ်ဝိညာဉ်များကတော့ အဘအင်မတန်ချစ်လှစွာသော၊ သံယောဇဉ်ကြီးလှစွာသော မိသားစု ဆွေမျိုး မိတ်ဆွေများ၊ တပည့်ပရိတ်သတ်များကို ခွဲခွာပြီး ဤမြေကမ္ဘာမှနေ ပြန်လည်ထွက်ခွာသွားခဲ့ပါလေတော့သတည်း။ . . . .။

မင်းသိမ်းခိုင်(ရွှေရမ်းထူးလင်း)
၁၅ - ၃ - ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့ ရုပ်ခန္ဓာကြီး မရှိတော့ပေမယ့် .....

ကျွန်တော်ရေးခဲ့တဲ့ ...

စာအုပ်တွေ ..ဟောစာတမ်း တွေနားမှာ ...

ကျွန်တော့်ရဲ့ ဝိညာဉ်ဟာ တရစ်ဝဲဝဲ ရှိနေဦး မှာပါ။

မိတ်ဆွေတို့ရဲ့ အနားကို ....

ဝိညာဉ်အဖြစ်နဲ့ မကြာခဏ ...

အလည်အပတ် ရောက်ရှိနေမယ့် ....။

မင်းသိင်္ခ

www.burmeseclassic.com